# အိုးဝေ စာစောင်

ဗကသများအဖွဲ့ချုပ်နှင့် ရတကသတို့မှ ထုတ်ဝေသည်။

ဇွန် ၉၊ ၂၀၂၂ | အတွဲ ၂၊ အမှတ် ၄ | oway@uysu.org



## ပြည်သူ့စာဆို ဗန်းမော်တင်အောင်
## ၁၀၂ နှစ်ပြည့် အထိမ်းအမှတ်

> “
> လူတစ်ယောက်ရဲ့တန်ဖိုးဟာ သူဖြတ်သန်းကျော်လွှားနေရတဲ့ခေတ်ကြီးက သူ့ပခုံးပေါ်တင်ပေးလိုက်တဲ့ သမိုင်းတာဝန် ကို သူဘယ်လောက် သယ်ပိုးထမ်းဆောင်ခဲ့တယ်ဆိုတဲ့အချက်နဲ့ တိုင်းတာရမှာပဲ။
>
> ဗန်းမော်တင်အောင်



၂၀၂၂ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့ဟာ ပြည်သူ့စာဆိုကြီး ဗန်းမော်တင်အောင် ၁၀၂ နှစ်ပြည့်တဲ့နေ့ ဖြစ်ပါတယ်။

ကျွန်တော်တို့မျိုးဆက်ဟာ ဆရာဗန်းမော်တင်အောင်ကို သက်ရှိထင်ရှားမမြင်တွေ့လိုက်ရပေမယ့် ကျနော်တို့အပေါ်မှာ ဆရာ့ရဲ့ စာပေကျေးဇူး အင်မတန်ကြီးမားလှပါတယ်။ နိုင်ငံရေးစာပေလေ့လာလိုက်စားတဲ့ တက္ကသိုလ်ကျောင်းသားပေါက်စဘဝမှာ ဆရာ့ရဲ့ စာပေတွေဖတ်ပြီး နိုင်ငံရေးအသိအမြင် ကြွယ်ဝလာခဲ့ရတာပါ။

ဆရာဗန်းမော်တင်အောင်ဟာ နိုင်ငံရေးစာပေ၊ ရသစာပေတွေရေးသားရာမှာ ထူးချွန်ပြောင်မြောက်သူဖြစ်သလို အဖိနှိပ်ခံပြည်သူလူထုဘက်က အမြဲရပ်တည်ခဲ့တဲ့ သတင်းစာဆရာကြီးလည်း ဖြစ်ပါတယ်။ နိုင်ငံရေးအဘိဓမ္မာကျမ်းကြီးတွေရေးသားရာမှာ ဆရာတဆူဖြစ်တဲ့အပြင် သမိုင်း၊ သိပ္ပံစတဲ့ နယ်ပယ်တွေကိုလည်း နှံ့စပ်အောင် လေ့လာရေးသားနိုင်သူပါ။

အဖိနှိပ်ခံပြည်သူလူထုဘက်က အမြဲရပ်တည်ခဲ့လို့ ဖောက်ပြန်တဲ့နေဝင်းစစ်အစိုးရရဲ့ မျက်မုန်းကျိုးခြင်းကိုလည်း အမြဲခံခဲ့ရပါတယ်။ နရသိမ်မှာ နှစ်ပေါင်းများစွာ ချုပ်နှောင်ခံရဖူးသလို ကိုကိုးကျွန်းကိုလည်း အပို့ခံခဲ့ရပါတယ်။ ကိုကိုးကျွန်းရောက်တော့လည်း ဆရာဟာ ရဲဘော်ရဲဘက်တွေရဲ့ အကျဉ်းသားအခွင့်အရေးအတွက် သေလုမျောပါးဖြစ်တဲ့အခြေအနေအထိ တိုက်ပွဲဝင်ခဲ့ရပါတယ်။

ထောင်ကပြန်လွတ်လာချိန်မှာ လောကစံရဲ့ အထုအထောင်းကို နင့်နေအောင်ခံခဲ့ရပေမယ့် ပြည်သူလူထုဘက်ကို အသိပညာပေးဖို့ စာရေးမပျက်ခဲ့ပါဘူး။

စစ်အာဏာရှင်တွေက ပေးတဲ့စာပေဆုကိုလည်း ဆရာက လုံးဝ ငြင်းဆန်ခဲ့ပါတယ်။ ဒါဟာ သမိုင်းမှာ အလွန်ကိုဂုဏ်ရောင်ပြောင်မြောက်တဲ့ လုပ်ရပ်တခုပါ။

ဆရာဗန်းမော်တင်အောင်အကြောင်းကို ကျနော်က အကျယ်တဝင့်ရေးဖွဲ့ရင် ရယ်စရာဖြစ်နေပါလိမ့်မယ်။

ဒီတပတ်အိုးဝေစာစောင်ထဲမှာ ဆရာဗန်းမော်တင်အောင် အမှတ်တရစာစုတွေကို စုစည်းဖော်ပြထားပါတယ်။ ပြည်သူ့စာဆိုကြီး ဗန်းမော်တင်အောင် ၁၀၂ နှစ်ပြည့်အထိမ်းအမှတ်အနေနဲ့ ထုတ်ဝေတဲ့ အိုးဝေစာစောင်ဟာ ဆရာ့အကြောင်းကို နောင်လာနောက်သားတွေလေ့လာဖို့ အထောက်အကူပြုစရာ စာစောင်တခု ဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။ ■

## ရပိုင်ခွင့်အပြည့်အဝပေးဖို့ Foodpanda ပို့ဆောင်ရေးအလုပ်သမားတွေ တောင်းဆို



အစားအသောက်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်တဲ့ Foodpanda မြန်မာအနေနဲ့ အလုပ်သမားတွေရဲ့ အခွင့်အရေးကို အပြည့်အဝ မပေးတဲ့ အတွက် ပို့ဆောင်ရေးဝန်ထမ်းတွေက ဇွန်လ ၆ ရက်နေ့ ကစပြီး အလုပ်မဆင်းဘဲ သပိတ်မှောက်နေကြပါတယ်။

အနည်းဆုံးပို့ဆောင်ခ ကျပ် ၆၇၀ ရရှိရေးနဲ့ တစ်ပတ်မှာ အလုပ်နားရက် တစ်ရက် ရရှိရေးအပါအဝင် တောင်းဆိုချက် ရှစ်ချက်ကို အစားအသောက်ပို့ဆောင်ရေး ဝန်ထမ်းတွေက တောင်းဆိုထားပြီး ကုမ္ပဏီဘက်က ညှိနှိုင်းမှုမရှိရင် ဆက်လက် သပိတ်မှောက်သွားမယ်လို့ အလုပ်သမားတွေက ပြောပါတယ်။

ဝန်ထမ်းတွေရဲ့ တောင်းဆိုချက်တွေထဲမှာ ပို့ဆောင်ရေးဝန်ထမ်းတွေကို ကွန်ပျူတာ ဆော့ဖ်ဝဲက တစ်ဆင့် တင်းကျပ်တဲ့စည်းကမ်းနဲ့ ထိန်းချုပ်နေတာတွေ လျှော့ချဖို့၊ အလုပ်ချိန် အတွင်း ထိခိုက်မှုအပေါ် ကုမ္ပဏီက တာဝန်ယူပေးဖို့၊ ပို့ဆောင်ရမယ့် ခရီးလမ်းကို ဂူဂဲမြေပုံ ပေါ် အခြေခံတွက်ချက်ပေးဖို့၊ ကုမ္ပဏီဘက်က အပြောင်းအလဲ တစ်စုံတစ်ရာ ရှိခဲ့ရင် တစ်ပတ်ကြိုတင်ပြီး တရားဝင်အသိပေးဖို့၊ ပို့ဆောင်ရေးဝန်ထမ်းတွေ တစ်စုံတစ်ရာ အရေးကြုံလာရင် တိုက်ရိုက်ဆက်သွယ်နိုင်မယ့် ဖုန်းနံပါတ်ထားပေးဖို့နဲ့ သက်သေခံကတ်ထုတ်ပေးဖို့ စတာတွေ ပါဝင်ပါတယ်။

ပြီးခဲ့တဲ့ မတ်လ ၁၆ ရက်နေ့ကလည်း ပို့ဆောင်ရေးဝန်ထမ်းတွေဘက်က တောင်းဆိုချက် ခုနစ်ချက်နဲ့ သပိတ်မှောက်ခဲ့ရာမှာ ကုမ္ပဏီနဲ့ ညှိနှိုင်းမှုလုပ်ခဲ့ပေမယ့် လက်တွေ့ အကောင်အထည်ဖော်တာ မရှိခဲ့ဘူးလို့ ပို့ဆောင်ရေးဝန်ထမ်းတွေက ပြောပါတယ်။

ရန်ကုန်မြို့မှာ Foodpanda ကုမ္ပဏီမှာ လုပ်ဆောင်နေတဲ့ ပို့ဆောင်ရေးဝန်ထမ်း ၇၀၀၀ ကျော်ရှိပြီး အဲဒီအထဲက ထက်ဝက်ကျော်ခန့် ဇွန်လ ၆ ရက်နေ့မှာ စတင်တဲ့ သပိတ်တောင်းဆိုမှုမှာ ပါဝင် နေကြတယ်လို့လည်း ဆိုပါတယ်။ ■

## ဦးဖြိုးဇေယျာသော်နဲ့ ဦးဂျင်မီကို ကွပ်မျက်မိန့် အတည်ပြုလိုက်ကြောင်း စစ်ကောင်စီပြော

NLD လွှတ်တော် ကိုယ်စားလှယ်ဟောင်း ဦးဖြိုးဇေယျာသော်နဲ့ ၈၈ မျိုးဆက်ခေါင်းဆောင် တစ်ဦးဖြစ်သူ ဦးဂျင်မီ အပါအဝင် လေးဦး ချမှတ်ခံထားရတဲ့ သေဒဏ်အမိန့်ကို အတည်ပြု ခွင့်ပြုလိုက်တယ်လို့ စစ်ကောင်စီ ပြောခွင့်ရသူ ဗိုလ်ချုပ် ဇော်မင်းထွန်းက သတင်းမီဒီယာတွေကို ပြောပါတယ်။

သူတို့ရဲ့ အယူခံနဲ့ အသနားခံမှုတွေ ပယ်ချခံခဲ့ရပြီးနောက် သေဒဏ်ကို နောက်ဆုံးအတည် ပြုလိုက်တာလို့လည်း ဆိုပါတယ်။

ဦးဖြိုးဇေယျာသော်နဲ့ ဦးဂျင်မီတို့ နှစ်ဦးဟာ CRPH၊ NUG စတဲ့ အဖွဲ့အစည်းတွေနဲ့ ဆက် သွယ်ပြီး အကြမ်းဖက်မှုတွေ ဆောင်ရွက်ခဲ့တယ်၊ သူတို့ကို လက်နက်ခဲယမ်းတွေနဲ့ ဖမ်းဆီးရရှိခဲ့တယ်ဆိုပြီး စစ်ကောင်စီက ထုတ်ပြန်ခဲ့တာပါ။

ဒီလုပ်ဆောင်ချက်တွေကြောင့် သူတို့နှစ်ဦးဟာ အကြမ်းဖက်တိုက်ဖျက်မှု ဥပဒေပုဒ်မ-၄၉ (က)၊ ၅၀ (ဈ)၊ ၅၀ (ည) နဲ့ ပြီးခဲ့တဲ့ ဇန်နဝါရီလ ၂၁ ရက်နေ့က စစ်ခုံရုံးက သေဒဏ်ချမှတ် ခံထားရတာပါ။

သေဒဏ်အတည်ပြုခံရတဲ့ ကျန်နှစ်ဦးကတော့ လှိုင်သာယာမြို့နယ်မှာ လူသတ်မှု ကျူးလွန် ခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ သေဒဏ်ချမှတ်ခံထားရတဲ့ ကိုလှမျိုးအောင်နဲ့ ကိုအောင်သူရဇော် တို့ ဖြစ်ပါတယ်။ ■

## စစ်ဘေးဒုက္ခသည် တစ်သန်းကျော်ပြီ

မြန်မာနိုင်ငံမှာ အိုးအိမ်စွန့်ခွာထွက်ပြေးရတဲ့ စစ်ဘေးဒုက္ခသည် တစ်သန်းကျော်သွားပြီလို့ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) က မေလ ၃၁ ရက်နေ့က ထုတ်ပြန်လိုက်ပါတယ်။ အဲဒီအပြင် အိမ်နီးချင်းနိုင်ငံတွေကို ထွက်ပြေးရတဲ့သူ ၄၀,၂၀၀ ခန့်ရှိပြီး ဘုရားကျောင်း၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနဲ့ လူနေအိမ် ၁၂,၇၀၀ ကျော်လည်း ဖျက်ဆီးခံခဲ့ရတယ်လို့ ပါရှိပါတယ်။

လက်ရှိအစီရင်ခံစာထုတ်တဲ့ ကာလအတွင်းမှာ မြန်မာနိုင်ငံအနှံ့အပြား တိုက်ပွဲတွေ ပိုပြင်းထန်လာသလို စစ်ပွဲရဲ့အကြွင်းအကျန် မြေမြှုပ်မိုင်းတွေ အပါအဝင် ပေါက်ကွဲမှုတွေကြောင့် အရပ်သားတွေ အပေါ် သက်ရောက်မှုဟာ ပိုဆိုးလာနေတယ်လို့ ရေးသားထားပါတယ်။ ဒါကြောင့် ထိခိုက်နစ်နာသူတွေကို ကာကွယ်ဖို့နဲ့ လုံခြုံပြီးဂုဏ်သိက္ခာရှိတဲ့ အခြေအနေမှာ ပြန်နေနိုင်အောင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီတွေ ချက်ချင်းလိုအပ်နေတယ်လို့ UNOCHA က သတိပေးထားပါတယ်။ ■

## အာဏာသိမ်းပြီးနောက်ပိုင်း နေအိမ်၊ အဆောက်အအုံ ၅၀၀ ကျော်ကိုစစ်ကောင်စီချိပ်ပိတ်ထား

ပြည်တွင်းမှာ စစ်အာဏာသိမ်းပြီးတဲ့နောက်ပိုင်း နိုင်ငံတဝန်းမှာရှိတဲ့ နေအိမ်၊ အဆောက်အအုံ၅၈၆ လုံးထက်မနည်းကို စစ်ကောင်စီက ချိပ်ပိတ်သိမ်းဆည်းခဲ့တယ်လို့ သုတေသနအဖွဲ့တစ်ခုဖြစ်တဲ့ ISP Myanmar က ထုတ်ပြန်လာပါတယ်။

ဒီအရေအတွက်ဟာဆိုရင် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီကနေ ၂၀၂၂ ခုနှစ် မေလအထိ ရရှိတဲ့ဖြစ်တယ်လို့လည်းအဖွဲ့ကထုတ်ပြန်ထားပြီး သတင်းမီဒီယာတွေနဲ့လွတ်လပ်တဲ့အဖွဲ့အစည်းတွေရဲ့ထုတ်ပြန်ချက်ကို စုစည်းထားတာဖြစ်ပြီး မြေပြင်မှာအရေအတွက်ပိုများနိုင်တယ်လို့လည်း အဖွဲ့ကဆိုပါတယ်။ ■

## ၂၀၉

စစ်အာဏာသိမ်းပြီး တစ်နှစ်နဲ့သုံးလကြာချိန်မှာတော့ စစ်ကောင်စီကိုဆန့်ကျင်ရေးလှုပ်ရှားမှုတွေနဲ့ ဆက်စပ်ပြီး အမြင့်ဆုံးပြစ်ဒဏ်ဖြစ်တဲ့ သေဒဏ်နဲ့ ထောင်ဒဏ်တသက်အပြင် ဒီနှစ်ခုလုံးပူးတွဲအမိန့် ချမှတ်ခံရသူ ၂၀၉ ဦးအထိရှိလာပြီလို့ အာဏာသိမ်းနောက်ဆက်တွဲ စစ်တမ်းတွေပြုစုနေတဲ့ ISP Myanmar က ၉ွန် ၆ရက်မှာ သတင်းထုတ်ပြန်လာပါတယ်။

## တိုက်ပွဲတွေပြင်းထန်နေတဲ့ ကယားပြည်နယ်တွင်း အရပ်သားသေဆုံးသူ ၂၀၀ ကျော်ပြီ

စစ်အာဏာသိမ်းပြီးတဲ့နောက်ပိုင်း နှစ်ဖက်တိုက်ပွဲတွေပြင်းထန်နေတဲ့ ကယားပြည်နယ်ထဲမှာ အရပ်သား ၂၆၁ ထက်မနည်း သေဆုံးခဲ့တယ်လို့ ကရင်နီလူမှုအဖွဲ့အစည်းတွေရဲ့ထုတ်ပြန်ချက်တွေအရသိရပါတယ်။

ဒီအရပ်သားသေဆုံးမှုတွေထဲမှာ စစ်ကောင်စီရဲ့ပစ်ခတ်မှုကြောင့်သေဆုံးရသူတွေ၊ လက်နက်ကြီးထိမှန်လို့ သေဆုံးရသူတွေ အများဆုံးဖြစ်နေပြီး ဒီထဲ က အယောက် ၂၀ ကျော်ကတော့ စားနပ်ရိက္ခာနဲ့ ဆေးဝါးမလုံလောက်မှုတွေကြောင့် စစ်ဘေးတိမ်းရှောင်ရင်း သေဆုံးရတာဖြစ်တယ်လို့ တိုးတက်သောကရင်နီပြည်သူ့အင်အားစု PKPF ကထုတ်ပြန်ပါတယ်။

သေဆုံးသူတွေထဲမှာတော့ အသက် ၁၈ နှစ်အောက်ကလေးငယ် ၂၂ ယောက်ပါဝင်နေတာကို ထုတ်ပြန်တဲ့အချက်အလက်တွေအရ သိရပါတယ်။

ဒါ့အပြင် ပြည်နယ်လူဦးရေရဲ့တစ်ဝက်ကျော်လောက် စစ်ဘေးတိမ်းရှောင်နေရတဲ့ ကယားပြည်နယ်ထဲ စစ်ရှောင်ကာလကြာလာတာနဲ့အမျှ အခက်အခဲတွေပိုဖြစ်လာပြီး တိုက်ပွဲတွေ ငြိမ်သက်နေချိန်မှာ နေရပ်ကို ခေတ္တပြန်နေထိုင်တဲ့ ဒေသခံတွေဟာ မိုင်းနင်းမိပြီး သေဆုံးတာတွေ ထိခိုက်ဒဏ်ရာရတာတွေရှိနေပါတယ်။ ■

# ဗကသများအဖွဲ့ချုပ်ရဲ့ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လှုပ်ရှားမှုများ



■ ဗကသရဲဘော် ကိုညီမင်းသူ ကျဆုံးခြင်း ၃ လပြည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်၊ မရမ်းကုန်းမြို့နယ်၌ ယနေ့ မေလ ၂၅ ရက်နေ့တွင် ဗကသများအဖွဲ့ချုပ်ဝင် ကျောင်းသားသမဂ္ဂများနှင့် မဟာမိတ်အဖွဲ့အစည်းများ ပူးပေါင်း၍ "ရဲဘော်ညီမင်းသူစိတ်ဓာတ် ကိုင်စွဲတိုက်ပွဲဝင်ကြ" စာသားပါ ဘန်နာအား ကိုင်စွဲ၍ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုတရပ် ပြုလုပ်ခဲ့ပါသည်။



■ "စစ်ခွေးစနစ်အောက် ဒူးမထောက်၊ ငါတို့ကျောင်းသား သေမှာမကြောက်" စာသားပါဘန်နာအား ကိုင်စွဲကာ ဗကသများအဖွဲ့ချုပ်ဝင် ကျောင်းသားသမဂ္ဂများက ရန်ကုန်မြို့တွင် ယနေ့ မေလ ၂၉ ရက်နေ့၌ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လှုပ်ရှားမှုတရပ် ပြုလုပ်ခဲ့ပါသည်။



■ "ခွေးပါးစပ်ထဲကတိုင်းပြည်ကို ရအောင်ပြန်ယူမယ်" စာသားပါပိုစတာဖြင့် ဗကသများအဖွဲ့ချုပ်ဝင် ကျောင်းသားသမဂ္ဂများနှင့် မဟာမိတ်အဖွဲ့အစည်းများက ရန်ကုန် သဃ်န်းကျွန်းမြို့နယ်၌ ယနေ့ မေလ ၃၀ ရက်နေ့တွင် စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး ပြောက်ကျားသပိတ်တခု ပြုလုပ်ခဲ့ပါသည်။



■ ယင်းမာပင်မြို့နယ်ကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်)၊ ဗမာနိုင်ငံလုံးဆိုင်ရာလူငယ်ကဗျာဆရာများသမဂ္ဂ (ဗလကသ) နှင့် ဒေသခံလူထုပူးပေါင်း၍ ကြွေးကြော်သံများဟစ်ကြွေးကာ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုတရပ်ကို ယင်းမာပင်မြို့နယ်တွင် ဇွန်လ ၄ ရက်နေ့ညနေပိုင်း၌ ပြုလုပ်ခဲ့ပါသည်။

**All Burma Federation of Student Unions**

**ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်**

**စစ်အာဏာရှင်စနစ်ကို တွန်းလှန်တိုက်ဖျက်ရင်း မြင့်မြတ်ဂုဏ်ပြောင်စွာ ကျဆုံးသွားခဲ့သော ကိုဟိန်းမင်းထက် (ခ) ရဲဘော်အာကာ (မိုးညှင်းမြို့နယ်ကျောင်းသားများသမဂ္ဂ - ဗကသများအဖွဲ့ချုပ်၏ အဖွဲ့ဝင်) သို့ ဂုဏ်ပြုသဝဏ်လွှာ**

သဝဏ်လွှာအမှတ် - ၉/ဗကသ/၂၀၂၂
ရက်စွဲ - ၂၀၂၂ ခုနှစ် ဇွန်လ ၈ ရက်

မိုးညှင်းမြို့နယ်ကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်) ၏ အဖွဲ့ဝင်ရဲဘော် ကိုဟိန်းမင်းထက် (ခ) ရဲဘော်အာကာသည် စစ်အာဏာရှင်စနစ်ကို တွန်းလှန်တိုက်ဖျက်ရင်း၊ ပြည်သူ့တာဝန်များကို ထမ်းဆောင်ရင်း ၂၀၂၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကျဆုံးသွားပါသည်။ စစ်အာဏာရှင်စနစ်အား တွန်းလှန်တိုက်ဖျက်ရင်း အာဇာနည်ပီသစွာဖြင့် အသက်ပေးလှူကာ မြင့်မြတ်ဂုဏ်ပြောင်စွာ ကျဆုံးသွားခဲ့သော ဗကသရဲဘော် ကိုဟိန်းမင်းထက် (ခ) ရဲဘော်အာကာအား ကျွန်ုပ်တို့ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသများအဖွဲ့ချုပ်) မှ အစဉ်အမြဲအောက်မေ့ သတိရနေမည်ဖြစ်သည်။ ရဲဘော်၏ မပြီးပြတ်သေးသော စစ်အာဏာရှင်စနစ် အမြစ်ပြတ်တိုက်ဖျက်ရေး တာဝန်များ၊ အဖိနှိပ်ခံပြည်သူလူထု လွတ်မြောက်ရေး တာဝန်များကို အလုံးစုံကျေပွန်သည့်အထိ ကျွန်ုပ်တို့ ဗကသများအဖွဲ့ချုပ်မှ အဖိနှိပ်ခံပြည်သူလူထုနှင့်အတူ ဆက်လက်၍ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်းကိုလည်း ကျဆုံးရဲဘော်များအား တိုင်တည်ကာ ကတိသစ္စာပြုအပ်ပါသည်။

**“ မြေဝသုန်ရေ . . . ဂုဏ်ပြုအပ်တဲ့ ရဲဘော်တဦးကို ဆီလို့ကြိုပေတော့ ”**

**ဗဟိုအမှုဆောင်အဖွဲ့**
**ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်**

Facebook Page – All Burma Federation of Student Unions
Email – abfsu.cec@protonmail.com

# နီလည်းနီ၊ ချွန်လည်းချွန်သည့် အမြင့်ပျံလင်းယုန်

ဇွန်လ မိုးသက်မုန်တိုင်းများကြားမှာ မွေးဖွားလာပြီး မြန်မာနိုင်ငံ နိုင်ငံရေးမုန်တိုင်း ထန်ပြင်းမှုများကြားမှာ ကြီးပြင်းရုံမက ပြည်သူ့လွတ်မြောက်ရေးအတွက် စာရေးဆရာ၊ သတင်းစာဆရာ၊ အဘိဓမ္မာရှင်းလင်းပြသူ အဖြစ် ဆရာသည် တရုမနား စွန့်လွှတ်မှုအမျိုးမျိုးကြားက ဖြတ်သန်းဆောင်ရွက်ခဲ့သည်။



■ **ခမ်းဝင်း**

*(ရည်ညွှန်း - ၁၈၊ ၁၊ ၂၀၁၉ နေ့ထုတ် မြန်မာသံတော်ဆင့် သတင်းစာ)*

ဇွန်မိုးကား သဲကြီးမဲကြီး ရွာနေသည်။ ပဲခူးမြစ်ရေစီးက လည်း အရှိန်အဟုန်ပြင်းပြင်းဖြင့် စီးမျောနေပေသည်။ မိုးတိမ်တောင်အမှောင်ကြားမှ လင်းလက်ပြိုးပြက်သော လျှပ်စစ်နွယ်တန်းကား မိုးထစ်ချုန်းသံနှင့်အတူ စည်းချက်မညီ မညာ မြည်ဟိန်းနေ၏။ တခါတရံ မြေပြင်ပင် တုန်ခါသွားလေရော့သလားဟု တွေးထင်ရနိုင်ပေသည်။

၁၉၂၀ ပြည့်နှစ်၊ ဇွန်လ ၉ ရက်တွင် ဆရာ ဗန်းမော်တင်အောင်လောင်းလျာ (သို့မဟုတ်) အနာဂတ်၏လင်းယုန်ကလေးကို မွေးဖွားသန့်စင်ခဲ့ပေသည်။ ထိုလင်းယုန်ကလေးမှာ မြန်မာနိုင်ငံအတွက် လက်ဆောင်မွန်တစ်ခုဖြစ်သည်ကိုကား အဘ ဦးနေနှင့် အမိ ဒေါ်စောမြိုင်တို့က သိကြရာမည်မဟုတ်ပေ။

မိုးသက်မုန်တိုင်းကြားမှ ရှင်သန်မွေးဖွားလာသော လင်းယုန်ကလေးသည် သဘာဝမိုးသက်မုန်တိုင်း ကြားမှသာ မွေးဖွားခဲ့ သည် မဟုတ်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးမုန်တိုင်းအဆင့်ဆင့်ကြားမှ ဖြတ်သန်းခဲ့ရသည်ကိုလည်း အထူးသတိပြုရပေမည်။

လင်းယုန်ငယ်၏ အချင်းအိတ်ကို ၁၉၂၀ ပြည့်နှစ်၊ ရန်ကုန်တက္ကသိုလ်ယူနီဗာစတီအက်ဥပဒေ ဆန့်ကျင်ရေး ကျောင်းသား အရေးတော်ပုံဖြင့် ဆေးကြောခဲ့သည်မဟုတ်လော။

ဆရာဗန်းမော်တင်အောင်ကား ဗြိတိသျှကိုလိုနီခေတ် မြန်မာနိုင်ငံ၏ နယ်ချဲ့ဆန့်ကျင်ရေး မုန်တိုင်းကြားမှာ မွေးဖွားခဲ့ ပေပြီ။ ပြည်သူတို့က နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး တိုက်ပွဲဟစ်ကြွေးသံများ၊ မိုးချုန်းသလို ပွက်လောရိုက် နေသောကာလတွင် မွေးဖွားခဲ့ခြင်းလည်း ဖြစ်သည်။

၁၉၃၀ ပြည့်နှစ်တွင် ကမ္ဘာ့အရင်းရှင်နယ်ချဲ့

နိုင်ငံကြီးများ စီးပွားပျက်ကပ်ဆိုက်ခဲ့ပေသည်။ ထိုကပ်၏ဂယက်သည် ကိုလိုနီနိုင်ငံများအား ကွင်းမသွားခဲ့။ မြန်မာ့တောင်သူလယ်သမားများ ထိထိခိုက်ခိုက် ခံစားကြရ၏။ သည်ကြားထဲတွင် မြန်မာပြည်ကိုလိုနီအစိုးရက သဿမေဓအခွန်ဆိုသည်ကိုကောက်၏။ တောင်သူလယ်သမားတို့ ''နွားရာဝဲစွဲ၊ လဲရာသူခိုးထောင်း'' ကိန်း ဆိုက်ရပြီ။ လယ်သမားတို့စိတ်ထဲ ပြင်းထန်သော ဆင်းရဲကြပ်တည်းမှုဒုက္ခကို ခံစားလာရ၏။ လယ်သမားကြီးသည် မိမိဘေးနားတွင် ငှက်ကြီးတောင်ဓားကိုချထားပြီး ရန်ရှာသူကို ခုတ်ပိုင်းရန် စောင့်နေချိန်မျိုး ဖြစ်လာရပေပြီ။ ''မိုးခေါင်တုန်း ငါ့သျှောင် ဘယ်သူဆွဲမလဲ၊ ဆွဲလာရင် ဘေးနားချထားတဲ့ ငှက်ကြီးတောင်ဓားနဲ့ ခုတ်ပိုင်းမယ်'' ဟု ပိုင်းဖြတ်ထားချိန်နှင့် ကိုလိုနီအစိုးရ ထိပ်တိုက်သွားတိုးတော့၏။

ဗြိတိသျှကိုလိုနီအစိုးရက အခွန်တိုးကောက်လိုက်သောအခါ အချက်ရပြီး ဆရာစံခေါင်းဆောင်သည့် တောင်သူ လယ်သမားသူပုန်များ သာယာဝတီ ရိုးမတောင်ခြေတွင် ဗိုလ်ဝင်ခံပြီး ပုန်ကန်ကြတော့၏။ တရားသောစစ်ကိုဆင်နွှဲခြင်း ဖြစ်ပေသည်။

ဆရာဇန်းမော်တင်အောင်ကား ၁၀ နှစ်သားအရွယ်၌ပင် လယ်သမားသူပုန်နှင့် မိတ်ဆက်ရပြန်သည်။ ဖိနှိပ်မှုကို ငြိမ်းချမ်းစွာ တောင်းဆို၍မရလျှင် လက်နက်ကိုင်ပုန်ကန်သည်သည်မှာ တရားသည်ဆိုသော အသိပညာကို ဆရာဇန်းမော် ထိုစဉ်ကပင် ရခဲ့ပုံရသည်။ ထို့ကြောင့် ''သူပုန်ကြီး'' ဝတ္ထု ပေါ်လာဟန်တူသည်။ ''ငသြ'' ကဲ့သို့ ဆရာစံအရေးတော်ပုံကို အခြေခံသောဝတ္ထုလည်း ရေးခဲ့ပေသည်။

၁၉၃၀ ပြည့်နှစ် အရင်းရှင်စီးပွားပျက်ကပ်သည် တောင်ခြေလျှောမှကျလာသည့် ကားတစီးလို အရှိန်သတ်နိုင်ပုံမရ။ ၁၉ ရာစုတွင် ကမ္ဘာ့အရင်းရှင်စနစ်သည် လက်ဝါးကြီးအုပ်အရင်းရှင်စနစ်ထိ အမြင့်ဆုံးသို့ရောက်ရှိခဲ့ပြီး နယ်ချဲ့ကိုလိုနီစနစ်သည် ကမ္ဘာပတ်လွှမ်းခြုံခဲ့ပေပြီ။ နယ်ချဲ့ကိုလိုနီနိုင်ငံကြီးများသည် ယခင်ပိုင်ဆိုင်ခဲ့သော နယ်မြေများနှင့် မလုံလောက်တော့။ ပြန်လည် တိုးချဲ့ရန် ခွဲဝေဖို့လိုလာသည်။ နယ်ချဲ့အရင်းရှင်များအကြား ငြိမ်းချမ်းစွာခွဲဝေရေးအဘိဓမ္မာ ရှိဟန်မတူပေ။ စစ်ရေးပြင်ကြပြီး ဒုတိယကမ္ဘာစစ်ပွဲဆင်နွှဲလာကြသည်။ လိပ်၊ ကန်၊ သစ်၊ ဂျာမနီ၊ စပိန်၊ ဂျပန်တို့ကြား စုသည့်လူစု၊ ကွဲသည့်လူကွဲနှင့် အုပ်စုနှစ်စု ထိပ်တိုက်တွေ့ကြပြီး နယ်ချဲ့စစ်ဝါဒီတို့၏ လောဘသည် အတောမသတ်နိုင်ကြပေ။ နောက်ဆက်တွဲအဖြစ် ကိုလိုနီနိုင်ငံငယ်များ ပတ်သက်လာရသည်။ မြန်မာနိုင်ငံလည်း စစ်ပွဲကြီးမှ လွတ်ငြိမ်းခွင့်မရပေ။ စစ်ပွဲသည် နယ်ချဲ့ သမားချင်းသက်သက်ဖြစ်ရုံမဟုတ်ဘဲ ဖက်ဆစ်၊ နယ်ချဲ့နှင့် ဒီမိုကရေစီမဟာမိတ်ကြားဖြစ်သော စစ်ပွဲအသွင် ပြောင်းခဲ့ပေသည်။

ဒုတိယကမ္ဘာစစ်ပွဲအခြေအနေပေါ်မှီပြီး မြန်မာပြည်ချစ်နိုင်ငံရေးခေါင်းဆောင်များက မြန်မာနိုင်ငံ အင်္ဂလိပ်ကျွန်အဖြစ်မှ လွတ်မြောက်ရေး ကြံစည်ခဲ့သည်။ ''အင်္ဂလိပ်အခက် ဗမာ့အချက်'' ဆိုပြီး ကြွေးကြော်ခဲ့သည်။ အာရှသား ဖက်ဆစ်ဂျပန်နှင့် မဟာမိတ်ဖွဲ့ပြီး ၁၉၄၂ ခုနှစ်တွင် အနှစ် ၁၀၀ ကျော် အုပ်စိုးခဲ့သော အင်္ဂလိပ်ကိုလိုနီအစိုးရအား တိုက်ထုတ်ခဲ့သည်။ ဖက်ဆစ်ဂျပန် သံဖနောင့်အောက် မြန်မာပြည် ရောက်ရပြန်သည်။ ဂျပန်ပေးသော ရွှေရည်စိမ်လွတ်လပ်ရေးကား ရခဲ့၏။

ဆရာဇန်းမော် နိုင်ငံရေးမုန်တိုင်းတခုကို ဖြတ်ရပြန်သည်။ အရွယ်တော့ ရောက်ခဲ့ပြီ။ စစ်နှင့်တော်လှန်ရေး၏ ပုံရိပ်များ ဆရာဇန်းမော်၏ဦးနှောက်အတွင်းသို့ တသွင်သွင်စီးဆင်းလာမည်ကား သေချာ၏။ ၁၉၃၀ ပြည့်နှစ်ဝန်းကျင်ကပင် မြန်မာ့နိုင်ငံရေးလောကတွင်း စီးဝင်လာသည့် အရင်းရှင်စနစ်၏ အဘိဓမ္မာ၊ နိုင်ငံရေး၊ စီးပွားရေးဝါဒများအား မြေလှန်ဆန့်ကျင်သော သစ်လွင်သည့်မာ့စ်ဝါဒ၏ ဆိုရှယ်လစ်၊ ကွန်မြူနစ်အတွေးအမြင်များနှင့်လည်း ဆရာဇန်းမော် နီးစပ်ခဲ့မည်ထင်သည်။

အထက်တန်းကျောင်းသားဘဝကပင် ဆရာသည် စာပေ၊ အနုပညာ ပါရမီဇာတ်ဝင်ခဲ့၏။ ဂျာနယ်ကျော်ဦးချစ်မောင်သည် ဆရာဇန်းမော်တင်အောင်၏ လက်ဦးဆရာဟု သိရသည်။ ဂျာနယ်ကျော်တွင် ဆရာ၏စာတိုပေစများ စတင်ခဲ့သည်။ ''မဟာအောင်'' ဟူသော ကလောင်အမည်ဖြင့် ရေးသားခဲ့သည်။



အောက်တိုဘာလ ၁၁ရက်နေ့ည ၁၁နာရီခွဲအချိန်က ရန်ကုန်ထောင်ကြီး လွတ်လာသော စာရေးဆရာ ဗန်းမော် တင်အောင်အား ထောင်ဗူးဝ၌ ဇနီး သားသမီးများနှင့် အတူ ဤသို့တွေ့ရသည်။

ဗန်းမော်တင်အောင်ဟူသော ကလောင်အမည် မည်သို့မည်ပုံရခဲ့သည်ကို ဆရာနှင့် စာရေးသူ တရံရောအခါက ပင်လယ်ကမ်းခြေတစ်ခုက သဲသောင်ဖြူလွလွပေါ် ညနေခင်း လမ်းလျှောက်စကားစမြည်ပြောကြစဉ် စူးစမ်းကြည့်မိသည်။ ဆရာက- ''ဒီလိုဗျာ..ကျွန်တော်က မိဘများနဲ့ ပဲခူးကနေ ဗန်းမော်မြို့ကို ပြောင်းပြီး နေခဲ့ရတယ်၊ နောက် မိဘများ ရန်ကုန်ပြောင်းတော့ ရန်ကုန်မှာ ကျောင်းဆက်နေတယ်။ စာသင်ခန်းထဲမှာဗျာ၊ ကျွန်တော်နဲ့ နာမည်တူတာတွေက အများသား။ အတန်းဆရာက မှတ်လို့လွယ်အောင် ပြောင်းလာတဲ့ မြို့နာမည်နဲ့တွဲပြီး ကျွန်တော်တို့နာမည်တွေကို ခေါ်သဗျ။ ဒီမှာတင် ကျွန်တော်က ဗန်းမော်တင်အောင်ဖြစ်သွားတယ်။ နောက် စာရေးတော့ အဲဒါကို ကလောင်အမည်အဖြစ် သုံးလိုက်တာပေါ့ဗျာ'' ဟု လှစ်ဟခဲ့သည်။

ဆရာဗန်းမော်သည် အင်္ဂလိပ်စစ်တပ်၊ ဘုံဘေဘားမားသစ်ကုမ္ပဏီ သစ်ကုန်သည်ဘဝဖြင့် ဘဝထိုထိုကို ဖြတ်သန်းကာ ဒေါ်ခင်ဦးနှင့်အိမ်ထောင်ကျပြီး မိသားစုဘဝကို ဖြတ်သန်းခဲ့ရသည်။ သို့သော် ဆရာသည် သူ့အတွေးနှင့် သူ့အရေးဝါသနာကိုကား စွန့်လွှတ်ရန် တွန့်ဆုတ်၏။ တွန့်ဆုတ်ရုံမက ရှေ့သို့သာ တိုး၍ ဆောင်ရွက်ခဲ့ပေသည်။

ဂျပန်၊ ဂျာမနီ၊ အီတလီနှင့် စပိန် ဖက်ဆစ် ဝင်ရိုးတန်းနိုင်ငံတို့သည် လိပ်-ကန်-သစ်ဦးဆောင်သော အနောက်မဟာမိတ် အုပ်စုနှင့် ဆိုဗီယက်ရုရှားခေါင်းဆောင်တို့ လက်တွဲပြီး ဖြိုချတွန်းလှန်ခဲ့ခြင်းကြောင့် ပြိုကျသွားခဲ့ရသည်။ ထို့ကြောင့်လည်း ယနေ့တိုင် ဖက်ဆစ်စနစ် ကွယ်ပျောက်သွားခဲ့ရပေသည်။ ဤသည်မှာ ထိုမဟာမိတ်တပ်ပေါင်းစု၏ကျေးဇူးဟု ဆိုရမည်ဖြစ်သည်။

မြန်မာ့မြေပြင်၌လည်း အနောက်မဟာမိတ်တပ်များနှင့် ပြည်တွင်းဖဆပလပြည်ချစ်တပ်ပေါင်းစုတို့ ပူးပေါင်းပြီး ဂျပန် ဖက်ဆစ်တို့ကို မောင်းထုတ်နိုင်ခဲ့သည်။ ဤတိုက်ပွဲတွင်း ညီညွတ်ရေးကြောင့်ပင် ပြည်သူနှင့် နိုင်ငံရေးခေါင်းဆောင်တို့ ပေါင်းစည်း မိခဲ့သည်။ ကောက်ကျစ်စဉ်းလဲသော အင်္ဂလိပ်နယ်ချဲ့ ကိုလိုနီအစိုးရသည် မြန်မာပြည်သို့ပြန်ဝင်လာပြီး ကိုလိုနီအုပ်ချုပ်ရေးကို ဆက်လက်ကျင့်သုံးသည်။ မြန်မာအမျိုးသားနိုင်ငံရေးအုပ်စုကို သပ်လျှိုသွေးခွဲဖြိုခွင်းရန်အတွက် နယ်ချဲ့လက်ဝေခံ နိုင်ငံရေး အပျော့သမားကို ရှာဖွေခဲ့သည်။ လက်ဝေခံနိုင်ငံရေးအစုတွင်းကမှ အပျော့အမာဂိုဏ်းကို ရွေးချယ်ခဲ့သည်။ ဂဠုန်ဦးစောကဲ့သို့ အမာဂိုဏ်းကိုတွေ့သကဲ့သို့ အင်္ဂလိပ်အစိုးရနှင့် ပြေပြေပြစ်ပြစ် စေ့စပ်ကျေအေးလိုသည့်အုပ်စုကိုလည်း အင်္ဂလိပ်တို့ တွေ့ခဲ့သည်။ သခင်အောင်ဆန်းကိုကား အင်္ဂလိပ်တို့ လိုလားကြသော်လည်း သခင်အောင်ဆန်းက လက်ဝဲအင်အားစုအပေါ် သံယောဇဉ်ကင်းကင်းပြတ်ပြတ်ရှိပုံမရဟု ကောက်ချက်ချပုံရသည်။ ထို့ကြောင့် ဂဠုန်ဦးစောလို လက်မရွံ့ပါးကွက်အာဏာသား ကိုသုံးပြီး သခင်အောင်ဆန်းကို လုပ်ကြံစေခဲ့သည်။ ဒုတိယအပျော့စားအစုနှင့် စေ့စပ်ပြီး လွတ်လပ်ရေးပေးခဲ့လေသည်။

ပြည်တွင်းနယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးကာလက တိုင်းရင်းသားပေါင်းစုံ၏

အပြည့်အဝထောက်ခံမှုရသော အမျိုးသားနိုင်ငံရေး အင်အားစု ပြိုကွဲခဲ့ရပေသည်။ နယ်ချဲ့အင်္ဂလိပ်တို့နှင့် စေ့စပ်ဆွေးနွေးသွားသော ဖဆပလဆိုရှယ်လစ်အုပ်စု နှင့် ဇယားမကိုက်သည့် ဗမာပြည်ကွန်မြူနစ်ပါတီကို အစပြုခဲ့သည်။ တိုင်းရင်းသားများနှင့်လည်း ဖဆပလ ဆိုရှယ်လစ်အစိုးရတို့ အစေးမကပ်ခဲ့ပေ။ လူမျိုးငယ် များနှင့် ပြည်တွင်းစစ် ကိုလည်း ဤမှာ ပျိုးထောင်ခဲ့ လေသည်။

ဆရာဇန်းမော်သည် ဤနိုင်ငံရေးမြေပေါ်၌ သူ၏အတွေး၊ သူ၏သဘောများကို ပျိုးထောင်ခဲ့ရလေ သည်။ မာ့က်စ်ဝါဒ အတွေးအခေါ်ကိုခံယူသော ဆရာ သည် သူ့အရေး၊ သူ့စာများကို ပြည်သူ့ဘဝ၊ ပြည်သူ့ လွတ်မြောက်ရေးနှင့် အနုပညာကို ပေါင်းစပ်လေ့လာ တော့သည်။

ဆရာသည် စာပေ၊ အနုပညာဘက်ကို ကူးပြောင်းလိုစိတ်ထက်သန်လာမှုမှာ စိတ်အစဉ်ဝယ် တနေ့တခြား တားမနိုင် ဆီးမရ ရင့်သန်ကြီးထွား လာပုံရသည်။ နောက်ဆုံး သူ့မိသားစုကို ကောင်းမွန် စွာကျွေးမွေးပြုစုနိုင်သော စီးပွားရေးလုပ်ငန်းများ ကို စွန့်ပစ်ကာ ငွေထုတ်ပိုက်ပြီး ဆရာဒဂုန်တာရာထံ ရောက်ရှိခဲ့ပေသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရသော်လည်း စီးပွားရေးကား ပဒေသရာဇ်မြေရှင်စနစ်မှ ရုန်းမထွက် နိုင်။ လယ်သမားတို့ ကျောမွဲဘဝမှ မလွတ်မြောက် နိုင်။ အလုပ်သမားတို့ လုပ်ခနှင့် နေထိုင်မှုစရိတ် တစ်နေ့တခြား ကွာဟလာ၊ မြို့နေဆင်းရဲသားတို့ ညဥ့်အိပ်ညဥ့်နေ အနားယူအိပ်စက်စရာ၊ ကျော ခင်းစရာနေရာမရှိ၊ နိုင်ငံခြား ကုန်စည်အပေါ် မှီခို ရ၍ ကုန်ဈေးနှုန်းကား တစ်နေ့တစ်ခြား မြင့်မား ခဲ့။ အမျိုးသားယဉ်ကျေးမှုများ တစတစ ဆုတ်ယုတ် ပြီး နိုင်ငံခြားယဉ်ကျေးမှုအပေါ် ပို၍ပို၍ မှီခိုအားပြု လာရ။ ရာဇဝတ်မှုနှင့် အကျင့်ပျက်ခြစားမှု တိုးပွားလာ ကာ အစိုးရ၏ အရာရှိဆိုး၊ အုပ်ချုပ်ရေးယန္တရားများ နှင့် ငွေရှင်ကြေးရှင်တို့ပေါင်းပြီး လူဆင်းရဲများအပေါ် ဖိနှိပ်မှုများ တိုးလာ၏။ အစိုးရယန္တရား၏ အကျင့်ပျက် ခြစားမှုဒဏ်၊ ပြည်သူများ ခံလာရသည့် အနိဋ္ဌာရုံများ၊ ခါးစည်းခံလာရသော အောက်ဆုံးလွှာ အလုပ်သမား၊ လယ်သမားနှင့် မြို့နေဆင်းရဲသားတို့ မခံမရပ်နိုင်ဖြစ် ကာ စစ်ပြီးစနှင့် လွတ်လပ်ရေးခေတ်ဦးမှာပင် သပိတ် တိုက်ပွဲများ၊ တွန်တုံးတိုက်ပွဲများ၊ အထွေထွေဆန္ဒပြပွဲ များ သည် မြို့နယ်ကျေးလက်အနှံ့ ပေါ်ပေါက်လာပေ သည်။

ပြည်သူ့ဆန္ဒပြတိုက်ပွဲများ၊ အစိုးရ၏ ဖိနှိပ် ချုပ်ချယ်မှုများ၊ တရားရုံးဆိုသည်များက တည်ဆဲ ဥပဒေဆိုသည်များနှင့် မတရားဖိနှိပ်မှုများအပြင် ကျေးလက်နေပြည်သူတို့အပေါ် အစိုးရပြုစောထီး တပ်ဖွဲ့များ၊ အစိုးရလက်ပါးစေ ကာကွယ်ရေးတပ်ဖွဲ့ များ၊ စစ်တပ်နှင့် ပုလိပ်တပ်ဖွဲ့များ၏ ဖိနှိပ်မှုနှင့် မြေရှင် တို့၏ သွေးစုပ်မှုဒဏ်ကို မခံမရပ်နိုင်ကာ ခုခံကြသဖြင့် ပြည်တွင်းစစ်သည် ပိုမိုကြီးထွားလာရပေသည်။

စာပေအနုပညာသည် စာပေအနုပညာ သန့်သန့် ရေးသားမှုတွင် ရပ်တန့်မနေချေ။ စာပေ အနုပညာ ယဉ်ကျေးမှုတို့သည် ပြည်သူတို့၏ဘဝ၊ ပြည် သူတို့၏ခံစားမှု၊ နှလုံးသားတို့ကို ရောင်ပြန်ဟပ်သည်ဟု မာ့က်စ်ဝါဒ စာပေသဘောတရားက သွန်သင်၏။ ထို့ပြင် စာပေအနုပညာ၊ ယဉ်ကျေးမှုတို့သည် အရိပ်ထင်ရုံမက ပြည်သူတို့၏ ဆိုးဝါးသောခံစားချက်ကို လွတ်မြောက် ရန် နည်းလမ်းသဘောတရားကို လမ်းညွှန်ရမည်ဟု မာ့ က်စ်ဝါဒ၏ ဆိုရှယ်လစ်သရုပ်ဖော်စာပေအနုပညာက လမ်းညွှန်ပြန်သည်။

ဆရာဇန်းမော်၏ စာပေအရေးအသားရင့်ကျက် မှုသည် ၁၉၅၀ ဝန်းကျင်တွင် အတော်မြင့်မားခဲ့သည်ဟု ဆိုနိုင်၏။ ဆရာ၏ အတွေးနှင့် ဆရာ၏အရေးတို့သည် စူးရှလာ၏။ ဆရာ၏အရေးနှင့် ဆရာ၏အတွေး သည် ပြည်သူ့လွတ်မြောက်ရေးမုခ်ဦးသို့ ဦးတည် သော တော်လှန်ရေးစာပေများ ရေးသားလာခဲ့ပေ သည်။ ထို့ကြောင့်လည်း အုပ်စိုးသူမြေရှင်၊ အရင်းရှင် နှင့် နယ်ချဲ့အပေါ် မှီခိုသော ဖဆပလဆိုရှယ်လစ်အစိုးရ လှုပ်လှုပ်ရှားရှား ဖြစ်လာရပေတော့သည်။

၁၉၅၀ ပြည့်နှစ်သာသာက ရေးသားခဲ့ သော ပြည်တော်သာခင်ခင်ဦး၊ ပြည်တွင်းစစ်၊ သူပုန် ကြီး၊ အမေ (ပ+ဒု) တို့နှင့် ပတ်သက်၍ အစိုးရအား



အကြည်ညိုပျက်စေသည့်ပုဒ်မများဖြင့် စုစုပေါင်း ၉ နှစ် ထောင်ကျခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် စတင် ထောင်ကျခဲ့သော်လည်း လျော့ရက်များ၊ လွတ်ငြိမ်းချမ်းသာခွင့် ဆဋ္ဌသံဂါယနာတင်ပွဲများဖြင့်တို့၍ ၄ နှစ်သာသာနှင့် ပြန်လည် လွတ်ခဲ့လေသည်။

ထိုစဉ်က အကျဉ်းထောင်စနစ်သည် ဖဆပလအစိုးရ၏ ပါလီမန်ဒီမိုကရေစီလွှတ်တော်စနစ်ဖြင့် အုပ်ချုပ်သောကာလ ဖြစ်၍ ဗိုလ်နေဝင်း စစ်အာဏာရှင်စနစ်လောက် ဥပဒေမဲ့နှိပ်စက်မှုမလုပ်ပေ။ အင်္ဂလိပ်ပြဋ္ဌာန်းခဲ့သော ကိုလိုနီထောင်ဥပဒေအရ နိုင်ငံရေးအကျဉ်းသားအနေဖြင့် ရသင့်သောအခွင့်အရေး ပေး၏။ စာလည်း ရေးရ၏။ ဆရာသည် ရသည့်အခွင့်အရေးကို အသုံးချ၍ ဆိုရှယ်လစ်အဘိဓာန်၊ ဆိုရှယ်လစ်ဦးကာ၊ မြန်မာနိုင်ငံတော်သမိုင်း၊ ကိုလိုနီခေတ်မြန်မာနိုင်ငံသမိုင်းတို့ကို ပြုစုနိုင် ခဲ့သည်ဟု ရေးသားဖူးပေသည်။

ဆရာသည် ရသစာပေရေးရုံနှင့် အားရပုံမပေါ်။ လူထုအား အသိအမြင်ပေးရာတွင် တိုက်ရိုက်ရိုးရှင်းစွာ ဖော်ပြနိုင်သော သတင်းစာလုပ်ငန်းကို စိတ်ဝင်စားပုံရသည်။ ထို့ကြောင့် ရသစာပေများ၊ သဘောတရားစာအုပ်များ ပြုစုခြင်းနှင့် တချိန်တည်း သတင်းစာနှင့် ဂျာနယ်ကို ထုတ်ဝေခဲ့၏။ လင်းယုန်သတင်းစာနှင့် လင်းယုန်ဂျာနယ် ထုတ်ခဲ့သည်။ လင်းယုန်မဂ္ဂဇင်းပင် ထုတ်သေးသည်ဟု မှတ်မိသည်။

ဆရာ သတင်းစာနှင့် ဂျာနယ်ထုတ်ဝေသောကာလသည် မြန်မာနိုင်ငံ၌ ပြည်တွင်းစစ်ရှိန်မြင့်နေဆဲဖြစ်သည်။ အမေရိကန် နယ်ချဲ့သမားသည် ဒုတိယကမ္ဘာစစ်အပြီး ကိုလိုနီနယ်ချဲ့ဟောင်းတို့ ဆုတ်သွားသောနေရာတို့၌ အစားထိုးနေရာယူရန် အားထုတ်သောကာလလည်းဖြစ်၏။ ဆိုဗီယက်ယူနီယံ ခေါင်းဆောင်သော ဆိုရှယ်လစ်နိုင်ငံများအား စစ်ရေးအရဝိုင်းပိတ်ရန် အားထုတ်သောကာလလည်းဖြစ်၏။ ဥရောပတွင် နေတိုး၊ အရှေ့အလယ်ပိုင်းတွင် ဆီးတိုး၊ အရှေ့တောင်အာရှတွင် ဆီးတိုး၊ ဩစတြေးလျနှင့် နယူးဇီလန်တို့တွင် အင်းဇပ်၊ ဂျပန်တွင် လုံခြုံရေးစာချုပ် စသည့် အသီးသီးသောစာချုပ်များဖြင့် ချုပ်ကိုင်ပြီး စစ်တပ်များချထားသည်။ တောင်ကိုရီးယားတွင် အမေရိကန်စစ်တပ် ချထားပြီး ကိုလိုနီလက်သစ်ဝါဒကျင့်သုံးခဲ့၏။ နိုင်ငံရေး၊ စီးပွားရေးကို ခြယ်လှယ်သည်။ ကွန်မြူနစ်ဆန့်ကျင်ရေးကို တွင်တွင်ကျယ်ကျယ်လုပ်လာ၏။

နှောင်ကြိုးမဲ့ကမ္ဘာဖြစ်ရမည်ဟု ဝါဒဖြန့်၍ ကွန်မြူနစ်ဆန့်ကျင်ရေးလုပ်သည်။ MRA ကဲ့သို့သော စာရိတ္တမြင့်တင်ရေးအဖွဲ့ များဖွဲ့ပြီး နိုင်ငံငယ်များသို့ ထိုးဖောက်သည်။ ဘာသာရေး၊ အနုပညာ၊ ပညာရေး၊ ယဉ်ကျေးမှု၊ လူမှုရေး ဘက်စုံက ထိုးဖောက်၍ နိုင်ငံငယ်များတွင်း ထောက်လှမ်းသည်။ ဗဟိုထောက်လှမ်းရေး CIA က ကြိုးကိုင်ပြီး အမေရိကန်နိုင်ငံခြားရေးပေါ်လစီ၏ အဆက် ဖြစ်ပေသည်။ မြန်မာနိုင်ငံမှ အနုပညာနှင့် နိုင်ငံရေး၊ စစ်ရေးပုဂ္ဂိုလ်အချို့ CIA နှင့် ဆက်စပ်မှုရှိသည်ဟု အတိုက်အခံနိုင်ငံရေး အသိုင်းအဝိုင်းက ဖော်ထုတ်ကြသည်။

အထူးသဖြင့် အာဆီယံဟုခေါ်သော နိုင်ငံများသည် ထိုစဉ်က ဆီးတိုး ခေါ် အရှေ့တောင်အာရှစစ်စာချုပ်အဖွဲ့ဝင် နိုင်ငံ များဖြစ်သည်။ ထိုင်းနိုင်ငံတွင် ဆီးတိုးစစ်ဌာနချုပ် ဖွင့်သည်။ ထိုစဉ်က ဆိုရှယ်လစ်ဂိုဏ်းနှင့် အနောက်အုပ်စုဂိုဏ်းတို့၏ ပဋိပက္ခ ကား နေရာအနှံ့အပြား ရှိခဲ့သည်။ အဏုမြူဗုံးများလည်း အသီးသီး

ထုတ်လုပ်ကိုင်စွဲနေကြပေပြီ။

အဆိုပါအခြေအနေများကြောင့် တတိယကမ္ဘာစစ်၊ အဏုမြူစစ်ပွဲကြီးများဖြစ်လာဦးမည်လောဟု ကမ္ဘာ့ပြည်သူများ ရင်မ နေကြရပေသည်။

ထိုစဉ်က ဆရာဇန်းမော်၏ လင်းယုန်သတင်းစာ၊ ဂျာနယ်တို့နှင့်အတူ ထွက်ရှိကြသည့် တိုးတက်သော သတင်းစာ၊ ဂျာနယ်တို့တွင်လည်း ကမ္ဘာ့ငြိမ်းချမ်းရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေးအတွက် ဦးစားပေးဖော်ပြသော ကမ္ဘာ့သတင်း များဖြင့် ပလူပျံနေပေသည်။

ပြည်တွင်းစစ် ကျယ်ပြန့်လာသည်နှင့်အမျှ အမျိုးသားညီညွတ်ရေး ပြိုကွဲရသည်မှာ ဓမ္မတာပင်မဟုတ်ပါလော။ အမျိုးသား ညီညွတ်ရေးပြိုကွဲလေ နယ်ချဲ့နှင့် ပြည်ပကျူးကျော်ရေးသမားတို့က သွေးခွဲသပ်လျှိုဝင်ရောက်ရေးအတွက် သည်းခြေကြိုက်လေ ပင် မဟုတ်လော။

ပြည်ချစ်ပုဂ္ဂိုလ်ကြီးလည်းဖြစ်၊ နယ်ချဲ့ဆန့်ကျင်ရေးအမျိုးသားစာဆိုကြီးလည်းဖြစ်သော ဆရာကြီးသခင်ကိုယ်တော်မှိုင်း သည် အိုကြီးအိုမ ဘဝရောက်သော်လည်း မနေသာဘဲ ပြည်တွင်းစစ်စဖြစ်ပြီး ရက်ပိုင်းအတွင်းမှာပင် ပြည်တွင်းစစ်ရပ်စဲရေး အတွက် စေ့စပ်ဆွေးနွေးဖြေရှင်းရန် ပန်ကြားခဲ့သည်။ ဆရာကြီး၏ပန်ကြားချက်ကို မရှောင်မလွှဲသာ၍ လက်နက်ကိုင်ပုန်ကန်ရသူ များက ကြိုဆိုကြသော်လည်း ဖဆပလဆိုရှယ်လစ်အစိုးရကမူ အပြုတ်တိုက်ရေးကိုသာ တွင်တွင်ဟစ်အော်နေပေသည်။

ဆရာကြီးသည် ပြည်တွင်းငြိမ်းချမ်းရေးသာမက ကမ္ဘာ့ငြိမ်းချမ်းရေးကိုလည်း ကြိုးပမ်းပြန်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်ကို ဖွဲ့စည်းကာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူသည်။ ဒဂုန်တာရာစသော လူငယ်စာရေးဆရာ နိုင်ငံရေးသမားများနှင့် လက်တွဲခဲ့သည်။

ဆရာဇန်းမော်သည် လင်းယုန်သတင်းစာ ဂျာနယ်တို့မှ ပြည်တွင်းငြိမ်းချမ်းရေး၊ ကမ္ဘာစစ်တားဆီးရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး တို့အတွက် စိုက်လိုက်မတ်တပ် ရေးသားလှုံ့ဆော်ခဲ့လေသည်။

''မခင်နီနှင့် ဝရမ်းပြေးအုန်းဖေ''၊ ''မြိုင်'' ဝတ္ထုရှည်များသည် ပြည်တွင်းငြိမ်းချမ်းရေးကို ရည်ရွယ်ရေးသား ထားခဲ့သည်ဟု သိရပါသည်။

ဤနေရာတွင် ဆရာဇန်းမော်၏ စာပေအနှစ်သဘောကို ခြုံငုံလေ့လာလျှင် ဆရာသည် နိုင်ငံရေးအတွေးအခေါ်အပေါ် အခြေပြုပြီးရေးသားသည်ကို တွေ့ရပေမည်။ သူတွေးခေါ်သော နိုင်ငံရေးအချုပ်သဘောဖြစ်သည့် နယ်ချဲ့ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် လူတန်းစားပဋိပက္ခများ၏ပုံရိပ်များကို အနုပညာ၊ သတင်းစာပညာများဖြင့် ပေါင်းစပ်ဖော်ပြခဲ့ပေ သည်။

လင်းယုန်သည် မုန်တိုင်းထန်သော မြန်မာနိုင်ငံလူမှုရေးခွင်ထဲတွင် ရုန်းကန်ပျံသန်းရသည်။ မိသားစုအရေးကို စွန့်လွှတ် ကာ စာပေ၊ အနုပညာ၊ နိုင်ငံရေးရည်ရွယ်ချက်များအတွက် စိုက်လိုက်မတ်တပ်ဆောင်ရွက်ခဲ့ရာတွင် ကလောင်ကိုင်တိုက်ပွဲဝင် ရုံမကသေနတ်ကိုင်တိုက်ပွဲဝင်ဖို့ပင် ကြိုးပမ်းခဲ့၏။

ရဲဘော်သုံးကျိပ်ဘဝကတည်းက အကျင့်ပျက်ခြင်းနှင့် အတ္တစွဲကြီးသော ဗိုလ်နေဝင်းသည် ၁၉၅၈ ခုနှစ်၊ ဖဆပလ အစိုးရအကွဲတွင် တပ်မတော်အတွင်းမှ ဆိုရှယ်လစ်စစ်ဗိုလ်အချို့နှင့် ပူးပေါင်းကာ အစိုးရအာဏာကို သိမ်းပိုက်ခဲ့သည်။ ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်၊ ဗိုလ်တင်ဖေတို့နှင့်ပူးပေါင်းကာ သန့်ရှင်းဖဆပလအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု အစိုးရထံမှ နိုင်ငံတော်အာဏာကို စစ်တပ်ဖြင့်အာဏာသိမ်းခဲ့သည်။

ထိုအကြံအစည်ကို တက်ကြွသော ဒီမိုကရေစီလိုလားသူများ၊ အလုပ်သမားများက သိရှိသည်။ သန့်ရှင်းအစိုးရ ပြည်ထဲ ရေးဝန်ကြီး ဗိုလ်မင်းခေါင်လည်း သိသည်။ သူက သူ့လက်အောက်ရှိ စစ်ရဲတပ်ရင်းများဖြင့် ခုခံရန် ပြင်ဆင်၏။ ဆရာဇန်းမော်တို့ အလုပ်သမားအင်အားစုလည်း ဗိုလ်မင်းခေါင်နှင့် ပူးပေါင်းကာ စစ်ဘက်အာဏာသိမ်းမှုကို ခုခံရန်ပြင်ဆင်ကြ၏။ ဤကိစ္စတွင် အစိုးရအဖွဲ့ဝန်ကြီးချုပ်က သဘောတူရန် လိုအပ်၏။ ဦးနုနှင့် တိုင်ပင်သောအခါ ဦးနုက လက်မခံခဲ့၍ အစီအစဉ်ပျက်ခဲ့ရသည်။ ပျက်ရုံမကကြံစည်သူများ ဖမ်းဆီးခံရ၊ ပုန်းလျှိုးရ ဖြစ်ကုန်သည်။

> ❝ လူတစ်ယောက်ရဲ့တန်ဖိုးဟာ သူဖြတ်သန်းကျော်လွှားနေရတဲ့ခေတ်ကြီးက သူ့ပခုံးပေါ်တင်ပေးလိုက်တဲ့ သမိုင်းတာဝန် ကို သူဘယ်လောက် သယ်ပိုး ထမ်းဆောင်ခဲ့တယ်ဆိုတဲ့အချက်နဲ့ တိုင်းတာရမှာပဲ။

ဗန်းမော်တင်အောင်

ဆန့်ကျင်သော နိုင်ငံရေးသမားနှင့် ကျောင်းသားများ ပထမအကြိမ် ကိုကိုးကျွန်းသို့ အပို့ခံခဲ့ကြရသည်။ ဆရာဗန်းမော်ကား ထိုသို့သောလူမျိုးလည်း ဖြစ်၏။ ထိုကိစ္စကို လင်းယုန် ဂျာနယ်၌ ''ဝင်ဒါမီယာ နန်းတွင်းလုပ်ကြံမှုကြီး'' ဟု ခေါင်းစဉ်တပ်၍ ရေးခဲ့၏။

ဆရာဗန်းမော်သည် စာရေးဆရာသမဂ္ဂ၊ စာပေကလပ်၊ ဆရာကြီးမှိုင်း၏ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ စသည့် လူထုအစည်းအရုံးများ၌လည်း ပါဝင်လှုပ်ရှားခဲ့သေးသည်။

၁၉၆၃ ခုနှစ်၊ တော်လှန်ရေးကောင်စီအစိုးရနှင့် တောတွင်းတော်လှန်အင်အားစုများ တွေ့ဆုံပွဲပျက်သွားသောအခါ စစ်အစိုးရက အတိုက်အခံ နိုင်ငံရေးသမားများ၊ ငြိမ်းချမ်းရေးလှုပ်ရှားသူများ၊ ကျောင်းသားများ စုစုပေါင်း ၂၀၀ ကျော်ကို ဒုတိယအကြိမ် ကိုကိုကျွန်းအကျဉ်းစခန်းသို့ ဖမ်းဆီးပို့ခဲ့၏။ ထိုအထဲတွင် ဆရာဗန်းမော်၊ ဆရာမြသန်းတင့်တို့ကဲ့သို့သော စာရေးဆရာ တို့လည်း ပါဝင်၏။ ဆရာသည် မတရားကျွန်းပို့ခံရမှုမှလွတ်မြောက်ရေး၊ ကျွန်းဖျက်သိမ်းရေး တိုက်ပွဲ၊ နိုင်ငံရေးအကျဉ်းသားများ အစာငတ်ခံဆန္ဒပြပွဲ၌လည်း ပါဝင်ခဲ့ပေသည်။ လင်းယုန်ကား မုန်တိုင်းကို ဖြတ်ရပြန်သည်။

ဆရာဗန်းမော်နှင့်ပတ်သက်၍ ဆရာဒဂုန်တာရာ၏မှတ်ချက်ကို ဤနေရာ၌ မဖော်ပြကဆောင်းပါး မပြည့်စုံနိုင်ပေ။ ဆရာဒဂုန်တာရာက ''ကိုတင်အောင်ရဲ့စာရေးပုံမှာ အဆင့်သုံးဆင့်ရှိတယ်။ နုငယ်စဉ်က အနုအလှစာပေကို ရေးခဲ့တယ်။ နောက်မှာတော့ သရုပ်ဖော်စာပေကို ရေးခဲ့တယ်။ အရွယ်ရင့်လာတော့ သဘောတရားအဘိဓမ္မာစာပေကို ဦးစားပေးရေးခဲ့တယ်'' ဟု မှတ်ချက်ပြုခဲ့ပေသည်။

ဇွန်လ မိုးသက်မုန်တိုင်းများကြားမှာ မွေးဖွားလာပြီး မြန်မာနိုင်ငံ နိုင်ငံရေးမုန်တိုင်းထန်ပြင်းမှုများကြားမှာ ကြီးပြင်းရုံမက ပြည်သူ့လွတ်မြောက်ရေးအတွက် စာရေးဆရာ၊ သတင်းစာဆရာ၊ အဘိဓမ္မာရှင်းလင်းပြသူအဖြစ် ဆရာသည် တရှုမနား စွန့်လွှတ်မှုအမျိုးမျိုးကြားက ဖြတ်သန်းဆောင်ရွက်ခဲ့သည်။ အကြီးဆုံးနှင့် အခြေခံအကျဆုံး ဖြတ်သန်းမှုမှာ မိမိအတ္တအကျိုးစီးပွား ကို ပိုင်ပိုင်နိုင်နိုင် ရိုက်ချိုးနိုင်စွမ်းပင်ဖြစ်၏။

ဆရာသည် ကွယ်လွန်ခါနီးမှာပင် ပြည်သူလူထုနှင့် လူငယ်သစ်များအတွက် အမှာစကား ထားရစ်ခဲ့ရန် သတိမပေ့ါခဲ့ပေ။

''လူတစ်ယောက်ရဲ့တန်ဖိုးဟာ သူဖြတ်သန်းကျော်လွှားနေရတဲ့ခေတ်ကြီးက သူ့ပခုံးပေါ်တင်ပေးလိုက်တဲ့ သမိုင်းတာဝန် ကို သူဘယ်လောက် သယ်ပိုးထမ်းဆောင်ခဲ့တယ်ဆိုတဲ့အချက်နဲ့ တိုင်းတာရမှာပဲ'' ဟူ၍ မှာကြားခဲ့လေသည်။

လင်းယုန်သည် မုန်တိုင်းများကြား ပျံသန်းရင်း မိမိကိုယ်ကိုမိမိ ကြေးမုံပြင်တွင် ပြန်ကြည့်ရန်လည်း မမေ့မလျော့ခဲ့ပေ။ ၁၉၇၀ ပြည့်နှစ်တဝိုက်က တရုတ်ပြည်ယဉ်ကျေးမှုတော်လှန်ရေး၏ဂယက် မြန်မာ့စာပေလောကသို့ ရိုက်ခတ်ခဲ့၏။ စာပေလူငယ်တစ်စုက ''မိုးကြိုးမုန်တိုင်း'' စာစောင်ထုတ်ပြီး ဆရာဒဂုန်တာရာ၊ ဆရာဗန်းမော်တင်အောင် အပါအဝင် အချို့စာရေးဆရာတို့၏ ရေးသားခဲ့သောစာအုပ်များကို ဝေဖန်တိုက်ခိုက်ကြ၏။ ထိုစဉ်က ဆရာဗန်းမော်က ထိုလူငယ်တို့အပေါ် အပြစ်မမြင်ဘဲ သူ့ကိုယ်သူ ဝေဖန်ရေးဆန်ဆန်ပြောသည်မှာ ''မိမိက မှန်ရှေ့မှာရပ်ပြီး ကြည့်

လိုက်တော့မှ ကိုယ်တစ်သက်လုံးသိခဲ့တဲ့ လက်ဝဲလက်ဟာ လက်ယာလက်ဖြစ်နေပြီး လက်ယာလက်ဟာ လက်ဝဲလက်ဖြစ်နေတာ သတိပြုမိတယ်ဗျာ'' ဟု သူ့အား မိုးကြိုးမုန်တိုင်းနှင့် ပတ်သက်၍ မေးမြန်းသူများကို ဖြေကြားဖူး၏။ ဆရာဇန်းမော်သည် ဝေဖန်ရေးနှင့် ပတ်သက်၍ သူတပါးကိုဝေဖန်ရေးထက် မိမိကိုယ်ကို ဝေဖန်ရေးက အရင်စသင့်သည်ဟု အမြဲပြောတတ်ပေသည်။

ဆရာဇန်းမော်သည် ကိုကိုးကျွန်း ရက် ၄၀ အစာတော်ခံတိုက်ပွဲ ရက် ၄၀ နားနီးကပ်လာချိန်မှာ အခြားရဲဘော်များကဲ့သို့ ခွန်အားဆုတ်ယုတ်ပြီး မရဏလမ်းသို့ တရွေ့ရွေ့နီးကပ်လာခဲ့၏။ ထိုစဉ် ထောင်ထုံးစံအတိုင်း ထောင်အာဏာပိုင်နှင့် ဆရာဝန်က ဆေးကုသမှုခံယူနိုင်ကြောင်း ချဉ်းကပ်ပြောဆိုကြ၏။ လင်းယုန်က ''နောက်ဆုံးထွက်သက်အထိ တိုက်ပွဲဝင်သွားမယ်'' ဟု ပြတ်ပြတ်ပင် ပြန်ကြားခဲ့သည်။ ထိုသို့သော သူ၏စာပေအနုပညာရပ်တည်ချက်ကား ပြည်သူ့အကျိုးစီးပွားမှ တဖဝါးမျှမခွာသည် မှာ သေချာလှပေသည်။

ဆရာဇန်းမော်သည် မိမိနှင့် အယူအဆတူသူများ၏ ချစ်ခင်လေးစားမှုကိုသာ ခံယူရသည်မဟုတ်ပေ။ မိမိနှင့် အယူအဆ မတူသူများ၏ လေးစားချစ်ခင်မှုကို ခံယူမှုရရှိသည်။ တခါက ဝန်ကြီးချုပ်ဦးနု၏အကြံပေးအရာရှိ အိုင်စီအက်စ်ဦးအုန်းဆိုလျှင် လင်းယုန်အား အလွန်ခင်၏။ ကျန်းမာရေးနှင့် ပတ်သက်၍ ပေကတ်နေသော လင်းယုန်၏ ရောဂါအခြေအနေကို စိုးရိမ်တကြီးဖြစ် ကာ တိုက်တိုက်တွန်းတွန်း ဆေးရုံပို့ခဲ့သူမှာ ဦးအုန်းပင်ဖြစ်သည်။

မြန်မာလူမျိုးများ၏ ဓလေ့ထုံးတမ်းအရ အသုဘနှင့်ပတ်သက်သောပစ္စည်းများကို တတ်နိုင်သမျှ အိမ်မှာ မထားဝံ့ကြပေ။ ဆရာ့အသုဘအခမ်းအနားက နှင်းဆီပန်းနီနီများကို လူအများက အိမ်အပြန်ယူသွားကြခြင်းမှာ ဆရာ့အပေါ် ချစ်မြတ်နိုးလေးစားမှု ၏ အထွတ်အထိပ်ဟု ဆိုချင်ပေသည်။

ဆရာသည် တချိန်ကနိုင်ငံရေးစကားနှင့်ဆိုသော် နီလည်းနီ၊ ချွန်လည်းချွန်သောပုဂ္ဂိုလ်ဟု ဆိုရပေမည်။ ဆရာသည် အတွေးအခေါ်အရ၊ နိုင်ငံရေးအရ၊ နိုင်ငံရေးဘောဂဗေဒအရ၊ စည်းရုံးအရေးအရ၊ လူတန်းစား ရန်/ငါစည်းပြတ်ခြင်းအားဖြင့် အနီရောင်လွှမ်းခြုံထားသည်ဟု ဆိုရပေမည်။ တဖန် ဆရာ့အသုဘအား လူတန်းစားပေါင်းစုံ ပြည်သူများနှင့် ဘာသာအသီးသီးမှ ပုဂ္ဂိုလ်များ လာရောက်ပို့ဆောင်ကြခြင်းကို ကြည့်ခြင်းအားဖြင့်လည်း ဆရာ့စာပေနှင့် နိုင်ငံရေးသြဇာအဝန်းအဝိုင်းကို ကောင်းစွာ ခန့်မှန်းနိုင်ပေသည်။

သို့သော် ဆရာသည် နီရုံတင်မက စာပေအနုပညာ အရေးအသားများ၌လည်း ချွန်ထက်၏။ ထို့ကြောင့်လည်း ဆရာ၏ မြန်မာနိုင်ငံသမိုင်းစာအုပ်များနှင့်ပတ်သက်၍ ဆရာကြီးဒေါက်တာသန်းထွန်းက သူသာ ပါရဂူဘွဲ့ပေးပိုင်ခွင့်ရှိလျှင် ဆရာဇန်းမော်အား ဒေါက်တာဘွဲ့ပေးချင်ပါသည်ဟု မှတ်ချက်ပြုကြောင်း ကြားသိရသည်။

ဆ ရာ ၏ အ ဘိ ဓ မ္မာ ကျ မ်း များ ဖြ စ် သော ''သဘာဝသိပ္ပံ'' ကျမ်းကို အကြောင်းပြု၍ မန္တလေးသူ ဆေးပညာပါမောက္ခ ဒေါက်တာ(ဒေါ်)မြင့်မြင့်ခင်က စာပေပညာရှင်လောကတွင် စစ်စစ်မှန်မှန်လေးပေးမည်ဆိုက အလွန်တရာရခဲလှသော ဂုဏ်ထူးဆောင် စာပေပညာရှင် LAUREATE ဆိုသောဘွဲ့ကို ဆရာဇန်းမော်အား ချီးမြှင့်သင့်ကြောင်း ဆိုခဲ့ပေသည်။

လင်းယုန်သည် မွေးဖွားချိန်မှ ကွယ်လွန်ချိန်အတွင်း မုန်တိုင်းများကြားမှ နောက်သို့ ခြေတဖဝါးဆုတ်၍မျှ ရပ်တည်ခြင်း မပြုဘဲ ''နီလည်းနီ၊ ချွန်လည်းချွန်'' စိတ်ဓာတ်ဖြင့် ရပ်တည်သွားခဲ့သည်။ မိမိပခုံးပေါ်တင်ရှိလာသော သမိုင်းတာဝန်ကို အသက်ဆုံးတိုင် ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။ သာမန်ထမ်းဆောင်ရုံတင်မဟုတ်ဘဲ မြန်မာ့စာပေသမိုင်းတွင် နိုင်ငံရေးနှင့် အနုပညာပေါင်းစပ်ပြီး စာပေလောကတွင် ပြည်သူ့လွတ်မြောက်ရေးစာရေးဆရာအဖြစ် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဆရာဒဂုန်တာယာတို့နှင့်အတူ ရပ်တည်ဦးဆောင်ခဲ့သော စာဆိုခေါင်းဆောင်အဖြစ် ဖော်ပြရင်း လင်းယုန်ကြီး၏ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၉ ရက်တွင် ပြည့်မြောက်တော့မည့် အနှစ် (၁၀၀) ပြည့်ကို ကြိုဆိုတင်ပြလိုက်ရပေသည်။ ■

# ကျွန်တော်နဲ့ ကိုတင်အောင်

■ ဟံသာဝတီဦးဝင်းတင်

ဗန်းမော်တင်အောင် အကြောင်းကို ပြောရမယ်ဆိုရင် ကျွန်တော် ထိုင်ပြောတာကို ခွင့်လွှတ်ပါ။ မတ်တတ်ရပ်ဖို့ ကျွန်တော်မှာ အခက်အခဲရှိလို့ပါ။

ကျွန်တော် ဗန်းမော်တင်အောင် အကြောင်း ပြောမယ်ဆိုရင် ပြောစရာတွေက အများကြီးပါ။ ဗန်းမော်တင်အောင်နဲ့ ကျွန်တော်ဟာ အရင်းနှီးဆုံးပုဂ္ဂိုလ်ထဲမှာ မပါသော်ငြားလည်း ခင်မင်တဲ့ ပုဂ္ဂိုလ်ထဲမှာပါတယ် လို့ ကျွန်တော်ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ဗန်းမော်တင်အောင်ကို ၁၉၅၀ ကျော်ကတည်းကစပြီးတော့ သတင်းစာထုတ်တဲ့အထိ မြင်ဖူးပါတယ်။ အဲဒီမှာလုပ်တဲ့ သူ့ရဲ့တပည့်သားမြေးတွေ၊ သူ့ရဲ့ရဲဘော်၊ စာရေးဆရာတွေနဲ့လည်း ကျွန်တော် အရမ်းရင်းနှီးပါတယ်။နောက်ပြီးတော့ နိုင်ငံရေး အားဖြင့်ဆိုလို့ ရှိရင်လည်း ကျွန်တော်က နိုင်ကျဉ်းဟောင်း ဟုတ်သော်ငြားလည်း အလွန်နီးစပ်ပြီးတော့ သူ့ရဲ့နိုင်ငံရေးရဲဘော်တွေ ၊ နီးစပ်တယ်လို့ ပြောချင်ပါတယ်။ ကျွန်တော်လည်းသတင်းစာဆရာလုပ်တယ်။ကိုတင်အောင်လည်း သတင်းစာဆရာလုပ်တယ်ဆိုတဲ့အခါကျတော့ ကိုတင်အောင်နဲ့ ကျွန်တော်နဲ့က သတင်းစာဆရာချင်း စာရေးဆရာချင်း ရင်းနှီးမှု ရှိတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။

ဒါက ပြောခွင့်လေးရှိတယ်ဆိုတာကို ပြောခြင်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုတင်အောင်အကြောင်းကို ပြောမယ်ဆိုရင် အများကြီးပြောနိုင်တဲ့သူတွေ အများကြီးရှိပါတယ်။ သူရဲ့ စာပေပရိတ်သက် အများကြီးရှိတာကိုက သူ့အကြောင်းကိုပြောခွင့်ရှိတာ။ သူရေးခဲ့တဲ့စာပေတွေနဲ့၊ သူ့စာပေတွေကနေပြီးတော့ သိရတဲ့သူ့ ရဲ့ နိုင်ငံရေးသဘောတရားတွေနဲ့ပတ်သက်လို့ နောက်တခါ သူ့စာပေတွေကနေပြီးတော့ သိရတဲ့ လူပုဂ္ဂိုလ်အမြင်။ လူ့သဘောထားပေါ့။ လူပေါ်မှာအမြင်။လူတယောက်ဘယ်လိုဟာမျိုးဟာ လူလို့ခေါ်သလဲ ကိုတင်အောင်ရဲ့ထူးခြားတဲ့အမြင်တွေ။ ဒါတွေနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင်တော့ အများကြီး ပြောစရာရှိတာပေါ့။အဲ့တော အဲ့ဒီလိုပြောတဲ့သူတွေထဲမှာ ပြောနိုင်ကြတဲ့သူတွေကြားထဲ အနေအထားမှာ ကျွန်တော်လည်း ခုနပြောသလို လူပုဂ္ဂိုလ်အရ ကိုတင်အောင်နဲ့ရင်းနှီးတဲ့သူအနေနဲ့ ပြောမယ်ဆိုရင် ပြောလို့ရတယ်ဆိုတာကို ပြောခြင်းဖြစ်ပါတယ်။

ကျွန်တော် ကိုတင်အောင်နဲ့ ပတ်သက်ပြီးတော့ ပြောချင်တာတွေ အများကြီးရှိသော်ငြားလည်း ကျွန်တော် သိပ်မပြောတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နောက်ပိုင်းအကျဉ်းထောင်ထဲမှာ အတူတူနေဖူးတဲ့ ပုဂ္ဂိုလ်တွေ၊ စကားပြောစရာတွေရှိတယ်။သူနဲ့အတူ နိုင်ငံရေးလုပ်တဲ့ နိုင်ငံရေးရဲဘော်တွေရှိမယ်။ဆိုတော့ စာပေနဲ့ပတ်သက်လို့ ပြောမယ့်သူ ကျွန်တော်ထင်တယ် အတော်နည်းသွားပြီး။ကျွန်တော် ဒီမှာထိုင်နေတယ်။ ရဲဘော်ကြီး ဗိုလ်အောင်ဒင်တို့ဘာတို့ဆိုရင် ကိုတင်အောင်နဲ့ အတူ နိုင်ငံရေးလည်းလုပ်ခဲ့၊ နောက်ပြီးတော့ စာပေလုပ်ငန်းတွေလည်းလုပ်ခဲ့။သူတို့ အဲလို လူမျိုးတွေကျတော့ အတော်နည်းသွားပြီး။ လင်းယုန်မောင်မောင်တို့ ၊ သူနဲ့အတူလုပ်ခဲ့ဖူးတဲ့သူတွေ အတော်နည်းသွားပြီး။ အဲ့တော့ ကျွန်တော် ပြောချင်တာက အထူးသဖြင့်ကတော့စာပေးအကြောင်းကိုပြောချင်ပါတယ်။ စာပေအကြောင်းကိုမှ ပြောနိုင်ဆိုနိုင်တဲ့သူက အတော်လေးနည်းသွားပြီ။ ကျွန်တော်ရဲ့မှတ်ဉာဏ်လည်း အများကြီး လျော့သွားပြီ။ ကိုတင်အောင် စာအုပ်တွေထဲက ဇာတ်ကောင်တွေ၊ဇာတ်လမ်းတွေ ၊ ဇာတ်ထုတ်တွေ ဒါတွေ ကျွန်တော်ပြောဖို့ တော်တော်လေး အားနည်းသွားပြီး။ ကျွန်တော်သိပ်မပြောနိုင်တော့ပါဘူး။ ဘာပဲပြောပြော အားလုံးသိကြပြီးသားဖြစ်တဲ့အတွက် စာပေအကြောင်းတွေ ကျွန်တော် မပြောသော်ငြားလည်း ကိုတင်အောင် ရဲ့စာပေအယူ



ဆရာဗန်းမော်တင်အောင်ကွယ်လွန်ခြင်း ၃၅ နှစ်မြောက်အောက်မေ့ဖွယ်အခမ်းအနားမှာ တွေ့ရတဲ့ ဟံသာဝတီဦးဝင်းတင် (လက်ဝဲဖက်မှ ၃ ယောက်မြောက် အကျႌအပြာနှင့်)

အဆ နိုင်ငံရေးအယူအဆ နဲ့ အဲ့ဒါတွေ နဲ့ ပတ်သက်လို့ ကျွန်တော် နည်းနည်းတော့ပြော နိုင်တယ်လို့ ယူဆပါတယ်။ နောက်တခုက ပုဂ္ဂိုလ်ရေး ယူဆပါတယ်။ စာပေတွေနဲ့ ပတ်သက်ပြီး ပြောချင်တာကတော့ ကိုတင်အောင် ဟာကျွန်တော်တို့စပြီးတော့ ကျွန်တော် စာလေးဘာလေးဖတ်ခါစက ၁၅ နှစ် ၁၆ နှစ်သား ဂျာနယ်ကျော် အမြဲတမ်းဖတ်တယ်။ ဂျာနယ်ကျော်ထဲမှာ ဆိုပြီးတော့ ဝတ္ထုလေး တစ်ပုဒ်ပါပါတယ်။ ဒါက ဘာပဲပြောပြော အဲ့ဒီခေတ် အယူအဆနဲ့ ဒီဘက်ခေတ်တော်လှန်ရေးကို အခြေခံပြီး ရေးထားတဲ့ ဝတ္ထုတိုလေးပါ။၁၉၄၅ လောက်မှာပါတဲ့ထူးခြားတဲ့ဝတ္ထုလေး ဖြစ်တယ်။ဒီဝတ္ထုလေးကို တခါတလေ ကိုတင်အောင်ရဲ့ စာတွေ ထဲမှာ မတွေ့ရဘဲဖြစ် အဲနောက်ပိုင်းမှာလည်း ကိုတင်အောင်ရဲ့စာတွေ မတွေ့ရဘဲဖြစ်တယ်။ အဲနောက်ပိုင်း ကိုတင်အောင် ရေးတဲ့ ဝတ္ထုတွေ ထဲမှာဆိုလို့ရှိရင် ဘုန်းမောင်တစ်ယောက်တည်းရယ် ဆိုလို့ရှိရင် အဲ့ဒီခေတ် အခါတုန်းကသြဇာရှိတဲ့ရေးဟန်လေးတွေ အယူအဆတွေပါတယ်။ သဘောထားတွေပါတယ်။ အမြင်တွေပါတယ် ဆိုတဲ့အခါကျတော့ အလွန်သြဇာကြီးတဲ့ စာအုပ်တအုပ်လို့ ပြောလို့ရတယ်။ ကိုတင်အောင် အဲဒီကနေပြီးတော့ ဝတ္ထုတွေ ၊သူကျော်ဖြတ်ခဲ့တဲ့ ခေတ်ကာလ သမိုင်းခေတ်တော်လှန်ရေးကာလကို အခြေပြုပြီးတော့ ရေးတယ်။ ရေးတဲ့နေရာမှာလည်း တိုင်းရင်းသားတွေကို အခြေခံပြီးတော့ရေးတယ်။ တိုင်းရင်းသားတွေပေါ်မှာထားတဲ့ သူ့ရဲ့ သဘောထား ၊ တိုင်းရင်းသားတွေရဲ့ ဖွံ့စည်းလှုပ်ရှားမှုမှာပါတာတွေ ရေးတယ်။ ကိုတင်အောင်ရဲ့ စိတ်ထား ၊ သဘောထား အမြင် ဒါကို ပထမဆုံးအလေးထားပြီးပြောလိုခြင်း ဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ ခုနပြောသလို အနေအထားကျတော့ ဖြစ်ရင် ခေတ်ရဲ့ အနေအထား အများကြီးပြောင်းသွားပြီး ၊ခေတ်ရဲ့ အမြင်တွေ ခေတ်ရဲ့သဘောထားတွေ အဲ့ဒီခေတ် တုန်းက ဆိုရင် ဆိုပါတော့ဗျာ ဝတ္ထု တွေ အများကြီး ပေါ်ပါတယ်။ လင်းယုန်ကြီးရဲ့ ဝတ္ထု တွေမှာ ဆိုလို့ရှိရင် ဝတ္ထုတွေ အများကြီး ရှိတယ်။ဝတ္ထုတွေရဲ့ အနေအထားက စိတ်ကူးယဉ်စရာတွေပါတယ်။ စိတ်ကူးယဉ်တာတွေ ပါသလိုပဲ လူငယ်ဆိုတာ စိတ်ကူးယဉ်ရတယ်ဆိုတာကို လူငယ်ဟာ စိတ်ကူးယဉ်ရမှာပဲ။ မယဉ်လို့မရပါဘူး။စိတ်ကူးယဉ်တဲ့ ဟာရှိမှာ လူငယ်တွေဟာ ဘဝကို ရုန်းကန်နိုင်မယ်။



ဗန်းမော်တင်အောင် ကွယ်လွန်ခြင်း ၄၁ နှစ်မြောက် အခမ်းအနား ■ ဓာတ်ပုံ - အင်တာနက်

ဘဝကိုရင်ဆိုင်နိုင်မယ်။ ဘဝကို ဖြတ်သန်းနိုင်မယ် လို့ ယူဆတယ်။ ကိုတင်အောင်ဟာ အဲဒီအယူအဆ တွေ ရှိတယ်လို့ ကျွန်တော်ယူဆပါတယ်။အဲတော့ ကို တင်အောင်ရဲ့စာတွေမှာစကားလုံးအဆန်းတွေပါတယ် အသုံးအနှုန်း ဒါတွေအတွက် ကြိုက်တဲ့သူရှိတယ်။ ဝေဖန်တဲ့သူရှိတယ်။ ဘယ်လိုပဲပြောပြော ဩဇာအလွန် ကြီးမားတဲ့ စာပေ၊ ဝတ္ထုဖြစ်တယ်လို့ ပြောနိုင်ပါတယ်။ အဲဒီအတွက် တော်လှန်ရင်းနဲ့ နောက်ဆုံးကျတော့ ကို တင်အောင် ဟာ စာအများကြီးရေးပြီးတော့ လူတွေရဲ့ တော်လှန်ရေးစိတ်ကို နယ်ချဲဆန့်ကျင်ရေး အာဏာရှင် တွေဖိနှိပ်လို့ ဒါတွေကို ဆန့်ကျင်တဲ့ဟာကို သူ့ရဲ့ ဘဝ ၊ သူကိုယ်တိုင်ဖြတ်သန်းခဲ့တဲ့ ဘဝ ၊ သူရဲ့ အတွေ့အကြုံ တွေ လို့ ပြောလို့ရပါတယ်။ကိုတင်အောင် ရဲ့ နိုင်ငံရေး အယူအဆတွေ အများကြီးဖော်ပြနေသလို ဖြစ်ပါ တယ်။ ဒီဝတ္ထုကြီး အခု ပြန်ပြီးတော့လည်း ထွက်လာ ပါတယ်။ ကိုတင်အောင် ရေးဟန်တွေကို ကြိုက်တဲ့သူ ရှိမယ်၊ မကြိုက်တဲ့သူရှိမယ်။ ဒါပေမဲ့ အရေးကြီးတာ တခုက ကျန်ခဲ့တဲ့ ဒီဝတ္ထုကြီးကို ဖော်ပြတဲ့ ပရိတ်သက် သဘောထားအမြင်၊ နိုင်ငံရေး သဘောထား နိုင်ငံရေး အမြင် အယ်ဒီတာအာဘော် အရေးကြီးတယ်လို့ မြင် ပါတယ်။ ဒါတွေနဲ့ ပတ်သက်ပြီးတော့ မိသားစုတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေ သူ့ရဲ့ စာပေရဲဘော် အားလုံးကို တိုက်တွန်းချင်တာက ကိုတင်အောင်ရဲ့ စာတွေကိုပြန်ပြီးတော့ထုတ်နိုင်အောင် ကြိုးစားပါ လို့ တိုက်တွန်းချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကို တင်အောင်ရဲ့လက်ရေးအမြင်များ ဒီနေ့အခါမှာ ပိုမို အစိုးရနေတုန်းပဲ။ ပိုမို ထက်မြတ်နေတုန်းပဲ ။ အဲ့ဒီလို ပဲ ကျွန်တော် ယူဆပါတယ်။ဘာလို့လဲဆိုတော့ တခြား အကြောင့် မဟုတ်ဘူး။ ကိုတင်အောင်ရဲ့ စာတွေက တ ပိုင်းထား ၊ ကိုတင်အောင်ကျော်ဖြတ်ခဲ့တဲ့ ခေတ်တွေနဲ့ ဒီနေ့ ကျွန်တော်တို့ကျော်ဖြတ်နေတဲ့ခေတ်တွေက သိပ် မကွာခြားလှဘူး။ အတူတူမျိုးတွေချည်းပဲ။

ဆိုပါတော့ ကိုတင်အောင် သတင်းစာ လုပ် တဲ့ ၁၉၅၇-၅၈ လောက်က ရှင်းရှင်းပြောရရင်အဲတုန်း က ဗမာပြည်နိုင်ငံရေးဟာလည်း အခုနိုင်ငံရေး လိုပဲ လှုပ်ရှားနေတဲ့နိုင်ငံရေး၊ တက်ကြွနေတဲ့ နိုင်ငံရေးပါ ပဲ။ အလားတူပဲ တဖက်ကနေပြီးတော့ တိုင်းပြည်ရဲ့ အာဏာကိုလွှမ်းမိုးနေတဲ့ပုဂ္ဂိုလ်တွေစစ်တပ်တို့စစ်ဗိုလ် တို့ ထွက်လာတဲ့ကာလဖြစ်ပါတယ်။ အာဏာရှင်တွေ အကုန်လုံးကလည်း အဲကာလမှာပဲ အိမ်စောင့်အစိုးရ ဆိုတဲ့ အာဏာလွှဲပြောင်းမှုပေါ့။ သိမ်းထားတဲ့ ဦးနုရဲ့ ဗိုလ်ချုပ်ကြီးနေဝင်းကိုယ်တိုင်၊အာဏာကို လွှဲပြောင်း ယူလိုက်တာ။ဒါပေမဲ့ တကယ်တော့ အာဏာလွှဲပြောင်း တာမဟုတ်ပါဘူး။ အာဏာသိမ်းလိုက်တာ။အဲတော့ ဆိုလိုတာကက တို့ဗမာပြည်မှာသူတို့အာဏာရှင်တွေ လက်ထက်မှာ အာဏာသိမ်းမှုတွေ တနည်းမဟုတ် တနည်း၊ တချိန်မဟုတ်တချိန်မှာ သူတို့ကြုံတွေ့ခဲ့ရဖူး သလိုပဲ အဲဒီအချိန်တုန်းက လူရွယ်၊ လူငယ်၊လူလတ်၊

အဲဒါတွေဟာလည်း အကုန်းလုံးကလည်း အာဏာရှင်တွေရဲ့ ခေတ်စနစ်ကိုစပြီးကြုံခဲ့ရပါတယ်။ အဲဒီအချိန်မှာလည်း သူတို့တွေဟာ တိုက်နေတဲ့သူတွေ၊ဒီဟာတွေနဲ့ ပတ်သက်ပြီးတော့လည်း ကြိုးစားမယ် အပြည့်ရှိခဲ့တယ်။အာဏာရှင်တွေဘက်ကနေပြီးတော့ ဖိနှပ်ချုပ်ချယ်မှုတွေ ထွက်လာတယ်။ ဦးနေဝင်းအစိုးရကလည်း သူတို့ကိုသူတို့ အာဏာရှင်အစိုးရလို့မပြောဘူး။ စစ်အစိုးရလို့တောင်မပြောဘူး။အိမ်စောင့်အစိုးရဆိုပြီးပြောသော်ငြားလည်း တဖက်ကနေပြီးတော့ ဖိနှိပ်မှု၊ချုပ်ချယ်မှုယန္တရားကိုလည်းအပြည့်တည်ဆောက်ထားတယ်။တိုက်ပွဲတွေဟာ ရိုးရိုးတန်းတန်း အာဏာကိုဖျက်သိမ်းပေးတာမဟုတ်ပါဘူး။ဒီတိုက်ပွဲဝင်တဲ့ တိုက်ပွဲတွေ တိုက်ပွဲဝင်သူတွေကို ကိုကိုးကျွန်းမှာ အများကြီး တိုက်ပွဲတွေလုပ်ရတယ်။ ဒီတိုက်ပွဲတွေကြားထဲကနေပြီတော့ ဒီလိုအာဏာရှင်စနစ်ကို တွန်းလှန်ခဲ့လို့ အာဏာရှင်စနစ် လျော့ချွေပြီးတော့ ကိုတင်အောင် ဟာ အဲ့ဒီကာလတလျှောက်ကို ကျော်ဖြတ်ခဲ့တယ်။သူကိုယ်တိုင်လည်း စာရေးဆရာအသင်း၊ အဖွဲ့အစည်းတွေထဲမှာ ပါဝင်လှုပ်ရှားခဲ့တယ်။နိုင်ငံရေးနဲ့ ပတ်သက်လို့လည်း ပါဝင်လှုပ်ရှားခဲ့တယ်။ နောက်နယ်ချဲ့ဆန့်ကျင်ရေး တိုင်းပြည်ရေးပေါ့လေ။ ဒီကာလတွေမှာ ပါဝင်တယ်။စာရေးဆရာသက်သက်မဟုတ်ဘူး ကိုတင်အောင်ဟာ တကယ့် ထဲထဲဝင်ဝင်ပါပြီးတော့ အနစ်အနာခံပြီးလှုပ်ရှားတဲ့ပုဂ္ဂိုလ်အဲဒီအတွက်လည်း ထောင်တန်းနဲ့ သက်သေပြသွားတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်သိခဲ့တဲ့ ကိုတင်အောင်ရဲ့ ကြိုးပမ်းမှုဖြစ်ပါတယ်။

နောက်တခု ပုဂ္ဂိုလ်ရေးအရ ကျွန်တော် ပြောချင်ပါတယ်။

ကိုတင်အောင်နဲ့ ကျွန်တော် ကိုတင်အောင်သတင်းစာတို့ ဂျာနယ်တို့လုပ်တဲ့ ၁၉၅၈ လောက်ကနေစပြီး ရင်းနှီးပါတယ်။ ကျွန်တော်တို့ရဲ့ သတင်းစာဆရာကွယ်လွန်သူ မြသန်းတင့် နဲ့ ပတ်သက်ပြီး ရင်းနှီးပါတယ်။ ကျွန်တော်နဲ့ မြသန်းတင့်တက္ကသိုလ် ကို အတူရောက်ကြတယ်။ ဗန်းမော်တင်အောင်ရဲ့ လှုပ်ရှားမှုတွေကို သိပြီးတော့ စောစော ကပြောခဲ့သလိုပဲ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့သိပြီးတော့ လင်းယုန် ကိုဘဝင်း တို့ ဘာတို့ပေါ့လေ။ သူတို့ရဲ့ သတင်းစာလှုပ်ရှားမှုတွေကိုလည်း ကျွန်တော် သိခဲ့တယ်။ကိုတင်အောင် သတင်းစာတိုက်ကတော့ ရွှေဂုံတိုင်က လင်းယုန် လုပ်ပါတယ်။ အဲဒီမှာခတ်ပုံတို့ဘာတို့ ကူညီပေးတယ်။ အဲဒီကနေပေါက်ပွားလာတဲ့ လင်းယုန်ဂျာနယ်စာရေးဆရာ အသင်း အဲဒီကနေစပြီးတော့ ကိုတင်အောင်နဲ့ကျွန်တော်နဲ့ တော်တော်ရင်းနှီးနေပြီးတော့ ဒီနေ့ ဘာကိုသွားပြီးတွေ့ရသလဲဆိုတော့ ကိုတင်အောင်ကို စာရေးဆရာဖြစ်လာတော့လည်း လူအများအတွက်ပဲလုပ်တဲ့ သူ့မိဘအတွက်လုပ်တာ သူ့မိသားစုအတွက်လုပ်တာထက် သူများအတွက်၊ သူတပါးအတွက်၊ အများအတွက် လုပ်တာ ကူညီတဲ့ အခါကျတော့ ပုဂ္ဂိုလ်ရေးအရ ပြောရမယ်ဆိုရင် မိတ်ဆွေ အပေါင်းအသင်းအရ ရင်းနှီးလာခဲ့တာ နှစ်ပေါင်း ၂၀ ကျော်ကြာလာတဲ့အခါ မန္တလေးမှာ ကျွန်တော်အိမ်ကို ဖိတ်ပါတယ်။ ကိုတင်အောင်လည်း တည်းမယ်ဆိုပြီးရောက်မလာဘူး။ ကျွန်တော် အိမ်မှာလာနေတာ ဒဂုန်တရာရယ်၊ ပတ်ဝန်းကျင်လောက်ပေါ့ဗျာ။ အောင်ပန်းကို မရောက်ခင်ပေါ့ ၊အဲဒီအချိန်လောက်မှာပဲ ကိုတင်အောင်ကို ကျွန်တော်က အိမ်မှာလာနေ။ လာနေလို့ရတယ်လို့၊ အားမနာနဲ့လို့၊ ဆိုသော်ငြားလည်း သူက ကျွန်တော်ကို ငဲ့ညှာတာလည်းပါချင်ပါမယ်။ သူက လုံးဝ အစိုးရကို ဆန့်ကျင်တာ။ ကျွန်တော်က အစိုးရနဲ့တွဲနေတဲ့ သတင်းစာမှာလုပ်နေတာဆိုတဲ့အခါကျတော့ ကျွန်တော်ကို ငဲ့ညှာတာလည်းပါချင်ပါမှာပေါ့။ ကိုတင်အောင် မရောက်ခဲ့ဘူး။ စနေစာပေဝိုင်း စီစဉ်ပြီးတဲ့ အကြောင်းကျွန်တော်ပြောတဲ့ အခါမှာလည်း ကိုတင်အောင်သိကြတဲ့သူတွေက အများကြီး။ သူ့ကိုနေရာတိုင်းမှာသိကြတယ်။ မန္တလေးမှာဆို အများကြီး။ သူ့ကို ရင်နှီးတဲ့သူတွေဆိုတာ လူထုဦးလှတို့၊ လူထုဒေါ်အမာတို့ဆိုတာထားတော့ ၊ လူပုဂ္ဂိုလ်အရ ရင်နှီးတာ။ လူငယ်ပိုင်းကလူဖြစ်တဲ့ မန္တလေး တက္ကသိုလ်ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကျောင်းသားပေါင်းများစွာ ၊ လူငယ်ပေါင်းများစွာကလည်း ကိုတင်အောင် ကိုလေးစားတဲ့သူများရှိတယ်။ မန္တလေးကလည်း အလွန်စာပေ အားပေး၊ နိုင်ငံရေး

ထက်သန်တဲ့အမျိုး ဖြစ်တဲ့အခါကျတော့ မန္တလေးမှာ လာနေလို့ရတယ်။ ကျွန်တော်ကလည်း ကိုတင်အောင်ကို ဖိတ်တယ်ဆိုတဲ့အခါကျတော့ ကိုတင်အောင်ကလည်း သဘောတူတယ်။လာနေဦးမယ် ဗျာဆိုပြီးတော့ ပြောခဲ့တယ်။ ဒါပေမဲ့ ကိုတင်အောင် မလာဖြစ်ဘူး။ မလာဖြစ်တဲ့နောက်ပိုင်း သိပ်မကြာလိုက်ပါဘူး ကိုတင်အောင် သိပ်နေမကောင်းဘူးကြားတာပဲ။ အဲဒီနောက် ကျွန်တော် ကိုယ်တိုင်လည်း အလုပ်တွေဘာတွေပြုတ် သတင်းစာတွေဖျက်သိမ်းခံရဆိုတဲ့ အနေအထားမျိုးရောက်တဲ့အခါကျတော့ ကျွန်တော် ၇၈ မှာ ရန်ကုန်ပြန်ရောက်ပါတယ်။ ရန်ကုန်ပြန်ရောက်တဲ့အခါ ကျတော့ ဘုန်းကြီးလမ်းက တိုက်ခန်းမှာနေတယ်။ကိုတင်အောင်က အဲဒီအချိန်မှာ ဆေးရုံတက်ရတယ်။ ကိုတင်အောင် အဲဒီအချိန်မှာ ကိုသိန်းဆွေဆိုတဲ့ ရဲဘော်ကြီးပေါ့။ အဲမှာနေရင်း နဲ့ ဆေးရုံတက်ရတယ်။ ကျွန်တော် ဆေးရုံလိုက်သွားတယ်။ မုန့်တွေဘာတွေဝယ်သွားတယ်။ သူလည်း စကားပြောတယ်။ အဲဒီမှာ ကျွန်တော်ဘာကိုသွားတွေ့လည်းဆိုတော့ ကိုတင်အောင်ဟာ အမြဲတမ်း အားနာတတ်တယ်။ကျွန်တော်နဲ့ တွေ့ အားနာစရာအကြောင်းလည်း မရှိဘူး။ ကိုတင်အောင်လည်း ကူညီတယ်။ ပေးကမ်းတယ်။ ကျွန်တော်က အားနာစရာမလိုဘူးဗျ။ အဲဒါကို ကိုတင်အောင်က အမြဲတမ်း အားနာတတ်တာ။ နောက်တခုက ဘာလဲဆိုတော့ အဲတုန်းက ကျွန်တော် တို့က တတ်နိုင်သလောက်ကူညီချင်တာကို သူက လက်မခံချင်ဘူး အားနာတာ။ နောက်ဘာတွေ့လဲဆိုတော့ ကျန်းမာရေးအခြေအနေဟာ ဆိုးနေပြီ။ ငွေရေးကြေးရေး ဘဏ္ဍာရေး ချို့တဲ့နေပြီ။ ကိုတင်အောင်ဟာ အမြဲတမ်း သူတပါးရဲ့ မကောင်းကြောင်း ၊ သူတပါးအပေါ် မှာ ဖိနှိပ်တဲ့အကြောင်း ဘယ်တော့မပြောခဲ့ဘူး။ နောက်တခု ကျွန်တော်ပြောချင်တာက ကိုတင်အောင်ရဲ့စကား ။ ကိုတင်အောင်စကားက ၇၈-၇၉ ကိုတင်အောင် ကွယ်လွန်တဲ့အခါ ကျတော့ ( )ထင်ကြတယ်။ ( ) မသိမ်းပါဘူး။ ကိုတင်အောင်ရဲ့ ဩဇာ၊ ကိုတင်အောင်ရဲ့ နိုင်ငံရေး၊ကိုတင်အောင်ရဲ့ အယူအဆတွေ ဟာ အမြဲတမ်း ဖြတ်သန်းနေတာ၊ လူငယ်တွေကြားထဲမှာ ၊ စာပေသမားတွေကြားထဲမှာ ၊ နိုင်ငံရေးသမားတွေကြားထဲမှာ အမြဲတမ်း ကိုတင်အောင် ရဲ့ အယူအဆတွေဟာ ကို စကားလုံးတွေနဲ့၊ စာပေတွေနဲ့ မသိကြသော်ငြားလည်း အလွန်အရေးတဲ့ ပုံစံနဲ့ ဒီအာဏာရှင်စနစ်ကိုဆန့်ကျင်တာ၊ မတရားမှုကို ဆန့်ကျင်တာ၊ဖိနှိပ်ချုပ်ချယ်မှုတွေကိုဆန့်ကျင်တာ၊ ပြည်သူတွေရဲ့ သဘောထား ရုန်းကန် မယ်ဆိုတဲ့ သဘောထား ( )ဖြစ်လာတယ်။ ကျွန်တော်ဘာဖြစ်လို့ ပြောနိုင်လဲဆိုတော့ ကျွန်တော်ကိုယ်တိုင် နိုင်ငံရေးထဲ ရောက်လာပြီးတော့ ထောင်ထဲကိုရောက်သွားတယ်။ နှစ်ပေါင်းများစွာနေရတယ်။ကျွန်တော် အကြားရဆုံး ဒီစာပေသမားထဲက ခေါင်းဆောင် တယောက် နိုင်ငံရေးအယူအဆရှိတဲ့လူ ၊နိုင်ငံရေး သဘောထားရှိတဲ့လူ ကိုတင်အောင်ပဲ ဖြစ်ပါတယ်။ကိုတင်အာင်ရဲ့ စကားကို အမြဲတမ်း ကျွန်တော်ကြားတယ်။ကိုတင်အောင်ရဲ့စကားတွေ ကိုတင်အောင်နဲ့ပတ်သက်ပြီးတော့ ကိုတင်အောင်ရဲ့ ဟောပြောပွဲတွေကို နားထောင်ဖူးတဲ့သူတွေ၊ကိုတင်အောင် ဂျာနယ်တိုက်မှာ ဆောင်းပါးတွေဘာတွေ ရေးပြီးတော့ ပို့ဖူးတဲ့လူငယ်တွေ နောက်တခါကိုတင်အောင် ပုဂ္ဂိုလ်အရ တွေ့ဆုံးဖူးတဲ့သူတွေ ဒီစကားတွေပဲ ကျွန်တော် ထောင်ထဲမှာ ကြားရတယ်။ အမြဲတမ်းတွေ့နေရပါတယ်။ ဒီကိုတင်အောင်ဟာတဲ့ ကိုကိုးကျွန်း ထောင်မှာရှိနေတုန်းက ဝတ္ထုပုံစံနဲ့ ကျွန်းနဲ့ပတ်သက်တဲ့ အတွေ့အကြုံ တွေ ၊ ကျွန်းလိုနေရာမျိုးမှာ ခံစားရတဲ့ပေးထားတဲ့ဝတ္ထုရှိတယ် ဆိုပြီးတော့ ပြောပါတယ်။ အဲ့ဒီဝတ္ထုနဲ့ ပတ်သက်ပြီးတော့ တချို့ကလည်း ရှိတယ်၊ မရှိဘူး ၊ တချို့ကလည်းရေး တော့ရေးတယ် ပျောက်သွားပြီဆိုတာမျိုး နောက်တခါ အဲဒီဟာနဲ့ပတ်သက်ပြီး ဘယ်နေရာမှာရှိတယ်၊ ဘယ်သူ့ဆီမှာရှိတယ် ဆိုတာမျိုး။သို့သော် ဘာပဲပြောပြော ဒီဟာကြီးက ပေါ်လာဦးမှာ။ ကျွန်တော်က ဘယ်လိုစဥ်းစားလဲဆိုတော့ စာရေးဆရာတယောက်ရဲ့ နောက်ဆုံးရေးသွားတဲ့စာ၊နောက်ဆုံး အသံတိတ်ဖော်ပြတဲ့စာဖြစ်တဲ့ အတွက် ဒီစာကိုတော့ ကျွန်တော် ပြန်ပြီးတော့ ရအောင်ရှာပြီး ဖော်ထုတ်သင့်တယ်၊ ဖော်ထုတ်ပြီးတော့ ဒီစာကို မှတ်တမ်းတင်ပေးသင့်တယ်။ အဲဒါကြီးက အကြောင်းကြောင်းကြောင့် များ ကိုတင်အောင်

ကွယ်လွန်ပြီးတဲ့နောက်ပိုင်း မှာ ဒီစာဟာ မရှိဘဲနဲ့ ညွှေ့ခန်းတို့ ဘာတို့မှာ ထွက်မယ်ဆိုရင် ဒီစာကိုပြန်ရှာ ပြီးတော့ စာတအုပ် ပေတအုပ်အဖြစ်ကျကျနနရေးသင့်တယ်လို့ထင်ပါတယ်။ အကယ်၍ ဘယ်လိုမှရှာလို့မရဘူးဆိုလို့ရှိရင် ဘယ်လိုမှမဖြစ်ဘူးဆို့ရှိရင်လည်း အဲ့ဒီစာအုပ်ကို ဖတ်ဖူးတဲ့သူတွေ အဲဒါရေးတုန်းက အတွေ့အကြုံ တွေ စုဆောင်းပြီးတော့ မဓိက ဘာတွေပါတယ်ဆိုတဲ့ဟာကို ပြန်ရေး ပြီးတော့ စာတအုပ် လုပ်သင့် တယ်။ ဒါ ဟာ စာရေးဆရာ တယောက် နောက်ဆုံးသေတမ်းစာမျိုး၊ မှတ်တမ်းစာမျိုး ဖြစ်တဲ့သဘောဖြစ်တဲ့အတွက် နောက်ဆုံးအယူအဆတွေ နောက်ဆုံးထင်မြင်ချက်တွေ ၊နောက်ဆုံး တိုက်တွန်းချက်တွေ ဖြစ်မယ်လို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော် ယူဆမိပါတယ်။အလားတူပြ စကားလေးတွေ ရှိပါတယ်။ ကိုတင်အောင် ရဲ့ နောက်ဆုံး စကားဆိုပြီးတော့ သူ့သား ၇ ဟိန်း ဆီကရတဲ့စာ အဲဒီ အချိန်တုန်းက ကိုတင်အောင်ရဲ့အသုဘမှာ ကမ်းဖို့ အတွက်လုပ်တဲ့အချိန်မှာ စာလေးတစောင်ပါပါတယ်။ အဲဒါက ဘာလဲဆိုတော့ လူတယောက်ဟာ သူ့ရဲ့သမိုင်းကနေပြီးတော့ သူ့ ပခုံးပေါ်တင်ပေးလိုက်တဲ့ တာဝန် တွေကိုကျေပွန်စွာထမ်းဆောင်သလဲဆိုတာဟာ လူ့ရဲ့တန်ဖိုးဆိုတာ ကိုတင်အောင်ကွယ်လွန်ချိန်မှာသူ့ရဲ့ယပ်တောင်ပေါ်မှာရေးခဲ့တဲ့စာလေးပါ။ လူတယောက်ဟာခေတ်ကနေပေးတဲ့ သမိုင်းတာဝန်ကို ဘယ်လောက်ကျေပွန်အောင် ထမ်းနိုင်မလဲ၊ ခေတ်ရဲ့ တာဝန်တွေ ဘယ်ကျေပွန်အောင် ထမ်းဆောင်နိုင် မလဲ အဲဒီစကားပဲ ဖြစ်ပါတယ်။ ကျွန်တော် အဖို့ဆိုရင်တော့ ဒီစာ ဒီစကားလုံးကို ကျွန်တော် မမေ့ဘူး။ထောင်ထဲမှာ ကျွန်တော် နိုင်ငံရေးဘက်ရောက်သွားပြီးတော့ ထောင်ထဲမှာ နှစ်ပေါင်း ၂၀ လောက်နေခဲ့ ရပြီး ထွက်လာတော့ ကျွန်တ်ာထောင်ကထွက်တဲ့အချိန် မှာ RFA မှာ စကားပြောတာရှိပါတယ်။ အဲကလာတဲ့ ကိုခင်မောင်စိုးကလည်းမေးခွန်းတွေမေး။ ညသန်းခေါင်တလွဲ ၁၀ နာရီ ၁၁ နာရီကစ ပြီး ပြောတာ။ အဲဒီတုန်းက ကျွန်တော်က ဦးမောင်မောင် အိမ်မှာနေတဲ့ အခါကျတော့ အဲဒါ စကားတော်တော်များများ ပြောဖြစ်တယ်။ ထင်ပါတယ်။ အခု အဲဒါ စာအုပ်အနေနဲ့ ပြန်လုပ်ဖို့ ။ အဲဒီစာအုပ်ကလဲည်း ကိုတင်အောင်သြဝါဒ ၊ ကိုတင်အောင်ရဲ့ လမ်းညွှန်မှု ၊ ကိုတင်အောင်ရဲ့ ဆော်သြမှု ဒါကိုလည်း ပြောခြင်း ဖြစ်ပါတယ်။ကျွန်တော်တို့ အရေးကြီးဆုံးကတော့ ခေတ်ရဲ့ တာဝန်တွေကို ထမ်းရမယ်။ ခေတ်ရဲ့တာဝန်တွေဟာ အလွန်အရေးကြီး စကားလို့ပြောချင်ပါတယ်။ လူတိုင်းလူတိုင်းဟာ ခေတ်ရဲ့ ပေးတဲ့ တာဝန်တွေကို လုပ်ရမှာပဲ။ ခေတ်ရဲ့ တာဝန်ဟာ နိုင်ငံရေးသမားဟာ နိုင်ငံရေးတင်မဟုတ်ပါဘူး။ ခေတ်မှာပေးလိုက်တဲ့တာဝန်တွေက လူမှုရေး ဆို လူမှုရေး သမိုင်းက ပေးတဲ့တာဝန်တွေကို တော့ လူတိုင်းက တာဝန်ကျေအောင် ထမ်းရမယ်ဆိုတာ။ ခေတ်ရဲ့ ပေးတဲ့တာဝန်တွေကို လူတယောက်ဟာ ဘယ်လောက်ကျေပွန်အောင် ထမ်း နိုင်သလဲ ဆိုတာ လူရဲ့တန်ဖိုး၊ ခေတ်လူသားတယောက်ရဲ့ တန်းဖိုးပဲလို့ ယူဆပါတယ်။

ကိုတင်အောင်ရဲ့ သြဇာ ဟာ ဘာပဲပြောပြော ကျွန်တော် နဲ့ ကိုတင်အောင်နဲ့ ၁၀ နှစ်ကျော်ကျော်လောက်ငယ်နိုင်ပါတယ်။ ဘာပဲပြောပြော ကိုတင်အောင်ဟာ ကျွန်တော်တို့ အပေါ် မှာ သြဇာအလွန်ကြီးမားတဲ့ စာပေခေါင်းဆောင်တယောက် လည်း ဖြစ်ခဲ့တယ်။ နိုင်ငံရေးခေါင်းဆောင်တယောက်ဖြစ်တယ်လို့လည်း ယူဆ ခဲ့ပါတယ်။ ကိုတင်အောင်ရဲ့ အယူအဆတွေ ဟာဒီနေ့အထိ လွှမ်းမိုးတုန်းပဲ။ အလားတူပဲ ကိုတင်အောင် တိုက်တွန်းခဲ့တဲ့အတိုင်းပဲ သမိုင်းကပေးတဲ့ ခေတ်တာဝန်တွေကို ထမ်းရွက်ကြပါစို့၊ ပြေလည်အောင် ဆောင်ရွက်ကြပါစို့လို့ ကျွန်တော် တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။ ■

*[ဆရာဗန်းမော်တင်အောင်ကွယ်လွန်ခြင်း ၃၅ နှစ်မြောက်အောက်မေ့ဖွယ်အခမ်းအနားမှာပြောကြားတဲ့စကားကို ဆောင်းပါးပြန်ဖွဲ့ထားပါတယ်။ အသံဖိုင်ဖြည်ထားတာဖြစ်တဲ့အတွက် အချို့နေရာတွေမှာ အသံမကြည်လင် မပြတ်သားတာတွေကို ကွက်လပ်အဖြစ်ချန်ထားရတာအလေးအနက်တောင်းပန်အပ်ပါတယ်။]*

(ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းမှ --)

# ဖန်းမော်တင်အောင်ဆိုသော ပေတံတချောင်း



ပညာတတ်များကြားတွင် သော်လည်းကောင်း၊ လူ့အလွှာအသီးသီး တွင်လည်းကောင်း ဆရာဖန်းမော်တင် အောင်၏ စာပေလက်ရာများသည် ယနေ့ ထက်ထိ မှိန်ဖျော့မသွားသည့်အပြင် သမိုင်းအဆင့်နေရာ၌လည်း ထွန်းလင်း တောက်ပမြဲရှိလေသည်။

■ **လွမ်းချစ်**

(၁)

နိုင်ငံရေးကို စိတ်ပါဝင်စားပြီး တချိန်ထဲတွင် စာပေ လေ့လာလိုက်စားရသည်ကိုလည်း ဝါသနာပါလှသည့် ကျနော်တို့မိတ်ဆွေများကြားတွင် ပေတံတချောင်းရှိ ခဲ့ဖူးသည်။ ထိုပေတံမှာ ဖန်းမော်တင်အောင်ဆိုသော ပေတံဖြစ်သည်။ ပေတံသည် တိုင်းတာရသော ကိရိယာ ဖြစ်၏။ လက်ဘက်ရည်ဆိုင်များ၊ ကျောင်းကန်တင်း များ၊ ဆွေးနွေးပွဲစကားဝိုင်းများတွင် လူတယောက်သည် မည်မျှပင် မြန်မာ့နိုင်ငံရေးအကြောင်းကို ပြောနေပါစေ၊ ကျနော်တို့က သူ့ကိုအကဲခတ်သည့်အချက်မှာ တချက် ထဲသာဖြစ်သည်။ ထိုအချက်မှာ ထိုသူသည် ဆရာဖန်း မော်တင်အောင်၏ စာပေများကို မည်မျှအထိဖတ်ရှု ဖူးသနည်း ဆိုသည့်အချက်ပင် ဖြစ်ပါသည်။ သာမာန် လူများမှမဟုတ်၊ နိုင်ငံရေးနယ်ပယ်ရှိခေါင်းဆောင် များ၊ အနုပညာတခုခုဖြင့် ထင်ရှားကျော်ကြားသူများ ကိုလည်း ဖန်းမော်တင်အောင်ဆိုသော ပေတံဖြင့်သာ ကျနော်တို့ တိုင်းတာပါသည်။ အထူးသဖြင့် လူတ ယောက်၏ သမိုင်းဆိုင်ရာသိမြင်မှုကို သိရှိလိုသည့်အခါ ကျနော်တို့သည် ထိုပေတံကို အသုံးပြုပါသည်။

(၂)

မြေကမ္ဘာကို ပိုမိုကောင်းမွန်အောင် ပြုပြင်ပြောင်းလဲ အပ်သော အသိပညာ၊ အတတ်ပညာရှင် အသီးသီး တို့သည် ကြယ်ပွင့်များဖြင့် နှိုင်းယှဉ်ဂုဏ်ပြုခြင်းကိုခံစား ထိုက်သူများ ဖြစ်ကြပါသည်။ သူသည် ကြယ်တပွင့်၊ သူ၏ ကြယ်သည် အနီရောင်ဖြစ်သည်။ သူ၏နယ်ပယ်၊ သူ၏ဖြတ်သန်းရာခေတ်တွင် သူသည် အတောက်ပ ဆုံးသော ကြယ်နီတပွင့်ဖြစ်ခဲ့သည်။ မသိခြင်းချောက် ကမ်းထဲတွင် နစ်ထောင်ချီနစ်မွန်းနေခဲ့သော တတိယ တန်းစား နိုင်ငံလေးတခုအတွက် သူ၏စွမ်းဆောင် ချက်များသည် အတုမရှိကြီးကျယ်ခမ်းနားခဲ့သည်။ ကျနော်တို့မျိုးဆက်သည် သူနှင့်ပိုမိုဝေးကွာသွား

သော မျိုးဆက်မဟုတ်။ သူအားထုတ်ကြိုးပမ်းခဲ့သော အနာဂါတ်ဆုံချက်သို့ ဆက်လက်လျှောက်လှမ်းလာသည့် မျိုးဆက်ဖြစ်ပါသည်။ ဤအချက်ကို ကျနော်တို့ သံသယရှိစရာမလိုပေ။ ယာယီနီးစပ်နေသော အင်အားစုများနှင့် ဆန့်ကျင်ဘက်အတွေးအခေါ်ရှိသူတို့အတွက် သူ၏နာမည်သည် မေ့ဖျောက်ချင်စရာဖြစ်ကောင်းဖြစ်နေပါလိမ့်မည်။ သို့သော် ထိုသို့မေ့ဖျောက်ရန် စွမ်းဆောင်ချက်များသည် အချည်းနှီးသာဖြစ်မည်ဆိုခြင်းကို ထိုသူတို့ကိုယ်တိုင် သိကြပေသည်။ ထိုသူတို့၏ ဦးနှောက်နှင့် နှလုံးသားထဲတွင် မြိုင်ကိုဖယ်ရှားပစ်ရန် မည်သည့်နည်းနှင့်မှ တတ်နိုင်ကြမည်မဟုတ်ပေ။ မြိုင်အပြင် သူ၏အခြားသော စာပေလက်ရာများသည်လည်း ထို့အတူပင်ဖြစ်ပါသည်။ သူ၏ရန်သူတို့ကပင် အသိအမှတ်ပြုခဲ့ရသော သူ၏ အားထုတ်ကြိုးပမ်းချက်များသည် ယနေ့ထက်တိုင် အရှိန်အဟုန်ကောင်းကောင်းဖြင့် လောင်ကျွမ်းနေဆဲဖြစ်လေသည်။

(၃)

ဗန်းမော်တင်အောင်ဆိုသော ပေတံသည် ကျနော်တို့အတွက် ယနေ့ထက်တိုင် အသုံးဝင်နေသေးသော ပေတံဖြစ်ပါသည်။ ပညာတတ်များကြားတွင်သော်လည်းကောင်း၊ လူ့အလွှာအသီးသီးတွင်လည်းကောင်း ဆရာဗန်းမော်တင်အောင်၏ စာပေလက်ရာများသည် ယနေ့ထက်ထိ မှိန်ဖျော့မသွားသည့်အပြင် သမိုင်းအဆင့်နေရာ၌လည်း ထွန်းလင်းတောက်ပမြဲရှိလေသည်။ သိပ္ပံပညာ၊ လူ့သမိုင်း၊ ပြည်တွင်းသမိုင်း၊ ပြည်သူ့အနုပညာ စသည့် အရေးကြီးနယ်ပယ်များတွင် ဆရာဗန်းမော်တင်အောင်သည် ပစ္စည်းမဲ့လူတန်းစား၏ အကျိုးစီးပွားကို တိုးမြှင့်တင်နိုင်ခဲ့လေသည်။ ထိုအချက်များထဲတွင် အရေးကြီးသော အချက်မှာ လူသားထုကို အမှန်တရားဖြင့် ပိုမိုနီးစပ်စေခြင်းဖြစ်ပါသည်။ ဆရာဗန်းမော်တင်အောင်သည် လင်းယုန်ကဲ့သို့ အရှိန်အဟုန်ထိုးထွင်းသိမြင်မှုတို့ဖြင့် ပြည်သူတို့၏ ဉာဏ်အလင်းတံခါးကိုဖွင့်ရန် သတင်းစာပညာဖြင့်လည်း အလုပ်ကျွေးပြုခဲ့သေးသည်။ ထို့အပြင် မြန်မာပြည်တွင် စာပေအနုပညာ၊ သိပ္ပံပညာ၊ သမိုင်းဗဟုသုတတို့အပြင် မာ့က်စ်ဝါဒကိုလေ့လာရန်အတွက် အကောင်းဆုံးကျမ်းရင်းများမှာ ဆရာကြီးဗန်းမော်တင်အောင်၏ စာပေလက်ရာများပင်ဖြစ်ပါသည်။ ဆရာဗန်းမော်တင်အောင်သည် မြန်မာ့စာပေသမိုင်းတွင်လည်းကောင်း၊ မြန်မာ့အတွေးအခေါ် ပညာရှင်များသမိုင်းတွင်လည်းကောင်း အလွန်တရာပြည့်စုံလှသည့် သဘောတရားရေးရာ ဆရာတဆူဖြစ်သည်ကို သူ၏စာပေလက်ရာ ပြုစုချက်များကို ကြည့်ရှုခြင်းအားဖြင့် အထင်အရှားတွေ့နိုင်ပေသည်။ သူရေးသားပြုစုဖန်တီးခဲ့သော စာပေလက်ရာများသည် လူထုလူတန်းစား အလွှာအသီးသီး၏ နှလုံးသားထဲသို့ စိမ့်ဝင်ပျံ့နှံ့လျက်ရှိပေသည်။

(၄)

ဝတ္ထုတပုဒ်တွင် ဇာတ်လမ်းထက် အတွေးအခေါ်က ပိုအရေးကြီးသည်ဟု ဆရာကြီးဒဂုန်တာရာက ဆိုခဲ့ဖူးသည်။ ဆရာဗန်းမော်တင်အောင်၏ မုန်တိုင်းထဲကလူ စာအုပ်အညွှန်းတွင် ဆိုထားခြင်းဖြစ်၏။ ထိုစကားမှာ ဆရာဗန်းမော်တင်အောင်၏ အခြားသော စာပေလက်ရာများပေါ်တွင်လည်း ရည်ညွှန်းထားဟန်ရှိသည်။ စာဖတ်ပရိတ်သတ်ကို ဇာတ်လမ်းဖတ်ကောင်းရန်သာမဟုတ်။ အတွေးအခေါ်တံခါးချပ်များကို ဖွင့်လှစ်ပေးသည့်အလုပ်ကို ဆရာဗန်းမော်တင်အောင်သည် တစိုက်မတ်မတ်လုပ်ခဲ့လေသည်။ ၁၉၁၇ ရုရှားအောက်တိုဘာတော်လှန်ရေး၏ အတွေးအခေါ်များကို လက်ဆင့်ကမ်းကျယ်ပြန့်စေရုံသာမက မာ့က်စ်ဝါဒအတွေးအခေါ်၊ ဆိုရှယ်လစ်ယဉ်ကျေးမှုနှင့် ရုပ်ဝါဒသဘောတရားများကို လူထုကြားတွင် ကျယ်ပြန့်လာအောင် ဆောင်ရွက်ခဲ့ပုံကို ဆရာဗန်းမော်တင်အောင်၏ စာအုပ်တိုင်းတွင် တွေ့မြင်ရမည်ဖြစ်သည်။ ဘာသာပြန်စာပေ ထွန်းကားသင့်သလောက် မထွန်းကားခဲ့ခြင်းကြောင့် သိပ္ပံပညာဆိုင်ရာကိစ္စရပ်များမှာ လူထုအတွက် အလှမ်းဝေးစရာများဖြစ်ခဲ့သည်။ ထိုကွက်လပ်များကိုဖြည့်ဆည်းရင်း အိုင်းစတိုင်း၏ သဘောတရားများ၊ စကြာဝဠာကြီး၏ဖြစ်စဉ်နှင့် သတ္တဗေဒလောကဖြစ်စဉ်တို့ကို လူထုကြားသို့ဆောင်ယူခဲ့သူမှာ ဗန်းမော်

တင်အောင်ဆိုသော ပေတံတချောင်း၏ ရာဇဝင်ပင်ဖြစ်လေသည်။

(၅)

ခေတ်အဆက်ဆက်မှ ယနေ့ထက်တိုင် ကြုံတွေ့နေရသော ကျနော်တို့တိုင်းပြည်၏ ပြဿနာများထဲတွင် သမိုင်းဆိုင်ရာအချက်အလက် မတိကျမှုပြဿနာလည်း ပါဝင်သည်။ လွန်စွာဆိုးကျိုးကြီးမားလှသည့် ကိစ္စဖြစ်၏။ ယနေ့တိုင် ထိုပြဿနာကို ကျနော်တို့ ရင်ဆိုင်ရဆဲဖြစ်ပါသည်။ ကျနော်တို့နိုင်ငံတွင် မြင်တွေ့ရသော သမိုင်းစာအုပ်အများစုမှာ စိတ်ဝါဒီများ၏ စာအုပ်များသာ များပြားလှသည်။ တချို့က ဆရာဗန်းမော်တင်အောင်ကို ရသဝတ္ထုရေးကောင်းသော စာရေးဆရာအဖြစ်သာ သိထားကြသူများလည်းရှိသည်။ ထိုအချက်ကြောင့်ပင် အင်မတန်အရေးကြီးလှသည့် ရုပ်ဝါဒီသမိုင်းဆရာတို့ ပြုစုသော သမိုင်းစာအုပ်ကောင်းများကို ဖတ်ရှုဖြစ်သည့်ဆီသို့ မရောက်တော့ဘဲဖြစ်သွားရတတ်သည်။ စိတ်ဝါဒီသမိုင်းဆရာတို့ လိုရာဆွဲရေးထားသော သမိုင်းစာအုပ်များတွင်သာ တဝဲလည်လည်ဖြစ်နေရတော့၏။ စင်စစ်အားဖြင့် ဆရာဗန်းမော်တင်အောင်သည် လုံးဝချန်လှပ်ထားဖို့မဖြစ်သည့် ရုပ်ဝါဒီသမိုင်းဆရာတဆူလည်းဖြစ်လေသည်။

မြန်မာပြည်၏ ယနေ့အချိန်အခါသည် ကြီးမားသောပဋိပက္ခတို့ဖြင့် ပြည့်နှက်နေသည်ဖြစ်လေရာ မြန်မာ့သမိုင်းကို လက်တွေ့ကျကျ သဘောပေါက်ထားရေးသည် အလွန်ရေးပါလှသောကိစ္စဖြစ်သည်။ ထိုသို့ကြီးမားလေးလံလှသည့် အဆိပ်အတောက်များအတွက် ဆရာဗန်းမော်တင်အောင်က ဖြေဆေးများစွာ ဖော်စပ်ခဲ့ပေသည်။ သူ၏ထင်ရှားကျော်ကြားလှသော စာပေလက်ရာများတွင်ပါဝင်သည့် မြန်မာနိုင်ငံတော်သမိုင်း နှင့် ကိုလိုနီခေတ်မြန်မာနိုင်ငံသမိုင်းဟူသော စာအုပ်(၂)အုပ်သည် ကျနော်တို့တွင်ရှိနေသည့် သမိုင်းဆိုင်ရာထင်မြင်ယူဆမှုအမှားများကို အကောင်းဆုံးကုသပေးနိုင်သော ဆေးများဖြစ်သည်။ မြန်မာနိုင်ငံတော်သမိုင်းတွင် ဆိုးရွားရက်စက်လှသော ပဒေသရာဇ်စနစ်ကြီး၏ သမိုင်းကြောင်းကို တွေ့မြင်ရမည်ဖြစ်ပြီး ကိုလိုနီခေတ်မြန်မာနိုင်ငံသမိုင်းတွင် မြန်မာနိုင်ငံသို့ အရင်းရှင်စနစ်ကြီးရောက်ရှိလာပုံကို တွေ့မြင်ရမည်ဖြစ်သည်။ ထိုစာအုပ်(၂)အုပ်ကို တိတိပပဖတ်ရှုထားမည်ဆိုပါက ယနေ့ရင်ဆိုင်ကြုံတွေ့နေရသော ပဋိပက္ခတို့ကိုရင်ဆိုင်ရန် အထောက်အကူဖြစ်ပေလိမ့်မည်။

(၆)

ဆရာဗန်းမော်တင်အောင်ကို သက်ရှိထင်ရှားမြင်ခွင့်မရလိုက်သော ကျနော်တို့မျိုးဆက်သည် ထူးခြားချက်တခုအနေဖြင့် ဆရာကြီးဒဂုန်တာရာကိုတော့ သက်ရှိထင်ရှားမြင်တွေ့ခွင့်ရခဲ့ပါသည်။ ဆရာကြီးဒဂုန်တာရာမှာ ပိုမိုသက်တော်ရှည်ခဲ့ပါသည်။ ထို့အပြင် ဆရာဗန်းမော်တင်အောင်နှင့် အတူတကွ အလုပ်လုပ်ခဲ့သော ရဲဘော်ရဲဘက်များ၊ မိတ်ဆွေများ၊ စာပေအသိုင်းအဝိုင်းထဲမှ တချို့သောသူများကိုမူ ကျနော်တို့ ဆုံတွေ့ရင်းနှီးခွင့် ရရှိခဲ့ပါသည်။ ဤသည်မှာ မျိုးဆက်တဆက်နှင့်တဆက်ကြား ပေါင်းကူးတံတားတစင်းထက် ပိုမိုပီပြင်စေခဲ့သည်ဟု ကျနော်ယုံကြည်သည်။ ကျနော်တို့မျိုးဆက်အသီးသီးတွင် သွေးနှင့်မျက်ရည်များ ပြည့်နှက်လျက်ရှိသည်မဟုတ်ပါလား။ ဒါ့အပြင် စာနှင့်ရေးပြ၍မရသော အရာများစွာလည်း ရှိနေပါသည်။ မြန်မာ့သမိုင်း၏ စာမျက်နှာထက်တွင် မှတ်တမ်းတင်ရန်လိုအပ်သော ဖြစ်ရပ်များစွာမှာ ယနေ့ထက်တိုင် ပျောက်ကွယ်လျက်ပင်ရှိပါသေးသည်။ အထူးသဖြင့် စိတ်ကူးဖြင့်မှန်းဆ၍မရလောက်အောင် ကြက်သီးထဖွယ်ကောင်းသော ပေးဆပ်မှုတို့ဖြင့် စွန့်လွှတ်စွန့်စားခဲ့သည့် သူရဲကောင်းတို့၏ သမိုင်းဖြစ်ရပ်များမှာ ယနေ့ထက်တိုင် လျှို့ဝှက်ထားရသော အရာများအဖြစ်သာ တည်ရှိနေပါသေးသည်။

ထိုသို့ သမိုင်း၏မြုပ်ကွက်များနှင့် နောင်လာနောင်သားများကို ရင်းနှီးစေခဲ့သူမှာ အန်ကယ်ကြီးဦးတင်အောင်ဖြစ်သည်။ ဆရာဗန်းမော်တင်အောင်နှင့် ကိုကိုးကျွန်းတွင် အတူဖြတ်သန်းခဲ့ရသူဖြစ်သည်။ နာမည်ချင်းအားဖြင့်လည်း ဆင်တူပေသည်။

နာမည်သာမက။ လုပ်ဟန်များပါ တူညီမှုများစွာရှိပေသည်။ လူအများစုသည် ဆရာဇန်းမော်တင်အောင်၏ နာမည်ကိုကြားဖူးမှာဖြစ်သော်လည်း အန်ကယ်ကြီး ဦးတင်အောင်ကိုမူ သိရှိသူ အလွန်နည်းပါးပါလိမ့်မည်။ ဤသည်မှာလည်း သမိုင်း၏တာဝန်ကို ထမ်းဆောင်ခဲ့ခြင်းနှင့်သက်ဆိုင်ပါသည်။ နိုင်ငံရေး၏ လျှို့ဝှက်အပ်သော လုပ်ငန်းများတွင် ကျနော်တို့ မသိရှိသည်များ အများအပြားရှိနေပါသည်။ လူပုဂ္ဂိုလ်၏ ကျော်ကြားခြင်းဖြင့် အရာရာကိုတိုင်းတာ၍မရနိုင်ပါ။ ထိုသို့ကျနော်ဆိုရခြင်းမှာ အန်ကယ်ကြီးဦးတင်အောင်၏ သမိုင်းတန်ဖိုးကို အလေးထားစေရန် ရည်ရွယ်ပါသည်။ အန်ကယ်ကြီးသည် ဦးခမ်းဝင်းအမည်ဖြင့် ကျောင်းသားထုအကျိုးကိုဆောင်သော၊ လူထုအကျိုးကိုဆောင်သော စာပေါင်းများစွာရေးခဲ့သူလည်းဖြစ်သည်။

ထို့အပြင် အန်ကယ်ကြီးသည် ဆရာဇန်းမော်တင်အောင်၏ ရဲဘော်ရဲဘက်ဖြစ်သည်။ ၁၉၆၂ ကျောင်းသားခေါင်းဆောင် တယောက်ဖြစ်သည်။ ဆရာဇန်းမော်တင်အောင်၏ ရပ်တည်ချက်များအတိုင်း အန်ကယ်ကြီးသည်လည်း စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်ခဲ့သည်။ ဆရာဇန်းမော်တင်အောင်၏ ရာပြည့်အခမ်းအနားကျင်းပရေးကော်မတီတွင် အန်ကယ်ကြီးဦးတင်အောင်လည်း ပါဝင်ဦးစီးခဲ့လေသည်။ သို့သော် ဝမ်းနည်းစရာပါတကား။ ဆရာဇန်းမော်တင်အောင်၏ ရာပြည့်အခမ်းအနားမတိုင်ခင် ဆရာကြီးဒဂုန်တာရာ၏ ရာပြည့်အခမ်းအနားမှာ အရင်ဆုံးရောက်ရှိလာခဲ့သည်။ ကျနော်သည် ဆရာကြီးဒဂုန်တာရာ၏ ဂူဗိမာန်တည်ရှိသော ရှမ်းပြည်နယ် အောင်ပန်းမြို့သို့ သွားရန် လမ်းခရီးသို့ ရောက်၍နေပေပြီ။ သတင်းတခုဝင်လာ၏။ အန်ကယ်ကြီးဦးတင်အောင် ကွယ်လွန်ပြီဆိုသော သတင်းဖြစ်၏။ ဇန်းမော်တင်အောင်ဆိုသော ပေတံတချောင်းကို ပိုမိုကျယ်ပြန့်စေရန် အားထုတ်ကြိုးပမ်းခဲ့သော အန်ကယ်ကြီးသည် ထွက်ခွါသွားခဲ့လေပြီ။ သို့သော် ကြိုးစားအားထုတ်မှုတိုင်းသည် အဖိုးမဖြတ်နိုင်သော သဘောတရားများအဖြစ် ကျန်ရစ်ခဲ့ပါ၏။ ဇန်းမော်တင်အောင်ဆိုသော ပေတံတချောင်းသည် ခေတ်အဆက်ဆက် ဖိနှိပ်ခံလူတန်းစားတည်ရှိနေသရွေ့ ဆက်လက်ကျယ်ပြန့်နေဦးမည်သာ ဖြစ်ပါလေသတည်း။ ■

# အယ်ဒီတာ့ထံပေးစာ ကဏ္ဍ

အိုးဝေစာစောင် အယ်ဒီတာအဖွဲ့ထံကို စာလွှာတွေတိုက်ရိုက်ပေးပို့နိုင်ပါပြီ။ စစ်အာဏာရှင်စနစ်အောက်မှာ မိမိတို့ကြုံတွေ့ခံစားနေရတဲ့ ဖိနှိပ်မှုတွေ၊ ဘဝအခြေအနေတွေနဲ့ အခက်အခဲတွေကို ရေးသားပေးပို့နိုင်ပါတယ်။ ပေးပို့လာတဲ့ စာလွှာတွေကို အယ်ဒီတာအဖွဲ့က ပြန်လည်ရွေးချယ်ပြီး စာစောင်မှာ ဖော်ပြပေးပါမယ်။ စာလွှာတွေပေးပို့ချင်တယ်ဆိုရင်တော့ အိုးဝေရဲ့ တရားဝင်အီးမေးလ်ဖြစ်တဲ့ oway@uysu.org ထံကို ရေးသားပေးပို့နိုင်ပါတယ်။

# ဇွန် ၆ အလုပ်သမား အရေးတော်ပုံ

တော်လှန်ရေးကောင်စီခေတ် ၁၉၇၀ ပြည့်နှစ်အလွန်ပိုင်းတွေမှာ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ဒီမိုကရေစီအရေး လှုပ်ရှားမှုတွေ ဆက်တိုက်ဆိုသလို ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒီကာလကို ၇၄-၇၅-၇၆ အဖြစ် ဗမာ့နိုင်ငံရေးလောကမှာ လူသိများပါတယ်။ ၁၉၆၂ ဗိုလ်နေဝင်းရဲ့ စစ်အာဏာသိမ်းမှုအပြီး ပေါ်ပေါက်ခဲ့တဲ့ ဆဲဗင်းဂျူလိုင် ကျောင်းသားအရေးတော်ပုံဟာ ၇၄-၇၅-၇၆ အတွက် ရေခံမြေခံဖြစ်သလို ၇၄-၇၅-၇၆ ဟာလည်း ၈ လေးလုံးအရေးတော်ပုံကြီးအတွက် ရေခံမြေခံဖြစ်တယ်လို့ နိုင်ငံရေးသမားတွေက ယုံကြည်ကြပါတယ်။ ၁၉၇၄ ခုနှစ် ဇွန်လမှာတော့ ၇၄-၇၅-၇၆ ရဲ့ အဖွင့်အနေနဲ့ အလုပ်သမား အရေးတော်ပုံကြီး ပေါ်ပေါက်လာပါတယ်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) သို့မဟုတ် တော်လှန်ရေးကောင်စီ စစ်အစိုးရဟာ ၁၉၇၃ ဒီဇင်ဘာလထဲမှာ သူတို့စိတ်ကြိုက်ရေးဆွဲထားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြုလုပ်ပါတယ်။ စစ်အာဏာရှင်တို့ရဲ့ ထုံးစံအတိုင်း ဗိုလ်နေဝင်းစစ်အစိုးရဟာ သူတို့ရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြည်သူ့ဆန္ဒမပါဘဲ တဖက်သတ် အတည်ပြုလိုက်ပါတယ်။

အဲဒီကာလမှာ တတိုင်းပြည်လုံးက တိုင်းရင်းသား လူမျိုးပေါင်းစုံရဲ့ လူမှုဘဝဟာ အတော့်ကိုချွတ်ချုံကျနေခဲ့ပြီး အောက်ခြေလူထုဟာ ဆင်းရဲကျပ်တည်းမှုဒဏ်ကို အလူးအလဲခံနေရတဲ့ အချိန်ပါ။ အဲဒီလို အထွေထွေအကျပ်အတည်း ဖြစ်နေတဲ့အချိန် ၁၉၇၄ ခုနှစ် မေလနဲ့ ဇွန်လတွေ အတွင်းမှာ တနိုင်ငံလုံးအတိုင်းအတာနဲ့ အလုပ်သမားအုံကြွလှုပ်ရှားမှုကြီးတွေ ဆက်တိုက်ပေါ်ပေါက်လာပါတော့တယ်။ ၁၉၇၄ ခုနှစ် မေလထဲမှာ ပုလိပ်ချည်မျှင်စက်နဲ့ မြစ်ငယ်မီးရထား စက်ခေါင်းပြင်စက်ရုံ၊ ချောက်ရေနံချောင်း ရေနံမြေတွေမှာ အလုပ်သမားလှုပ်ရှားမှုတွေ ပေါ်လာပါတယ်။ ဇွန်လထဲမှာတော့ ရန်ကုန်အထိ ကူးစက်လာပါတယ်။

၁၉၇၄ ခုနှစ်၊ ဇွန်လ ၆ ရက်မှာတော့ မဆလ စစ်အစိုးရလက်အောက်မှာ ပထမဆုံး အလုပ်သမားသပိတ်ကြီး ပေါက်ကွဲထွက်ပေါ်လာပါတော့တယ်။ အင်းစိန် မီးရထားစက်ခေါင်း




ရုံ၊ သမိုင်းချည်မျှင်နှင့် အထည်စက်၊ အုတ်ကျင်း ဂုံနီစက်ရုံ၊ ဆင်မလိုက်သင်္ဘောကျင်းတို့ကနေ ရန်ကုန်မြို့ရဲ့ စက်ရုံအလုပ်ရုံတွေ ထူထပ်ရာ အင်းစိန်လမ်းမကြီးတလျှောက် အင်းစိန်၊ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်မြို့နယ်တွေတလျောက်၊ စက်ရုံအလုပ်ရုံတွေမှာ သပိတ်ကြီးတွေ ပေါ်ပေါက်လာပါတယ်။ ဆန်လုံလောက်စွာရရှိရေးနဲ့ အလုပ်သမားအရေး ဘာတခုမှ ဆောင်ရွက်မပေးဘဲ အလုပ်သမားတွေအပေါ် အနိုင်ကျင့်နေတဲ့ အလုပ်သမားကောင်စီတွေ ဖျက်သိမ်းပေးဖို့ အလုပ်သမားတွေက တောင်းဆိုကြပါတယ်။ ပြည်သူလူထုကလည်း အလုပ်သမားသပိတ်ကြီးကို တခဲနက်အားပေးထောက်ခံ ဝန်းရံကြပါတယ်။

မဆလ စစ်အစိုးရက အလုပ်သမားသပိတ်ကို ဖြိုခွဲဖို့ ပုဒ်မ ၁၄၄ ကို ထုတ်ပြန်လိုက်ပြီး လက်နက်နဲ့ အကြမ်းဖက်ဖြိုခွဲခဲ့ပါတယ်။ စစ်တပ်က သေနတ်နဲ့ ပစ်ခတ်ဖြိုခွင်းတာကြောင့် ဇွန်လ ၆ ရက်နေ့မှာပဲ သမိုင်းချည်မျှင်စက်ရုံရှေ့မှာ သွေးမြေကျမှုကြီး ဖြစ်ပေါ်ခဲ့ပါတယ်။ ဇွန်လ ၆ ရက် ၇ ရက်နေ့တွေမှာလည်း ဆင်မလိုက် သင်္ဘောကျင်း အုတ်ကျင်းဂုံနီစက်ရုံ၊ အင်းစိန် မီးရထားစက်ခေါင်းရုံတို့ကိုလည်း စစ်တပ်က ဝင်ရောက်စီးနင်း ဖြိုခွဲတဲ့အတွက် အလုပ်သမားတွေ သွေးမြေကျခဲ့ရပါတယ်။ အထူးသဖြင့် ဆင်မလိုက် သင်္ဘောကျင်းမှာ အသေအပျောက်များခဲ့ပါတယ်။ မှတ်တမ်းတွေအရ အလုပ်သမားခေါင်းဆောင် ၁၄၇ ဦး ဖမ်းဆီးခံရပြီး ထောင်ဒဏ် ၇ နှစ်ကနေ ၁၅ နှစ်အထိ ချမှတ်ခံခဲ့ရပါတယ်။ အလုပ်သမား တော်တော်များများလည်း အလုပ်ဖြုတ်ခံခဲ့ရပါတယ်။

သပိတ်မှောက် အလုပ်သမားထုကို ဝန်းရံဖို့ တက္ကသိုလ်ကျောင်းသားတွေကလည်း ခွပ်ဒေါင်းအောင်လံကို လွှင့်ထူလိုက်ကြပါတယ်။ တက္ကသိုလ်ကျောင်းသားတွေ လမ်းပေါ်ထွက်လာပြီး စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး ကြွေးကြော်သံတွေ ကြွေးကြော်လိုက်ကြပါတယ်။

မဆလ စစ်အစိုးရဟာ အလုပ်သမားသပိတ်ကို ကျောင်းသားတွေ ပူးပေါင်းပါဝင်လာတာနဲ့ ချက်ချင်းဆိုသလို တက္ကသိုလ် ကောလိပ်တွေကို ရက်အကန့်အသတ်မရှိ ပိတ်ပစ်လိုက်ပြီး အဆောင်နေကျောင်းသားတွေကို တက္ကသိုလ်နယ်မြေထဲကနေ ထွက်ခွာဖို့ အမိန့်ပေးခဲ့ပါတယ်။

ဇွန် ၆ အလုပ်သမားသပိတ်ကြီးဟာ မဆလ စစ်အာဏာရှင် အစိုးရကို အလုပ်သမားထုက ဆန့်ကျင်အန်တုလိုက်တဲ့ ပထမဆုံး ဆန္ဒပြပွဲကြီးဖြစ်ပါတယ်။ အလုပ်သမားသပိတ်ကြီး ရက်ရက်စက်စက် နှိမ်နင်းခံလိုက်ပေမယ့် အဲဒီနောက်ပိုင်းမှာ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တဲ့ ၇၄-၇၅-၇၆ လှုပ်ရှားမှုတွေ ဆက်တိုက်ဆိုသလို ပေါ်ပေါက်လာခဲ့ပါတယ်။

၂၀၂၂ ဇွန်လ ၆ ရက်နေ့မှာတော့ မဆလ စစ်အာဏာရှင်အစိုးရရဲ့ ဖိနှိပ်မှုတွေကို အံတုတွန်းလှန်ခဲ့တဲ့ ဇွန် ၆ အလုပ်သမားသပိတ်ကြီး ၄၈ နှစ်ပြည့်ပြီ ဖြစ်ပါတယ်။ ■


ကိုးကား

၁။ ဝင်းတင့်ထွန်း၊ ၁၉၇၄ ဇွန် (၆) အလုပ်သမားသပိတ်ကြီး၊ အမှောင်ကြားက ဗမာပြည် (စာ ၄၁၆-၄၁၈) မှ

၂။ အောင်ဝေး၊ ဇွန် (၆) အလုပ်သမားအရေးအခင်း၊ (ဆောင်းပါး)

# ငါ့နိုင်ငံကို ငါပြန်လိုချင်လိုက်တာ

လန့်နိုးလိုက်တဲ့ သန်းခေါင်ယံ
အာခေါင်တွေက ခြောက်ကပ်ကပ်
နာရီသံဘယ်နှချက်လဲငါမသိလိုက်ပေမယ့်
ငါ့အော်သံကအမှောင်ကိုတော်တော်ခွင်းသွားတယ်

ငါ့ညီရေ...
ဒါရောဆို မင်းလာလာနေတာဘယ်နှညလဲ

အဖေမရှိတော့တဲ့ အမေ့အတွက်
အကိုကြီးနေရစ်ခဲ့ပါဆိုတော့
တားလည်းမတားရက် လိုက်လည်းမလိုက်ခဲ့ရ

အမေကမင်းကျောကိုကြည့်ပြီး တွေတွေကြီးပြောတယ်
ငါ့သားငယ်က သိပ်ခေါင်းမာတာ
စားစရာမရှိလည်း ပြန်လာမှာမဟုတ်ဘူးတဲ့
ဒီတိုင်းပြည်ကိုပြန်မရမချင်း
ခလုက်မထိ ဆူးမငြိပါစေနဲ့တဲ့

အဲ့ဒီညနေတုန်းက
ဝဲရုံပဲဝဲလာပြီး ကျမလာတဲ့မျက်ရည်တွေကို
အမေ့ရင်ထဲမှာ ငါအတိုင်းသားတွေ့ခဲ့ရတယ်
အဖေ့ကိုခေါ်သွားကြတာလည်း
အဲ့ဒီညနေတွေမှာပဲမလား...

၂၀၂၂, မေလ ၂ ရက်နေ့ မင်းမွေးနေ့

မင်းပို့ပို့နေကျ ခွာတ်ပုံထဲကမင်းကောင်တွေ
ဆိုင်းမဆင့်ဗုံမဆင့်နဲ့ အိမ်ရောက်ချလာခဲ့တယ်

အမေ့ကိုအရင်ကန်တော့ နောက်ပြီးတော့
ငါ့ရင်ဘက်နဲ့မဆံ့တဲ့စကားတွေကို
သူတို့နှုတ်ကနေ အထစ်ထစ်အငေါ့ငေါ့

နာဂစ်ထက်ငါးနှစ်ကြီးတဲ့အငယ်ကောင်
အခုတော့လည်း
မုန်တိုင်းနဲ့ပဲပြန်ပါသွားပြီပေါ့တဲ့

တုန်ယင်နေတဲ့အမေ့အသံတွေထဲ
ဂုဏ်ယူခြင်းတွေပါတယ်

တင်းတင်းကိုင်ထားမိတဲ့စိပ်ပုတီးတွေကြားက
မင်းအတွက်အမေ့ရှိုက်သံတွေကိုကျ
အကိုကဘယ်ရင်ဘတ်နဲ့ နားထောင်ပေးရပါ့မလဲ

အာဏာရှင်ကိုမုန်းသလောက်
မင်းတို့ငါတို့မျိုးဆက်က
စစ်ဝတ်စုံကိုတော့ သိပ်ဝတ်ချင်ခဲ့ကြတာ

ဒါ့ကြောင့်
ငါတို့တရားကို ခေါးနဲ့ပဲပြန်ယူခဲ့ကြတာပေါ့

နိုင်ငံ့ဆံမြိတ်ကိုဆောင့်ဆွဲခံနေရသမျှ
ပြည်သူဆိုတဲ့ပန်းတွေ
ဘယ်လောက်တောင်ကြွေနေရဦးမလဲ

ငါတို့အဖေကနိုင်ငံကျဉ်းဟောင်း
နိုင်ငံတော်ပုန်ကန်မှုနဲ့ ထောင်ထဲမှာပဲသေတယ်

မင်းကိုကျ သူပုန်တဲ့ ငါသိပ်ဂုဏ်ယူရဆုံးပဲ ငါ့ညီ

အခုညတွေထဲ...
ငါ့ဆီမင်းရောက်ရောက်လာတော့
သွေးနံ့မပျယ်သေးတဲ့မင်းဝတ်စုံကို
ငါထုတ်ထုတ်ကြည့်ရတယ်

ငါ့နိုင်ငံကို ငါပြန်လိုချင်လိုက်တာလို့
တိုးတိုးလေးရေရွတ်မိတော့

ငါ့နှာခေါင်းဝမှာ
သွေးမခြောက်သေးတဲ့အာဇာနည်ရနံ့တွေဟာ
သင်းကနဲ သင်းကနဲပေါ့...

■ **နွေခါး**

# အဇလးနီ

သာယာလွင်ပြင်တွေအတွက်
ယုံကြည်ချက်ကိုယ်စီရှိကြတယ်
ဒို့မှာ မိတ်ဆွေအပေါင်းဖော် စုံလင်လှသပ
ဝေဖန်လိုသူတွေ
စော်ကားသရော်လိုသူတွေကြောင့်
ခန်းခြောက်သွားတဲ့ ပင်လယ်တွေ မရှိခဲ့ဘူး
တောင်တန်းဆိုတာကလည်း အတွန့်ခေါက်နဲ့
မြစ်ဆိုတာကလည်း အကွေ့ဝိုက်နဲ့
ကိုယ်စီတာဝန်ရှိကြတယ်
အဖော်တွေစုံ စကားဝိုင်းမှာ ဦးညွတ်ဖို့
ကျယ်ပြန့်တဲ့ လူ့ယဉ်ကျေးမှုရဲ့
အုတ်မြစ်ချအခမ်းအနားတွေမှာ
လက်ရုန်း ဆန့်တန်းကွေးညွတ်ဖို့သာ
လိုချင်မိတယ်
ဝမ်းနည်းစရာစက်လက်နဲ့
သူရဲကောင်းတွေရဲ့ လွမ်းသူ့ပန်းခွေအခမ်းအနားမှာ
ခေတ်ကြီး မဆွေးမြေ့သရွေ့တော့
ဒို့ရဲ့လက်သီးဆုပ်များဟာ
တုန်ရီလှုပ်ခါနေရဦးမှာပါပဲ။ ။

■ **ယူနိုးဟူး**

# အရင်လို ရက်စွဲများ

မနက်ခင်းတွေ အလင်းကျတာနဲ့ ကားဂိတ်တွေ တဖြုတ်ဖြုတ် ပျံသန်းသွားကြ။ လွယ်အိတ်တလုံး အရောင်တွေ
အကြောင်း ဗန်ဂိုးက ဆေးသားတွေခြစ်ချလို့...။ သူ့လက်ဖဝါးမယ် အလင်းရောင်စွန်းထင်းတော့
တိမ်တွေညှိုကျလာရဲ့...။
ပြုံးရယ်သူတို့ စကားမယ် အတိတ်ဟာ တတိတိ...။ အရင်လိုယုံကြည်တုန်းလားမေးတော့.. လက်ထဲက ဆေးလိပ်
တွေ အငွေ့ပျံကျ .. ။စာအုပ်စင်တွေ .. တဖျပ်ဖျပ် လေဟာနယ်ထဲ .....။ ဖရန့်ကဲ အိုဟာရာက
ခရီးသွားအိတ်ထဲ လိမ္မော်သီးတွေ ပစ်ထည့်လိုက်တယ် ။
ကိုယ့်မျက်ခုံးတွေ ပင့်မကျခင် နေမျိုးရဲ့ ထရပ်ကားပေါ်က သစ်သီးတွေ အစီအရီခုန်ပေါက်လို့...။
လိမ္မော်သီးတွေ အကြောင်းပြောရင်း မနက်ခင်းဟာ လက်ဖဝါးထဲက ထဘီတထည်လောက် အပေါင်ရုပါစေဆိုပြီး
အမိန့်ရ ဆိုင်းဘုတ်အောက် တန်းစီမိတော့ အတိတ်ကို ရယ်စရာထဲ ထည့်ဖျော်လိုက်မိတယ် ....။
ကမ္ဘာကြီးရယ် နေရဲ့ ....။

■ ဂမ်းမောင်

# တောခြောက်တော့ ကျားကြောက်



မြန်မာစစ်တပ်ရဲ့ စစ်ရေးပြ အခမ်းအနားတခု

■ ဓာတ်ပုံ - Getty Images

. . . စစ်တပ်က စစ်သားတွေကို ပေးရမယ့် အမြတ်ငွေတွေကို သုံးပြီး "တပ်မတော်နေ့ အခမ်းအနား" ကျင်းပကာ တပ်တွင်းစည်းလုံးညီညွတ်ဖို့ပြောနေတယ်လို့ ယူဆနိုင်ပါတယ်။

■ ခေါင်

စစ်ကောင်စီက ပြည်သူတွေရဲ့ လူမှုဘဝတွေ ပုံမှန်ရှင်သန် လည်ပတ်နိုင်အောင် လုံခြုံရေး ရှုထောင့်ကနေ အလေးထား ဆောင်ရွက်နေတာကြောင့် နိုင်ငံ့လုံခြုံရေးကို စိုးမိုးထားနိုင်ပြီလို့ စစ်ကောင်စီရဲ့ ပြန်ကြားရေးဝန်ကြီး ဦးမောင်မောင်အုန်းက ဖေဖော်ဝါရီ ၂၃ က တရုတ်နဲ့ ဂျပန်သတင်းထောက်တွေနဲ့ အွန်လိုင်းကတဆင့် မေးမြန်းခန်းမှာ ပြောခဲ့ပါတယ်။

စစ်အုပ်စုရဲ့ ပြန်ကြားရေးဝန်ကြီး ပြောစကားတွေဟာ မြေပြင်အခြေအနေတွေနဲ့ ကိုက်ညီပါရဲ့လား။

လက်ရှိအချိန်ထိ မြို့အာဏာသိမ်းစစ်တပ်ရဲ့ အောက်ခြေသိမ်းတပ်ဖွဲ့ဝင်တွေဟာ လက်နက်မပါရင် မြို့ပေါ်တွေမှာ အရပ်ဝတ်တွေနဲ့ သွားလာနေရပါတယ်။ ဒါ့အပြင် တော်လှန်ရေးအားကောင်းတဲ့ အညာဒေသမှာ နေအိမ်တွေကို အကြောင်းမဲ့မီးရှို့ ဖျက်ဆီးနေရတာ၊ မြို့ကြီးပြကြီးတွေမှာ အုပ်စုဖွဲ့လုယက်မှုတွေ ထွန်းကားလာတာ၊ တော်လှန်ရေးနဲ့ပတ်သက်ပြီး ပြောဆိုမှုတွေကို မိုဘိုင်းဖုန်းတွေကို စောင့်ကြည့်ပြီး ထိန်းချုပ်ဖို့ ပြင်လာနေရတာတွေက စစ်တပ်ဟာ မြေပြင်ကို မစိုးမိုးနိုင်သေးလို့ ရုန်းကန်နေရတဲ့ အချက်တွေပါ။

စစ်တပ်က ပုံစံအမျိုးမျိုးနဲ့ ဖမ်းဆီးနေသည့်တိုင် တော်လှန်ရေးအင်အားစုတွေရဲ့ "လုံးဝ အုပ်ချုပ်ခွင့် မရစေရ" လို့ ကြွေးကြော်ပြီး ချီတက်တဲ့ ပြောက်ကျားသပိတ်တွေက အခုအချိန်ထိ လမ်းမတွေပေါ်မှာ နေရာယူထားဆဲပါ။

စစ်တပ်အနေနဲ့ မြေပြင် အခြေအနေတွေကို ယခုအထိ မထိန်းချုပ်နိုင်သေးတဲ့အပြင် တပ်တွင်းမှာလည်း ပြဿနာတွေ ရင်ဆိုင်နေရပါတယ်။

အထူးသဖြင့် အကြမ်းဖက်စစ်တပ်ရဲ့ အောက်ခြေတပ်ဖွဲ့ဝင်တွေကြားမှာ စိတ်ဝမ်းကွဲနေပြီး CDM လုပ်လိုသူတွေနဲ့ စစ်တပ်ကနေ စွန့်ခွာလိုသူတွေ ပိုမိုများပြားလာနေတယ်လို့ အိုးဝေက နားလည်ထားပါတယ်။



## တပ်တွင်းက ဖိနှိပ်မှုတွေနဲ့ CDM

စစ်တပ်က အာဏာသိမ်းပြီး နောက်တရက် မန္တလေးက ဆရာဝန်တွေက စတင်လိုက်တဲ့ CDM လှုပ်ရှားမှုမှာ တပ်ထဲက စစ်သားတွေလည်း စစ်တပ်ထဲက ထွက်ပြီး ပြည်သူဘက်ပူးပေါင်းဖို့ အချိန်အတိုင်းအတာတခု ယူကာ CDM မှာ ပါဝင်လာကြပါတယ်။ စစ်သားတွေ CDM လုပ်စက ပြည်သူတွေဘက်က ယုံကြည်ဖို့ မဝံ့မရဲဖြစ်ကြရသလို၊ ယုံကြည်ရပြီလို့ ယူဆရတဲ့ အချိန်မှာတော့ မျှဝေ၊ ကူညီပေးတာတွေ ငွေအားနဲ့ အထောက်အပံ့ပေးတာမျိုးတွေ လုပ်ဆောင်ကြတာ တွေ့ရပြီး ဒီလိုအချိန်တွေမှာ ပြည်သူ့မေတ္တာကိုခံစားကြရကြောင်း တပ်ထဲက CDM ဝင်လာသူ အများအပြားက ဆိုကြပါတယ်။

ပြည်သူဘက် ခိုလှုံလာကြတဲ့ စစ်သားတွေမှာ ခံယူချက်နဲ့ အယူအဆမျိုးစုံ ရှိကြပေမယ့် တူညီတဲ့အချက်ကတော့ "ပြည်သူကို လက်နက်အားကိုးပြီး အနိုင်ကျင့်တာမျိုးကို လက်မခံနိုင်ဘူး" ဆိုတဲ့ အချက်ပါ။ ပြည်သူနဲ့ ဆန့်ကျင်ဘက်မှာ မနေဝံ့လို့၊ ပြည်သူ့ဆန္ဒကို လွန်ဆန်လိုခြင်း မရှိလို့ စတဲ့ အသံတွေလည်း ကြားရပါတယ်။

စစ်တပ်တွေထဲမှာ အောက်ခြေ စစ်သားတွေကို သာမက သူတို့ရဲ့ဆွေမျိုးတွေကိုပါ သီးခြားကမ္ဘာတစ်ခု ဖန်တီးပေးထားပြီး ဝါဒဖြန့်ယန္တရားကိုလည်း ဒီကမ္ဘာအတွင်းမှာပဲ အဖိတ်အစဉ်မရှိ လည်ပတ်စေပါတယ်။

ရာထူးတိုးမြှင့်ရေးအပိုင်းမှာလည်း စစ်အုပ်စုရဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေကပဲ အဆင့်ဆင့်ကို တင်းကျပ်စွာ ထိန်းချုပ်ထားပြီး အောက်ခြေနဲ့ ထိပ်ပိုင်းအရာရှိတွေကြားက မညီမျှမှုကြီးမားမှုတွေ ဖြစ်စေပါတယ်။ ရာထူးကလည်း တက်ဖို့မရှိသည့်တိုင် ဝင်ငွေနဲ့ ပတ်သက်တဲ့ အခွင့်အရေးတွေကလည်း နစ်နာရတာ ဒုနဲ့ဒေးပါ။

အောက်ခြေတပ်သားတွေနဲ့ အရာရှိငယ်တွေဟာ စီးပွားရေး ဦးပိုင်လီမိတက်နဲ့ တပ်ချုပ်သားပိုင် အာမခံကုမ္ပဏီအတွက် လစာထဲက လစဉ်တိုင်း အဖြတ်တောက်ခံပြီး ထည့်ဝင်ရပါတယ်။ ဒီလို အခြေခံ အခွင့်အရေးဆုံးရှုံးမှုတွေက ကျန်ရှိနေသေးတဲ့ စစ်သားတွေကို တပ်ကထွက်ဖို့ တစထက်တစ ပိုမို တွန်းအားပေးနေပါတယ်။

ဒီလိုတပ်တွင်း အခြေအနေတွေနဲ့ပတ်သက်လို့ CDM ဗိုလ်ကြီးတဖြစ်လည်း People Soldiers’ Defense Force (PSDF) မှာ စစ်ဗျူဟာဆိုင်ရာ အကြံပေးနဲ့ ဆက်ဆံရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ကိုထက်မြတ်က အိုးဝေကို အခုလိုရှင်းပြပါတယ်။

"တပ်ထဲမှာ NLD ထောက်ခံတဲ့ စစ်သည်မိသားစုဝင်တွေ အများကြီးရှိတယ်။ ပေါ်ပေါ်ထင်ထင် ပြောမရလို့ နောက်ကွယ်မှာ အားပေးထောက်ခံနေတာတွေရှိတယ်။ ပြောရရင် စစ်တပ်ရဲ့လုပ်ရပ်ကို မကြိုက်သူတွေ တပ်ထဲမှာ အများကြီးပဲ။”

တော်လှန်ရေးအင်အားစုတွေကတော့ ပြီးခဲ့တဲ့ကာလတွေမှာ စစ်တပ်တွင်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဘက် ထောက်ခံမှုတွေ ပိုများလာတာကလည်း စစ်အာဏာသိမ်းမှုကို ဖြစ်စေတဲ့ အကြောင်းအရင်းတစ်ခုဟုယူဆထားကြပြီး မဲသမာ

မှုကြောင့် အာဏာသိမ်းတယ်ဆိုခြင်းမှာ အဓိပ္ပါယ်မရှိတဲ့ အကြောင်းပြချက်တစ်ခုဖြစ်တယ်လို့ ယူဆကြပါတယ်။

"အထက်အောက် ဖိနှိပ်မှုကတော့ အမျိုးစုံရှိတယ်။ ကိုယ်ကြားဖူးတဲ့ ဖိနှိပ်မှုတမျိုးအကြောင်း ပြောကြည့်လိုက်။ အဲ့ဖိနှိပ်မှုဟာ တပ်ထဲမှာ ရှိပြီးသားပဲ။ အပြင်မှာသာ မစုံရင်နေမယ်။ တပ်ထဲမှာတော့ ဖိနှိပ်မှုက အမျိုးစုံပဲ" လို့ ဗိုလ်ကြီးအဆင့်ကနေ CDM ဝင်ထားသူ ကိုထက်မြတ်က ပြောပါတယ်။

> “
>
> **အာဏာရှိတယ်ဆိုပြီး ရမ်းကားနေတဲ့ အထဲမှာလည်း ဗိုလ်ကြီးကတော်တွေ အများကြီးပါတယ်**
>
> မနှင်းနွေး (အမည်လွှဲ)

အထက်နဲ့အဆင်မပြေလို့၊ လူကြီးမကြိုက်လို့ ရှေ့တန်းအပို့ခံရသူတွေ အတော်များများရှိသလို စစ်သားရဲ့ အမျိုးသမီးက အကြီးအကဲမိန်းမနဲ့ အဆင်မပြေလို့ အကြီးအကဲကို တိုင်တဲ့အခါလည်း ပို့ခံရတတ်တယ်လို့ သူက ဆက်ပြောပါတယ်။

"ဖိနှိပ်မှုကတော့ သူတို့မကျေနပ်ရင် မကျေနပ်သလို လုပ်တာပါပဲ" ဟု ကိုထက်မြတ်က ထပ်လောင်းပြောဆိုပါတယ်။

စစ်တပ်အသိုင်းအဝိုင်းမှာကြီးပြင်းလာသူတစ်ဦးဖြစ်ပေမယ့် တော်လှန်ရေးမှာ ပါဝင်နေတဲ့ မနှင်းနွေး (အမည်လွှဲ) ကို ဆက်သွယ် မေးမြန်းရာမှာတော့ အခုလိုဆိုပါတယ်။

"အာဏာရှိတယ်ဆိုပြီး ရမ်းကားနေတဲ့အထဲမှာလည်း ဗိုလ်ကြီးကတော်တွေ အများကြီးပါတယ်"

စစ်တပ်က အင်းအားနည်းနေသည်ကို သိရှိနေသည့်တိုင် ဗိုလ်ကြီးကတော်တွေဟာ အောက်ခြေတပ်သား တွေကို တခုခု အလိုမကျတာရှိရင် တပ်က ထုတ်ပစ်မယ်ဆိုတာမျိုး မကြာခဏ ခြိမ်းခြောက်လေ့ရှိပြီး အမှန်တကယ်လည်း လုပ်ဆောင်လို့ရှိတယ်လို့ မနှင်းနွေး (အမည်လွှဲ) က ဖွင့်ဟ ပါတယ်။

“အချို့ကိစ္စတွေကို သူတို့ ယောက်ျားဗိုလ်ကြီးတွေက သိသိရက်နဲ့ လွှတ်ထားတာ။ တစ်ချို့ကိစ္စတွေကျတော့ ဗိုလ်ကတော်တွေ ထင်တိုင်း ဖိနှိပ်နေတာကို သူတို့ ယောက်ျားတွေတောင် မသိဘူး” ဟု သူက ပြောပြပါတယ်။

တဖက်မှာလည်း လစာလုံလုံလောက်လောက် မရတဲ့ အောက်ခြေ စစ်သားမိသားစုတွေဟာ တပ်တွင်း ဖိနှိပ်မှုတွေ အပြင် ဦးပိုင်လီမိတက်က ၂၀၂၂ ခုနှစ်အတွက် စစ်သားတွေကို ထုတ်ပေးရမယ့် အစုရှယ်ယာ အမြတ်ငွေကို ယခုနှစ် မေလဆန်းအထိ ထုတ်ပေးခြင်း မရှိသေးတာကြောင့် မကျေမနပ်ဖြစ်နေကြပါတယ်။ ဒါကြောင့်မို့ စစ်ကောင်စီရဲ့ ရာထူးအကြီးပိုင်းတွေက ဒေသအနှံ့အပြားသွားလာပြီး နယ်မြေခံတပ်ရင်းတွေကို ဆင်းကာ လိုက်လံစည်းရုံးတာတွေလည်း ရှိပါတယ်။ မနှစ်ကပြုလုပ်တဲ့ တပ်မတော်နေ့ (တော်လှန်ရေးနေ့) အခမ်းအနားမှာ အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "တပ်တွင်း စည်းလုံးညီညွတ်ရေး အလွန်အရေးကြီးကြောင်း" တွင်တွင် ပြောဆိုသွားခဲ့ပါတယ်။

ဧပြီ ၄ ရက်နေ့က ဗိုလ်ကြီးအဖြစ် CDM ဝင်လာတဲ့ ကိုရဲမင်းဦးက စစ်အာဏာသိမ်းပြီး နောက်ပိုင်း ဦးပိုင်အမြတ်ငွေတွေကို စစ်သားတွေကို မပေးပဲ ဗိုလ်ရှုံသဘင်အခမ်းအနားတွေ၊ တပ်မတော်နေ့ အခမ်းအနားပြုလုပ်ခြင်းနဲ့ သင်္ကြန်ကာလ ပျော်ပွဲရွှင်ပွဲတွေမှာ အသုံးပြုလိုက်တယ်လို့ ယူဆကြောင်း မေ ၁၈ က မြန်မာနောင်း သတင်းဌာနနဲ့ အင်တာဗျူးမှာ ဖြေဆိုခဲ့ပါတယ်။ CDM ဝင်လာတဲ့ ဗိုလ်ကြီးရဲ့ ထင်မြင်ချက်သာ အမှန်ဖြစ်ခဲ့ရင် စစ်တပ်က စစ်သားတွေကို ပေးရမယ့် အမြတ်ငွေတွေကို သုံးပြီး "တပ်မတော်နေ့ အခမ်းအနား" ကျင်းပကာ တပ်တွင်းစည်းလုံးညီညွတ်ဖို့ပြောနေတယ်လို့ ယူဆနိုင်ပါတယ်။

လက်ရှိမှာ CDM ဝင်လာတာ ဒုတိယ ဗိုလ်မှူးကြီးအဆင့်ထိ ရှိနေပြီး ဒီထက် ရာထူးအကြီး ပိုင်းတွေ CDM ဝင်လာနိုင်သလားဆိုတဲ့ အမေးကိုတော့ ဗိုလ်ကြီးအဖြစ် CDM ဝင်လာတဲ့ ကိုထက်မြတ်က အခု လိုဆိုပါတယ်။

"လက်ရှိအခြေအနေမှာ အားလုံး ဖြစ်လာနိုင်ပါ တယ်။ ဖြစ်နိုင်ချေနည်းတယ်ဆိုပေမယ့် မျှော်လင့်လို့ ရ ပါတယ်။ အရင်က စစ်သားတွေ CDM လုပ်မှာမဟုတ် ဘူးလို့ထင်ခဲ့ကြပေမယ့် အခုဆို အများကြီးဖြစ်လာပြီ" လုပ်ပိုင်ခွင့် ရပိုင်ခွင့် စည်းစိမ်ချမ်းသာအပြည့်ရနေတဲ့ လူကြီးတွေထဲမှာလည်း မတရားတာကို သိတဲ့သူတွေ ရှိနိုင်သေးပြီး သူနဲ့ သူ့မိသားစုထိလို့ပဲဖြစ်ဖြစ် ခံယူချက် စိတ်ဓာတ်ကြောင့်ပဲဖြစ်ဖြစ် မျှော်လင့်လို့ရသေးတယ် လို့ သူ့ရဲ့ အမြင်ကိုပြောပါတယ်။

အခုအချိန်မှာ လက်နက်ပါ တပါတည်း ယူပြီး ရှေ့တန်းစစ်မြေပြင်ကို စွန့်ခွာကာ CDM ဝင်လာကြသူ တွေ ရှိသလို၊ တော်လှန်ရေးတပ်ဖွဲ့တွေ၊ CDM စစ်သား တွေကို ဆက်သွယ်ပြီး တပ်က ထွက်ဖို့ တိုင်ပင်ကြ တာမျိုးတွေလည်း အများအပြားရှိလာပါတယ်။

## တပ်တွင်းပုန်ကန်မှုနဲ့ CDM အားကောင်း လာနိုင်သလား

ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ (NUG) ရဲ့ ဧပြီ ၁၈ ရက်ထုတ်ပြန်ချက်အရ CDM မှာပါဝင်လာတဲ့ စစ်သားနဲ့ ရဲဝန်ထမ်းဦးရေ ၁၀,၀၀၀ နီးပါးရှိလာပြီး အဲ ဒီထဲမှာ စစ်သား အရေအတွက် ၃၀၀၀ ကျော်ပါဝင်နေ ပါတယ်။

အကြောင်းအမျိုးမျိုးကြောင့် CDM မှာ ပါဝင် လာခြင်း မရှိပေမယ့် 'ဖရဲသီး' လို့ ခေါ်ဝေါ်ကြတဲ့ တပ် တွင်းမှာ နေထိုင်ပြီး တော်လှန်ရေးအင်အားစုတွေ ဆီ အရေးကြီးအချက်အလက်တွေ ပေးပို့တာတွေ၊ တော်လှန်ရေးတပ်ဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်မှုမှာ ပါဝင်နေတဲ့ တပ်သားတွေနဲ့ အရာရှိတွေလည်း ရှိပါ တယ်။

CDM မှာပါဝင်ထားတဲ့ စစ်သားတွေကလည်း CDM လှုပ်ရှားမှုမှာ ပါဝင်ရုံသာမကပဲ CDM ဝင်မယ့် စစ်သားတွေကို ကူညီပေးနေတဲ့ ပြည်သူ့ပန်းတိုင်အဖွဲ့ နဲ့ People's Embrace (ပြည်သူ့ရင်ခွင်) အဖွဲ့တို့ကို ဖွဲ့စည်းထားတဲ့အပြင် People's Soldiers Production Team လို စစ်လက်နက်ပစ္စည်း ထုတ်လုပ်တဲ့အဖွဲ့ လည်း ဖွဲ့စည်းထားပါသေးတယ်။

ဒါ့အပြင် တပ်တွင်းပုန်ကန်မှုတွေ ဖြစ်လာနိုင် တယ်ဆိုတဲ့ ထင်ကြေးပေးမှုတွေ က မြင့်တက်နေပါ တယ်။

**ပထမဆုံး တပ်တွင်းကောလိပ်ပုန်ကန်မှုတ ရပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေလက်ထက်က ဖြစ်ခဲ့ဖူး ပါတယ်။ တပ်မတော်နည်းပညာကောလိပ် (MTC) မှာ ၂၀၀၂ ခုနှစ်က ဖြစ်ခဲ့တာပါ။**

အင်ဂျင်နီယာဘွဲ့နဲ့မွှားပြီး ၁၀ တန်းအောင်စ လူငယ်တွေကို ရည်ရွယ်ချက်ရှိရှိ တပ်သားသစ် စုဆောင်းခဲ့တာဖြစ်ကြောင်းနဲ့၊ အစမ်းသပ်ခံပညာရေး အဆင့်တောင်မဟုတ်တော့ဘဲ "စစ်အာဏာရှင်တွေ အတွက် ကိုယ်ကျိုးရှာ လိမ်လည်အသုံးချ အမည်ပြ ပညာရေးလို့တောင် ပြောလို့ရလိမ့်မယ်" လို့ ကော လိပ်ပုန်ကန်မှုမှာ အပတ်စဉ် (၃) သင်တန်းသားတ ယောက်အဖြစ် ကိုယ်တိုင်ပါဝင်ခဲ့တဲ့ ကိုကျော်သူစိုးက သူ့ရဲ့ "ကောလိပ်သူပုန်" စာအုပ်ထဲမှာ ရေးသားထား ပါတယ်။ "ကောလိပ်သူပုန်" စာအုပ်ဟာ တပ်မတော် နည်းပညာကောလိပ်မှာ ဖြစ်ပွားခဲ့တဲ့ တပ်တွင်းကော လိပ်ပုန်ကန်မှုအကြောင်း ရေးသားထားတဲ့ စာအုပ်ဖြစ် ပြီး ၂၀၀၄ ခုနှစ်မှာ ထုတ်ဝေခဲ့ပါတယ်။

သတင်းစာမှာ သင်တန်းသားတွေခေါ်တုန်းက မေဂျာ ၁၆ မျိုးရှိတယ်လို့ ဖော်ပြထားပြီး၊ ကောလိပ်ကို ရောက်သွားတဲ့အခါမှာတော့ မေဂျာ ၆ မျိုးပဲ သင်ကြား ပေးတာတွေ၊ အချို့သော မေဂျာတွေမှာ သင်တန်းသား ရှိပြီး သင်ရိုးညွှန်းတန်းတောင် မရှိသေးတာတွေ၊ စာပေပိုင်းမှာလည်း ကောင်းစွာ သင်ကြားရခြင်းမရှိ ပဲ လေ့ကျင့်ရေးနဲ့ လုပ်အားပေးရတာတွေသာ များနေ တာတွေနဲ့ သန့်ရှင်းမှုမရှိတဲ့ အစားအသောက်၊ အပေါ့ အလေးစွန့်ရာ နေရာနဲ့ သုံးရေမလုံလောက်တာတွေက ပုန်ကန်မှုကို အစပျိုးစေခဲ့တာဆိုလည်း မမှားပါဘူး။

ကောလိပ်အတွင်း အခြေအနေတွေကို တာဝန်ယူဖို့



ည ၈ နာရီကျော်လို့ လမ်းပေါ်ထွက်တဲ့ကောင် ပစ်၊ ပြီးရင်ဓာတ်ဆီပုလင်းလက်ထဲ ထည့်ပေးပြီး ဓာတ်ပုံရိုက်ထား လိုက် လို့ အမိန့်ပေးတာတွေရှိ

■ ဓာတ်ပုံ - Getty Images

“

အခုကျေးရွာတွေကို မီးရှို့တဲ့အခါ တပ်ထဲက စစ်သားတွေရဲ့ ရွာတွေ အိမ်တွေ ပါတယ်။ ဒါကို PDF တွေလုပ်တာပါလို့ ဝါဒဖြန့်တယ်၊ ဒါပေမယ့် တချို့စစ်သားတွေကျ အမှန်အတိုင်းသိနေကြပြီ

## CDM ဗိုလ်ကြီး ထက်မြက်

ကျောင်းသားတွေက လက်မှတ်ထိုးပြီး ဗိုလ်ချုပ်ခင်ညွန့်ဆီ စာတင်ခဲ့ကြပါတယ်။ တာဝန်ယူမှု တစ်စုံတစ်ရာ ပြန်မရရင် ကောလိပ်ဆက်မတက်တော့ဘဲ အိမ်ပြန်ကြမယ်လို့သာ ဆုံးဖြတ်ထားခဲ့ကြတာပါ။ စာတင်ပြီးတဲ့နောက် အာဏာပိုင်တွေဘက်က တာဝန်ယူမှု မရှိခဲ့တဲ့အတွက် ကျောင်းသားတွေက ကိုယ့်အိမ်ကိုယ် လမ်းလျှောက် ပြန်ကြမယ့်နေ့ မတိုင်ခင်မှာပဲ ဖမ်းဆီးခံလိုက်ရပါတယ်။

လေ့ကျင့်ရေးချုပ်က အိမ်ကိုပြန်မယ့်သူနဲ့ ကောလိပ်ဆက်တက်မယ့်သူတွေကို ခွဲခြမ်းလိုက်ရာမှာတော့ အိမ်ကိုပြန်မယ့် ကျောင်းသားတွေက ပိုများတဲ့အတွက် တပ်မတော်နည်းပညာကောလိပ် (MTC) ကို ဆက်မဖွင့်တော့ပဲ ကျောင်းသားတွေကို အိမ်ပြန်ပို့ပေးဖို့သာ စီစဉ်ခဲ့ကြပါတယ်။ "ကောလိပ်သူပုန်" စာအုပ်အရ ဖမ်းဆီးခံ ကျောင်းသား ၆၀ ကျော် ရှိတယ်လို့ ဆိုပါတယ်။ အဲဒီပုန်ကန်မှုမှာ တပ်ထဲက ရာထူးကြီးပိုင်းတွေရဲ့ ဆွေမျိုး အများအပြားကတော့ ပါဝင်ခဲ့ခြင်းမရှိပါဘူး။

Myanmar Now ရဲ့ ၂၀၂၁ ဩဂုတ်လ ရက်စွဲပါ သတင်းတပုဒ်အရ တပ်တွင်းကောလိပ်ပုန်ကန်မှုမှာ ပါဝင်ခဲ့တဲ့ ကျောင်းသားအချို့ကလည်း ယခု နွေဦးတော်လှန်ရေးမှာ လက်နက်ကိုင်ရင်း စစ်အာဏာရှင်ကို တော်လှန်နေကြဆဲဖြစ်တယ်လို့ သိရပါတယ်။

တပ်တွင်းပုန်ကန်မှု မဖြစ်ဘဲ တပ်ပြေးတွေသာ ပိုများလာမယ်လို့ သုံးသပ်ကြသူတွေရှိသလို ဒီပုံစံအတိုင်းသာ ဆက်သွားနေရင် တပ်တွင်းပုန်ကန်မှု ဖြစ်နိုင်ချေများတယ်လို့ သုံးသပ်ကြသူတွေလည်းရှိနေပါတယ်။ တဖက်မှာလည်း စစ်တပ်ရဲ့ Chain Of Command (အမိန့်စီးဆင်းမှု) က အောက်ခြေအပေါ် သက်ရောက်မှု နည်းလာသလို အမိန့်နာခံမှုလည်း နည်းလာပါတယ်။

"ကျနော်ကိုယ်တိုင်လည်း ည ၈ နာရီကျော်လို့

လမ်းပေါ်ထွက်တဲ့ကောင် ပစ်၊ ပြီးရင်ခေါက်ဆီပုလင်း လက်ထဲ ထည့်ပေးပြီး ဓာတ်ပုံရိုက်ထားလိုက်လို့ မ တရားအမိန့်ပေးခံရတဲ့အချိန် အပြန်အလှန်ပြဿနာတွေ တက်ခဲ့ဖူးပါတယ်" လို့ ဗိုလ်ကြီးအဖြစ်ကနေ CDM ဝင်လာသူ ကိုထက်မြတ်က ဆိုပါတယ်။

စစ်သားတွေကို အသေခံခိုင်းနေတာ သိလို့ မ လုပ်နိုင်ဘူးလို့ အထက်ကို ပြန်ခံပြောတဲ့ တပ်ရင်းမှူး တစ်ယောက်ကို လည်း ဗိုလ်ကြီး ထက်မြတ် CDM မ လုပ်ခင်မှာ ကြုံခဲ့ရဖူးပါတယ်။

"အခုကျေးရွာတွေကို မီးရှို့တဲ့အခါ တပ်ထဲက စစ်သားတွေရဲ့ ရွာတွေ အိမ်တွေပါတယ်။ ဒါကို PDF တွ လုပ်တာပါလို့ ဝါဒဖြန့်တယ်၊ ဒါပေမယ့် တချို့စစ်သားတွေကျ အမှန်အတိုင်းသိနေကြပြီ"

ဒီခံစားချက်တွေ ပွင့်ထွက်ကုန်တဲ့အခါ အာဏာဖီဆန်တာတွေ၊ အမိန့်မနာခံတာတွေ ဖြစ်လာမှာပဲ လို့ CDM ဗိုလ်ကြီး ထက်မြက်က သူ့ရဲ့အမြင်ကို ပြောပါတယ်။

## "စစ်တပ်ထဲမှာ ဘယ်နေ့သေမလဲ ထိုင်စောင့်နေရသလိုဖြစ်နေတယ်"

CDM ဝင်လာတဲ့ စစ်သားတွေကို သက်ဆိုင်ရာ ဒေသအခြေပြု ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေက ဂုဏ်ပြုငွေချီးမြှင့်တာတွေ၊ အခြားသောနိုင်ငံတွေကို ခိုလှုံချင်ရင်လည်း လွတ်မြောက်နယ်မြေအထိ လိုက်လံပို့ဆောင်ပေးတာမျိုးတွေ လုပ်ပေးနေတာ တွေ့ရပါတယ်။

သို့ပေမယ့် CDM လုပ်ကြမယ့် စစ်သားတွေအဖို့ လိုင်းခန်းမှာကျန်ခဲ့တဲ့ မိသားစုတွေရဲ့ လုံခြုံရေး၊ တပ်ကထွက်ပြီးမှ ပြန်ဖမ်းမိမှာ၊ ဖမ်းမိရင်လည်း စစ်ပုန်ကန်မှုလို့ ခေါင်းစဉ်တပ်ပြီး အမြင့်ဆုံးအဆင့် သေဒဏ်အထိ အပေးခံရမှာ၊ လက်နက်ပါ ယူဆောင်ပြီး CDM မှာပါဝင်ကြသူတွေဆိုရင် တုံ့ပြန်တယ်ဆိုတဲ့ ယူဆချက်နဲ့ ဖမ်းမိတဲ့ နေရာမှာတင် ပစ်သတ်ခံရမှာ၊ လုပ်ဖော်ကိုင်ဖက်တွေကြားမှာ သစ္စာဖောက်လို့ စွပ်စွဲ ဝါဒဖြန့်ခံရမှာတွေနဲ့ အခုအချိန်မှ CDM ဝင်လာလို့ ပြည်သူက မယုံကြည်မှာ စတဲ့ ကိစ္စရပ်တွေကို ပူပန်နေကြရပါတယ်။

"အဓိကကြုံရတာက သူနဲ့ သူ့တို့မိသားစု အတွက် ထည့်သွင်းစဉ်းစားရတာတွေ များတာပါပဲ။ CDM လုပ်ပြီဆိုတာနဲ့ ဝင်ငွေမရှိတော့ဘူး၊ လုံခြုံမှု မရှိတော့ဘူး၊ အခုနောက်ပိုင်း စစ်သား CDM က အသက်အန္တရာယ်ပါ ထည့်တွက်နေရတယ်။ ပြန်ဖမ်းမိရင် မလွယ်ဘူး" လို့ CDM ဗိုလ်ကြီးဖြစ်သူ ကိုထက်မြတ်က ဆိုပါတယ်။

"အထဲမှာလည်း ဘယ်နေ့သေမလဲ ထိုင်စောင့်နေရသလိုဖြစ်နေတယ်" လို့သူက ဆက်ပြောပါတယ်။

CDM လုပ်မယ့် စစ်သားအရေးအတွက် ပိုများလာအောင် NUG အစိုးရဘက်က ခိုင်မာတဲ့ ဘဝအာမခံချက် ပေးနိုင်ရင် အကောင်းဆုံးလို့ မြင်မိတယ်လို့ ကိုထက်မြက်က ဆိုပါတယ်။

"မိသားစု စားဝတ်နေရေးနဲ့ လုံခြုံတဲ့နေရာစီစဉ်ပေးနိုင်တာမျိုး ဆိုရင်ကို အဆင်ပြေပါတယ်။ ဒီလိုတွေလည်း ပိုပိုပြီး လုပ်ပေးနေတာသိရတယ်။ အဲ့လိုလုပ်ပေးနေတယ်ဆိုတာကိုလည်း အထဲကစစ်သားတွေ သိရှိအောင် လုပ်သင့်တယ်"

CDM စစ်သားတွေ အထိုက်အလျောက် အဆင်ပြေနေတာကို သိရ၊ ကြားရရင် အထဲက ဒုက္ခခံနေရတဲ့ စစ်သားအများအပြား ထပ်ထွက်လာမယ်လို့လည်း သူက ယုံကြည်ထားပါတယ်။

"မိသားစုဝင်တွေကို စည်းရုံးတိုက်တွန်းတာကလည်း အရေးကြီးပါတယ်။ အမျိုးသမီးရဲ့ မိသားစုအပေါ် လွှမ်းမိုးမှုကလဲ CDM လုပ်နိုင်ဖို့ အရေးကြီးတဲ့ တွန်းအားတခု ဖြစ်လို့ပါ"

အမျိုးသမီးတွေ၊ သားသမီးတွေက တဆင့် စစ်သားတွေကို အမှန်တရား သိမြင်နိုင်အောင် ပို့ဆောင်တာတွေ၊ တိုက်တွန်းတာတွေနဲ့ လမ်းပြတာတွေ လုပ်ပေးသင့်တယ် လို့ သူက အကြံပြုပါတယ်။

စစ်တပ်က သူတို့အသိုင်းအဝိုင်းကို ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ အစားအသောက်၊ အဝတ်အထည် စသဖြင့် ဒီလိုနယ်ပယ်တွေမှာ သီးခြားထားပေးပြီး သက်ဦးဆံပိုင်စနစ်ကို ယနေ့ထိ ကျင့်သုံးနေဆဲပါ။

ဒီလို သီးခြား နယ်ပယ်တွေ ထူထောင်ထားတာက စစ်တပ်ရဲ့ ဝါဒဖြန့်ယန္တရားအတွက် အကျိုး

သက်ရောက်ပုံကို CDM ဗိုလ်ကြီး ကိုထက်မြတ်က အခု လိုပြောပါတယ်။

"ဘယ်လိုခေါင်းထဲ ရိုက်သွင်းထားလဲဆို တော့ အပြင်မှာ ဘာဖြစ်ဖြစ် အထဲမှာ အကုန်ရှိတယ်၊ အကုန်ပြည့်စုံတယ် အပြင်ကလူတွေ ဘယ်လောက် ဒုက္ခရောက်ပါစေ ငါတို့ကတော့ အေးအေးဆေးဆေး ဖြတ်သန်းလို့ရတယ်ဆိုပြီး ရိုက်သွင်းထားတယ်"

ဒီလိုဝါဒမှိုင်းတွေကို ယုံတဲ့ စစ်သားမိသားစုတွေ များစွာရှိနေပြီး သူတို့ရဲ့ ဖိနှိပ်မှုတွေကို မရိပ်မိနိုင်စေဖို့ စစ်သားမိသားစုတွေ ခက်ခဲနေရတာဟာ အကြမ်းဖက် သောင်းကျန်းသူတွေကြောင့်လို့ ဝါဒဖြန့်ထားတယ်လို့ သူက ပြောပါတယ်။

"တပ်ပြင်ထွက်ခွင့်ပိတ်တယ်၊ ခွင့်မပြန်ရဘူး။ မိသားစုတွေကိုအထဲခေါ်ပြီး ကျွန်လိုခိုင်းတယ်"

တပ်က စစ်သားတွေကိုသာမက သူတို့ ရဲ့ မိသားစုဝင်တွေကိုပါ ဖိနှိပ်နေတာဖြစ်ပြီး အခု နောက်ပိုင်းမှာလည်း စစ်သားတွေရဲ့ မိသားစုဝင်တွေ ကို လက်နက်ပေးကိုင်စေပြီး ကင်းစောင့်ခိုင်းတာတွေ ရှိကြောင်း သတင်းတွေ ထွက်ပေါ်နေပါတယ်။ အချို့ သော စစ်မှုထမ်းဟောင်းတွေရဲ့ မိသားစုဝင်တွေက အခွင့်အရေး ချိုးဖောက်ခံရတာကို စည်းကမ်းကြီး တယ်လို့ ဂုဏ်ယူပြီး ပြောဆိုနေကြတာတွေလည်း ရှိ ပါတယ်။ ဒီဖြစ်စဉ်က ဝါဒမှိုင်းတွေမှာ အသားကျသွား တာဖြစ်ပြီး တပ်ကို စွန့်ခွာ CDM ဝင်လာသူတွေ ပိုများ လာဖို့ အတွက်ဆို ဝါဒမှိုင်းတွေကို အချက်အလက် လျော်ညီစွာ ချေဖျက်ဖို့လည်း လိုအပ်ပါတယ်။

"ဦးပိုင်အမြတ် အချိန်မီ မထုတ်ပေးနိုင်တာ တောင် အကြမ်းဖက်လုပ်ရပ်တွေကြောင့် ဘဏ်တွေကို ငွေမပို့နိုင်လို့ဆိုပြီး ဝါဒဖြန့်တယ်" လို့ CDM ဗိုလ်ကြီး ထက်မြက်က ဆိုပါတယ်။

အမှန်အတိုင်းသိတဲ့တချို့ကလည်း အကြောက်တရား ကြီးစိုးနေတာကြောင့် ပြန်ပြီး မေးခွန်းမထုတ်ရဲ၊ မပြော ရဲတာတွေ ဖြစ်နေတယ်လို့ သူက ဆက်ပြောပါတယ်။

"အထက်ကဘာလုပ်လုပ် ဘာပြောပြော ငြိမ်ခံနေကြ တယ်။ စစ်တပ်ရဲ့ ဝါဒမှိုင်းဟာ အရမ်းကြောက်စရာ ကောင်းတယ်"

## "ကျွန်မယောကျ်ား ကျွန်ခံနေရတာနဲ့တင် မ ရသေးဘူးလား"

မိမိရဲ့ 'ယောကျ်ား' ဒါမှမဟုတ် 'သား' က စစ်တပ်ထဲ ဝင်လိုက်တာနဲ့ တပြိုင်နက် စစ်သားမိသားစုဝင်တွေ ကပါ ထိပ်ပိုင်းအရာရှိတွေရဲ့ ထိန်းချုပ်မှုအောက်ကို အလိုလိုရောက်သွားရပါတယ်။

"ကျမယောကျ်ားကျွန်ခံနေတာနဲ့တင် မရသေး ဘူးလား။ ကျမတို့နဲ့ဘာဆိုင်လို့လဲ ဒီအလုပ်တွေ စိတ် လည်းမဝင်စားဘူး လုပ်လည်း မလုပ်ချင်ဘူး ငြင်းဆန် ခွင့်လည်းမရှိဘူးဖြစ်နေတယ်။ သူ့ကိုထားခဲ့ပြီး မိသားစု လိုက် ထွက်ပြေးဖို့ကျတော့လဲ အင်အားမရှိဘူး။ သူ့ ကိုလည်း ဒီလိုအဖွဲ့အစည်းထဲမှာ အလကားအသေ မခံခိုင်းနိုင်ဘူး။ ဘယ်လိုလုပ်ရမလဲ" လို့ ဘယ်သူက မေးခွန်းထုတ်တာလဲ ဖြည့်ပေးပါ

စစ်သားတွေရဲ့ မိန်းမတွေကို လက်နက်ကိုင် ခိုင်းစေပြီး ကင်းစောင့်ခိုင်းတဲ့ အခြေအနေနဲ့ ပတ်သက် လို့ CDM ဗိုလ်ကြီးထက်မြတ်ဆီ ရဲမေ (စစ်သားမိန်းမ) တစ်ယောက်က ရင်ဖွင့်လာတဲ့ စကားသံပါ။ စစ်တပ် က အဲဒီလို အမျိုးသမီးတွေကို အရံအင်အားသဖွယ် သတ်မှတ်အသုံးချနေတာလည်း ဖြစ်ပါတယ်။

"စစ်သားတယောက်အနေနဲ့လည်း ကိုယ့် အသက်ကိုယ် မကာကွယ်နိုင်တဲ့အပြင် ကိုယ့်မိသားစု ကိုပါ မကာကွယ်နိုင်တဲ့အခြေအနေပါ" လို့ CDM ဗိုလ်ကြီးထက်မြတ်က သုံးသပ်ပါတယ်။

ဒါ့အပြင် လှည့်ကင်းပတ်တဲ့အခါ ရေတပ်သား တွေကို အသုံးပြုလာတာနဲ့ ပတ်သက်လို့ တိုက်ခိုက်ရေး အင်အားနည်းသွားတယ်ဆိုတာထက် အရင်ကလည်း အင်အားက အမှန်မဟုတ်ကြောင်း၊ တော်လှန်ရေး အင်အားစုတွေက လက်နက်ကိုင်လမ်းစဉ် ရွေးလာတဲ့ အခါ စစ်မျက်နှာဖွင့်ရတာတွေ ပိုများသွားတာကြောင့် မြို့၊ နယ်တိုင်းကို အင်အားဖြန့်ရတာကြောင့် အင်အား မလောက်ငှတော့ပဲ ဆေး၊ ဆက်သွယ်ရေး၊ စစ်မြေပြင် အင်ဂျင်နီယာ၊ အမြောက်၊ ထောက်ပို့၊ ရေ၊ လေ အစ ရှိတဲ့ တပ်တွေ သုံးလာရတာဖြစ်တယ်လို့ သူက ဆိုပါ တယ်။ ■

# မရှင်း မရှင်း

■ မောင်ပေသီး

မကြာသေးမီရက်များအတွင်းက ရန်ကုန်ဆိပ်ကမ်းမှာ လောင်စာဆီတင် သင်္ဘောကြီးဆိုလား၊ တန်ချိန်သုံး သောင်းကျော် ပါတယ်ဆိုလား . . . ၊ ဆိုက်ကပ်တော် မူသတဲ့။ (လောင်စာဆီက ဘုရားထက်ရှားနေချိန်ဆို တော့ ထီးမှုနန်းဟန်လေး သုံးပေးမှ တော်ကာကျပေ မယ်)

သို့ပေသော်ငြားလည်းပေါ့လေ။ အဲဒီသတင်း ဖတ်ရချိန်ကစပြီး ဘုရားထက်ရှားတဲ့ လောင်စာဆီဟာ အဲဒီထက်ကို ထပ်ရှားသွားပါရောလား။ ဟိုဆီဆိုင်ပိတ်၊ ဒီဆီဆိုင်ပိတ်တွေ ပိုများလားတယ်။ ခွဲတမ်းကို တန်းစီ ဝယ်ကြရတယ်။ ရောက်လာတယ်ဆိုတဲ့ဆီတွေ ဘယ် ရောက်သွားတယ်ဆိုတာ တယ်မရှင်းလှဘူး။ (မောင် ပေသီးတွေးမိတာလေး တခုတော့ရှိတယ်ခင်ဗျ။ မပြော ရဲပြောရဲ ပြောကြည့်ရမှာပဲ။ ရွာတွေမီးရှို့တဲ့ဘက်များ လှည့်သုံးလိုက်သလားလို့။) ရောက်တယ်လည်းပြော သေး။ ပျောက်လည်း ပျောက်နေသေးတာကိုး။

ရှင်းတော့မရှင်းဘူးပေါ့နော်။ လွန်ခဲ့တဲ့ နှစ် ၃၀ ကျော်က ခုလို မရှင်းတဲ့ကိစ္စတခုဆီ မောင်ပေသီး အတွေးက ရောက်သွားရပြန်တယ်။ ရှစ်လေးလုံး အရေးတော်ပုံကြီး ဖြစ်လုဆဲဆဲကာလကပေါ့။ ရန် ကုန်၊ ဗဟန်း ဦးချစ်မောင်လမ်းက လက်ဖက်ရည်ဆိုင် တဆိုင်ရဲ့ ဆိုင်ရှင်ကို ငွေစက္ကူတွေ အစိုးရကသိမ်း လိမ့်မယ်ဆိုတဲ့ ကောလာဟလ ဖြန့်ဖြူးတယ်ဆိုပြီး မ ဆလအစိုးရကဖမ်းပြီး အရေးယူလိုက်ပါသဗျာ။ အဲဒီ လူကိုဖမ်းပြီး ရက်များမကြာခင်မှာပဲ ငွေစက္ကူတွေ ကို သိမ်းပါသဗျာ။ ဘာပြောရမှန်းတောင် မသိပါ။ စစ် အာဏာရှင် အလယ်ခေတ်ရဲ့ မရှင်းဇာတ်တခုလို့သာ မှတ်ယူလိုက်ဖို့ပါပဲ ခင်ဗျာ။ ကောလာဟလဆိုတာ လည်း သူတို့ပဲ။ တကယ်သိမ်းတာလည်း သူတို့ပဲ။ စစ် အာဏာရှင်နိဂုံးခေတ် မရှင်းဇာတ်တခုကတော့ မနေ့ တနေ့ကမှ ခင်ဗျ။ ဥက္ကဋ္ဌကြီး၊ တပ်ချုပ်ကြီး၊ ဝန်ကြီးချုပ် ကြီး မင်းအောင်လှိုင်က သူကိုယ်တိုင် တွေ့ပါမယ်ဆို တဲ့ ငြိမ်းချမ်းရေး ဖိတ်ခေါ်ပွဲကြီးကို ဝပြည်သွေးစည်း ညီညွတ်ရေးပါတီက မေလ ၃၀ ရက်နေ့မှာ တက် ရောက်ခဲ့ပါတယ်။ ပါတီစုံ ဒီမိုကရေစီစနစ်ကျင့်သုံးရေး နဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကို အခြေခံတဲ့ ပြည်ထောင်စု စနစ် တည်ဆောက်ရေးတို့ကို ဆွေးနွေးသဘောတူကြ တယ်လို့ စစ်ကောင်စီက သတင်းထုတ်ပြန်ပါတယ်။

ဆွေးနွေးပွဲ တက်ရောက်တဲ့ ဝ ကိုယ်စားလှယ် တယောက်ဖြစ်တဲ့ ဦးညီရန်းက "တနာရီ ဝန်းကျင် လောက် တွေ့ကြပါတယ်။ အခုက ကျန်းမာရေး၊ ပညာရေး၊ ဒေသဖွံ့ဖြိုးရေး၊ ဝ ပြည်နယ်ကိစ္စတွေ ဖက် ဒရယ်ပြည်ထောင်စုနဲ့ပတ်သက်ပြီးက ကျနော်လည်း သိပ်မရှင်းသေးဘူး။ ဆွေးနွေးတယ်၊ ပြောဆိုကြတယ် ပေါ့" လို့ သတင်းဌာနတွေကို ပြောပါတယ်။

သူလည်း မရှင်းဘူးတဲ့။ ဘယ်ရှင်းမလဲ။ တပ် ချုပ်ကြီးတို့ဘက်ကလည်း ရှင်းမှ မရှင်းတာ။ ဒီမရှင်း မရှင်းကိစ္စကို မောင်ပေသီးအနေနဲ့ ရှင်းရှင်းလင်းလင်း ပြောရရင် ဒီလိုရှိတယ်ခင်ဗျ။ တကယ်တမ်းမှာ နှစ်ဖက် စလုံးက ရှင်းရှင်းကြီးကို မရှင်းမရှင်း လုပ်ပစ်လိုက်ကြ တာပါ။

ဝ ပါတီကြီးဘက်ကပြောတဲ့ ပါတီစုံတွေ ဖက် ဒရယ်ပြည်ထောင်စုတွေဆိုတာ နိုင်ငံတကာစံချိန် စံညွှန်းတွေအတိုင်း ရည်ညွှန်းပြောဆိုတာ ဖြစ်မှာပါ။ မောင်ပေသီးတို့ သံသယဖြစ်စရာ မရှိပါဘူး။

အဲ တပ်ချုပ်ကြီးတို့ကတော့ စည်းကမ်းပြည့် ဝသော ဒီမိုကရေစီ၊ ၂၀၀၈ ခြေ/ဥ ကို အခြေခံသော ပြည်ထောင်စု၊ တပ်ချုပ်မှူခြောက်ချက်နှင့်ညီသောဖက် ဒရယ် အစရှိသည်ဖြင့်ပေါ့လေ။ ဒါတွေပဲ ပြောရမှာပါ။

သို့ပေသည့်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကိုးခင်ဗျ။ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားသော် ငြား ယဉ်ကျေးမှုအရ မရှင်းမရှင်းပဲ လုပ်ကြရတာပေါ့ ခင်ဗျာ။

တနေ့တော့ ရှင်းကို ရှင်းကြရမှာပါ။ မောင် ပေသီးစာ မရှင်းရင်တော့ နှစ်ခေါက်သုံးခေါက် ပြန်ဖတ် တော်မူကြပါတော့ ခင်ဗျာ။ ■



# ဗိုလ်ဇော်ဌေးနဲ့ ပတ်သက်လို့

■ ရှိန်ဇော်

သေသူအကြောင်းပြောတာဟာ အုတ်ဂူကို တံတွေးနဲ့ ထွေးတာပဲဆိုတဲ့ စကားရှိတယ်။ လောကကြီးမှာ မကောင်းသူတွေ အများကြီးပါ။ သူတို့သေတာပဲဖြစ်ဖြစ် သူတို့မကောင်းမှုတွေကို အများသိအောင် ထုတ်ဖော်ဖွင့်ချတာ မလုပ်ရတော့ဘူးလား။

သေသူကို မကောင်းမပြောရဆိုတဲ့ အယူဟာ ရုတ်တရက်ကြည့်လိုက်ရင် လူကြီးလူကောင်းဆန်သလိုလို ရှိပေမယ့် မှားတယ်လို့ မြင်ပါတယ်။ ယေဘုယျသဘောမဆောင်ပါဘူး။ ဒေဝဒတ်ကို မကောင်းမပြောရဘူးလား။ ဟစ်တလာကို မကောင်းမပြောရဘူးလား။ ဗိုလ်နေဝင်းဆို နှုတ်ဆွံ့နေရတော့မှာလား။

သေသူကို မကောင်းပြောခြင်းဟာ အုတ်ဂူကို တံတွေးနဲ့ထွေးတာလို့ဆိုရင် ဒီစာစုဟာ ဗိုလ်ဇော်ဌေးအုတ်ဂူကို တံတွေးနဲ့ထွေးရုံမက ဗမာပြည်သူတရပ်လုံးရဲ့ ထွေးခံတွေနဲ့ပါ သွန်မှောက်လောင်းချလိုက်တာ ဖြစ်ပါတယ်။

ခေါင်းစဉ်ကို ရည်ရွယ်ချက်ရှိရှိနဲ့ ဗိုလ်ဇော်ဌေးလို့ပဲ သုံးလိုက်ပါတယ်။ ဇော်ဌေးဟာ သေတဲ့အထိ စစ်အာဏာရှင်စနစ်ကို အလုပ်အကျွေးပြုခဲ့တဲ့ တိုက်ပုံဝတ်စစ်ဗိုလ် ဖြစ်နေလို့ပါ။ ဗိုလ်ဇော်မင်းထွန်းတို့ထက် မလျော့ပါဘူး။ ဗိုလ်ဇော်မင်းထွန်းရေးတဲ့ ဗိုလ်ဇော်ဌေးအလွမ်းစာကို ကြည့်ရင်ထင်ရှားပါတယ်။

ဗိုလ်ဇော်ဌေးရဲ့ ကိုယ်ရေးအကျဉ်းကိုကြည့်ရင် ရှစ်လေးလုံးအရေးတော်ပုံကြီးပြီးလို့ သိပ်မကြာခင်မှာ DSA စတက်တယ်ဆိုတာ တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ အမျိုးကောင်းသား ဘယ်ကျောင်းသားလူငယ်မှ စစ်တပ်ထဲဝင်ဖို့ ခေါင်းထဲမစဉ်းစားကြပါဘူး။ ခုချိန်လိုပဲ စစ်တပ်က လူတွေကို ရက်ရက်စက်စက် ဖိနှိပ်သတ်ဖြတ်ထောင်ချပြီးစမဟုတ်လား။

စကတည်းကိုက သန္ဓေမကောင်းတာပါ။ တပ်




ထဲ ဖြတ်သန်းပြီးတော့ အရပ်ဘက်ပြောင်းကာ ဗိုလ်သိန်းစိန်ကြံ့ဖွံ့အစိုးရရဲ့ ပြောခွင့်ရ ဖြစ်လာတယ်။ ပြောသမျှ အလိမ်တွေချည်းပါ။ “မှူးဇော်” ဆိုတဲ့ ကလောင်နဲ့ စာကလည်း ရေးလိုက်သေး။ ဗိုလ်သိန်းစိန်အစိုးရကာလကို “မြန်မာ့နွေဦး” ဆိုပြီး ဖွတ်တွေအမွှန်းတင်တဲ့အထဲ ဗိုလ်ဇော်ဌေးထိပ်ဆုံးကပေါ့။

ရိုဟင်ဂျာပြဿနာပေါ်လာတော့ အမုန်းစကားတွေ အလိမ်အညာတွေနဲ့ အကြီးအကျယ် သွေးထိုးလှုံ့ဆော်ခဲ့တာလည်း ဗိုလ်ဇော်ဌေးပါပဲ။ လျှို့ဝှက်လှုံ့ဆော်တာမဟုတ်ပဲ ပြောင်လုပ်တာဖြစ်လို့ အများသိပြီးသားပါ။ (ကြုံလို့ပြောရရင် အဲ့တုန်းက ဗိုလ်ဇော်ဌေးနဲ့အတူ လှုံ့ဆော်တဲ့အထဲ Eleven Media Group လည်း ပါတာပေါ့)

ရိုဟင်ဂျာတွေ ကိုယ့်အိမ်ကိုယ် မီးနဲ့ရှို့ပြီး ထွက်ပြေးတယ်ဆိုတဲ့ သမိုင်းဝင် လိမ်ညာကောက်ကျစ်တဲ့ စကားမျိုး ဗိုလ်ဇော်ဌေး တရားဝင်ပြောခဲ့တယ်။ ကမ်းကို ကုန်ရောပဲ။

၂၀၁၅ မှာ ဒီချုပ်တက်လာတော့လည်း ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ဇော်ဌေးကို ဆက်နေရာပေးခဲ့တယ်။ တခြားအကြောင်းရှိလို့ပဲလားတော့ မသိဘူးပေါ့လေ။ နိုင်ငံရေးရှိသူတွေ အမြင်အရတော့ ဗိုလ်ဇော်ဌေးဟာ ဒီချုပ်အစိုးရထဲက စစ်တပ်ဒလန်ပဲ ဖြစ်ပါတယ်။

ဗိုလ်ဇော်ဌေးက သူ့အလုပ်သူ ဆက်လုပ်ပါတယ်။ ဘယ်အစိုးရဖြစ်ဖြစ် ၂၀၀၈ ခြေ/ဥ အရိပ်မည်းအောက်မှာ ဘာမှထူးလှတာ မဟုတ်ပါဘူး။ ဗိုလ်ဇော်ဌေးလည်း သူ့ပြောရိုးပြောစဉ်တွေပဲ ပြောတာပါ။ ပြည်သူလူထုဘက်က အမှန်တကယ် ရပ်တည်တဲ့ အပြောအဆိုမျိုးရှိရင် (ခုအလွမ်းသယ်နေသူတွေ) တခုလောက် ပြစမ်းပါ။

၂၀၂၁ မှာ ဗိုလ်မင်းအောင်လှိုင် အာဏာသိမ်းတော့ ဗိုလ်ဇော်ဌေး နုတ်ထွက်စာတင်တယ်။ အဲဒီမှာ သူ့ကို စစ်တပ်က ထိန်းသိမ်းတယ်။ ဇွန်လမှာ ပြန်လွတ်တယ်လို့ (ဗိုလ်ဇော်ဌေး သေခါမှ) fb သတင်းအချို့အရ သိရတယ်။ သေချာတော့ အတည်မပြုနိုင်ဘူး။ ထိန်းသိမ်းတယ်ဆိုတာ ခေတ္တခဏ ဟန်ပြမှုသာပါ။

အခု ဗိုလ်ဇော်ဌေး သေတယ်။ ဗိုလ်ဇော်မင်းထွန်းက လွမ်းတယ်။ လွမ်းရမှာပေါ့။ သူနဲ့ ချောင်းပဲခြားတဲ့ တနယ်တည်းသား။ DSA တပတ်တည်း အတူတက်ခဲ့ကြတာ။ အလုပ်ချင်းကလည်း အတူတူလိုပဲ။ လွမ်းသင့်လို့ လွမ်းတာပဲ။

ထူးတာက ဗိုလ်ဇော်မင်းထွန်းနဲ့အတူ လိုက်လွမ်းတဲ့ ဒီမိုကရေစီဘက်တော်သားအချို့ပဲ။ Facebook ဆယ်လီိအမျိုးသမီးတယောက်ဆိုရင် ဒီချုပ်အစိုးရတက်လာတော့ ဗိုလ်ဇော်ဌေးကို ပြောခွင့်ရအဖြစ် ဆက်ထားတာ သူသိပ်မကြိုက်ပေမယ့် ဆက်ထားတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဉာဏ်ကို သူဝေဖန်ပိုင်းခြားဖို့ မမီတာကြောင့် ဘာမှမပြောခဲ့ကြောင်း၊ ၅ နှစ်ဖြတ်သန်းပြီးတဲ့ အခါမှာတော့ အဖြေတခု ထွက်ခဲ့ပြီဖြစ်ကြောင်း ပြောပါတယ်။ ဗိုလ်ဇော်ဌေးဟာ ပရော်ဖက်ရှင်နယ်တဲ့။ အရင်အစိုးရတုန်းက အရင်အစိုးရပေါ်လစီကို လိုက်နာသတဲ့။ အခုအစိုးရကျတော့လည်း ခုအစိုးရပေါ်လစီကို ရပ်တည်သတဲ့။ ပြောခွင့်ရတာယောက်ရဲ့ ပြောရဲမှု၊ သတ္တိရှိမှု၊ ပါးနပ်မှု၊ ဆင်ခြင်နိုင်စွမ်းရှိမှုတွေကလည်း သူ့မျက်မြင်ဆိုပဲ။

ဟုတ်ကြရဲ့လားဗျာတို့။ လူညစ်လူကောက် လူ့အောက်တန်းစားတယောက်ဟာ ဒေါ်အောင်ဆန်းစုကြည်က တို့ထိရွေးကောက်လိုက်တာနဲ့ပဲ ဘုရားလောင်းတမျှ လွမ်းလောက်ရသူ ဖြစ်သွားနိုင်ပါသလား။ ဆင်ခြင်စဉ်းစားကြပါကုန်။

ဗိုလ်ဇော်ဌေးသေလို့ လွမ်းရသူ၊ တမ်းတသူတွေရဲ့ မျက်နှာမှာ ဗမာပြည်သူတွေရဲ့ တံတွေးစက်တွေ စင်နေမှာ အမှန်ပါပဲ။ ■

# အမှောင်ခြမ်းက ကဗျာလမ်း

■ မော်လီကျူး

ခုအချိန်မှာ ‘real world’ လို့ခေါ်တဲ့ တကယ့်အရှိလောကမှာရော ‘virtual world’ လို့ခေါ်တဲ့ အမှန်ယောင်လောကမှာပါ အခြေအနေတွေက ပြောင်းလဲနေတယ်။ Facebook လူမှုကွန်ရက်စာမျက်နှာမှာ မိတ်ဆွေတော်တော်များများရဲ့ အကောင့်တွေပျောက်နေတယ်။ အကြောင်းအမျိုးမျိုး ဖြစ်နိုင်ပါတယ်။ တချို့ကလည်း လတ်တလောဖြစ်နေတဲ့ လူထုအရေးအနိဋ္ဌာရုံတွေ မျက်ကွယ်ပြုပြီး သူတို့ရဲ့အတ္တရေးရာ တင်ချင်ရာတင်နေကြတယ်။ ပုဂ္ဂိုလ်စွဲ ဝါဒစွဲပို့စ်တွေ များတယ်။ အဲဒီလို ရေးတင်ကြတဲ့ ပို့စ်တွေကြားထဲ “ဒဂုန်တာရာ ဘုန်းတော်ဘွဲ့တွေ တသီကြီးတွေ့မိ၊ ဖတ်လိုက်ရမိလို့ အနည်းငယ်အလာဂျီပို့စ်” ဆိုပြီး အောက်ခြေမှတ်ချက်ရေးထားတဲ့ ကဗျာဆရာ ခင်အောင်အေးရဲ့ပို့စ်ကို တနေ့က ဖတ်လိုက်ရတယ်။

သူရေးတာကို ဖတ်ကြည့်တော့ ‘မောင်’ နဲ့ စပြီး အမည်ပေးထားတဲ့ ကဗျာဆရာတွေကို အယူဝါဒတစုံတရာအတွက် ထိုးနှက်ပုံရတယ်။ ဆရာဒဂုန်တာရာကိုလည်း နည်းနည်းပါးပါး ရိချင်ပုံရတယ်။ သူပြောတာက “ဒဂုန်တာရာ ကျေးဇူးမရှိဘူး မဟုတ်ပါဘူး။ ခေတ်ဝမ်းကနေ စာပေသစ်ဆိုပြီး ဖောက်ထွက်ခဲ့တာပဲ။ အဲဒီနောက် မိုးဝေမဂ္ဂဇင်းပေါ်လာ။ ‘မောင်’ စာလုံးအစနဲ့ ကလောင်အမည်တပ် ကဗျာဆရာတွေ --- မောင်ယဉ်မွန်၊ မောင်လေးအောင်၊ သူတို့နောက်မြီးဆွဲ မောင်ဘယ်သူ မောင်ဘယ်ဝါတွေ (ခုတော့ ကြက်ပျောက်ငှက်ပျောက်) အဲဒီကြားက ဖော်ဝေး၊ အောင်ချိမ့်၊ မောင်ချောနွယ် ချွန်ထွက်လာကြတယ်။ ကဗျာဆရာ ကောက်ကြောင်း လင်းလက်မှုမှာ ဟို ‘မောင်’ အမည်တပ် ကဗျာဆရာတွေ ဘယ်လိုမှ နလန်မထူတာ ဒီနေ့ဒီအချိန်အခါမှာ မီတာထောက်လို့ ကောင်းကောင်းရပါပြီ။ ဒဂုန်တာရာကျေးဇူးက အဲဒီမောင်ဘယ်သူဘယ်ဝါတွေအပေါ် သက်ရောက်ခဲ့မှာပါ” . . . တဲ့။ ကြည်အေးကိုတော့ ဦးညွှတ်တယ်ဆိုလား။ ကျွန်တာတွေတော့ ကျွန်တော်မကိုးကားတော့ပါဘူး။ သူ့အရေးအသားက တဖက်ကလူတွေကို ထိပါးတဲ့အရေးအသား။ လူငယ်တွေပြောသလို ပြောရရင် “ဘလိုင်းကြီး ချဲတာပဲ” သူရေးတဲ့ ပို့စ်ကို ဖတ်ကြည့်ရင် ဖော်ဝေး၊ အောင်ချိမ့်၊ မောင်ချောနွယ်တို့ သုံးယောက်ကိုပါ နောက်မြီးဆွဲတွေလို့ ပြောလိုက်သလိုပဲ။ သူ ဘယ်လိုကဗျာအမျိုးအစားရေးတယ်ဆိုတာ ကဗျာဖတ်သူတွေသိပြီးသားဖြစ်လို့ မပြောလိုတော့ပါဘူး။ မောင်သင်းခိုင်၊ မောင်အောင်ပွင့်၊ မောင်လူမှိုန်၊ မောင်စိမ်းနီ၊ မောင်သိန်းဇော်၊ မောင်စိမ်းခေါင်၊ မောင်စမ်းအေး၊ မောင်သီးသန့် (လှသန်း) နှင့် အခြား ‘မောင်’ ကဗျာဆရာတွေ အများကြီးပါပဲ။ တကယ်တော့ ဒီကဗျာဆရာတွေရဲ့ ကဗျာတွေက ခင်အောင်အေးနဲ့ တလိုင်းစီပါ။ ဘာမှမဆိုင်ဘူးလို့ပဲ ပြောချင်ပါတယ်။ ဒီကဗျာဆရာတွေ သူတို့ရဲ့ကဗျာတွေကို နှစ်သက်ဖွယ် စိတ်ဝင်စားဖွယ်ဖြစ်အောင် ဘယ်လိုရေးခဲ့သလဲ။ သူတို့ရေးခဲ့တဲ့ ကဗျာစာအုပ်တွေကို ဖတ်ကြည့်ရင် သိနိုင်ပါတယ်။

ခေတ်ပေါ်ကဗျာ အရေးအသားမှာ ‘မောင်လေးအောင်’ ဟာ သူတို့ထက် ရှေ့ကျခဲ့ကြောင်းကို ကဗျာဆရာအောင်ချိမ့်က “သိဒ္ဓတ္ထလှိုင်တို့၊ မောင်လူမှိုန်းတို့ ကျွန်တော်တို့ထက်စာရင် ကိုလေးအောင်ဟာ (မြန်မာစာအရေးအသားသစ်) ‘စကားပြောဘာသာစကား’၊ [……..................]” ဆိုပြီး နှစ်ကာလာများစာပေကထုတ်တဲ့ ‘ကဗျာလောက စုစည်းမှု - ၇’ မှာ သူ့ဆောင်းပါးထဲ ရေးသားခဲ့ပါတယ်။ ဒါ့အပြင် ကဗျာဆရာ မောင်သင်းခိုင်ရဲ့ ‘မောင်ချောနွယ် (သို့မဟုတ်) မောင်ချောနွယ်အတုနှင့် စကားပြောခြင်း’ အင်တာဗျူးမှာ မောင်ချောနွယ်ကက “ကိုယ်သင်းခိုင်ရေ၊ ကိုလေးအောင်၊ ၆၂ ခုနှစ်က ကိုလေးအောင်၊ ကဗျာဆရာ ကိုလေးအောင်၊ ‘Pure Artist’ လို့ ပြောရမှာပေါ့ဗျာ။ ဘယ်သူမပြောပြော၊ ကျုပ်ပြောတယ်။ အနုပညာကို သေချာပေါက် လုပ်ခဲ့ပြီးသော

ဘာကိုမှ ဘဝင်မမြင့်ဘဲနဲ့ သူ့ရဲ့ကောင်းဖြစ်ခဲ့တဲ့ ကိုလေးအောင်။ ပြောရတော့မယ်။ ခေတ်ပေါ်ကဗျာဆိုတာ ကိုလေးအောင်ဆီက အနံ့ရခဲ့တာပါလို့ ကျုပ်က အတိအကျ ပြောလိုက်ရဦးမယ် . . . ကိုသင်းခိုင်ရေ . . . ခေတ်ပေါ်ကဗျာရဲ့ ရနံ့ကို ကိုလေးအောင်ဆီက ရခဲ့တယ်။ အဲဒီအချိန်မှာ ကိုလေးအောင်ကို ကျွန်တော်က (Ideal) ထားခဲ့တယ်။ ကိုလေးအောင်ကို စံထားပြီးတော့ ကြိုးစားတယ်လို့ ကျွန်တော့်ရဲ့ အတွင်းစိတ်မှာ ဆုံးဖြတ်ခဲ့ပြီ။ အဲဒီဆုံးဖြတ်ချက်အတိုင်း လုပ်ခဲ့တယ်။ အဲဒီအချိန်ပေါ့ဗျာ၊ ခေတ်ပေါ်ကဗျာဆရာရယ်လို့ မူးလို့တောင် ရှူစရာမရှိဘူးဆိုတဲ့ ရိုက်ချက်ပြင်းပြင်းနဲ့ ရိုက်နေတဲ့ အချိန်ကြီးပေါ့ဗျာ။ အဲဒီခေတ်ပေါ်ကဗျာဆိုတာ ထင်းရှူးပင်ရိပ်ရဲ့ Influence နဲ့ပါလို့ ပြဌာန်းနေတဲ့ Text လုပ်နေတဲ့ အချိန်ပေါ့ဗျာ။ အဲဒါကိုလည်း ကျုပ်ကလက်မခံတာ မဟုတ်ပါဘူး" ဆိုပြီး စိတ်ကူးချိုချိုစာအုပ်တိုက်ကထုတ်တဲ့ 'မောင်ချောနွယ်သို့ အင်တာဗျူး' ၂၀၀၉၊ ဩဂုတ်လ၊ ပထမအကြိမ်မှာ ပြောကြားခဲ့ပါတယ်။ သြော် . . . ခင်အောင်အေးဟာ မောင်လေးအောင်ရဲ့ 'နစ်ကဆင်နှင့် စစ်တုရင်ကစားခြင်း' ကို မဖတ်ဖူးတာလား။ မောင်သင်းခိုင်ရဲ့ 'မြို့ပြ သစ်ရွက်' နှင့် 'အစိမ်း' ကို မသိတာလား။ မောင်လူမိုန်ရဲ့ 'ကားပျက်ကြီး သမိုင်း' ကို မသိတာလား။ မောင်သိန်းဇော်ရဲ့ 'ပြုံးနေတဲ့ သံဆူးကြိုးကလေး' ကို မမြင်ယောင်ပြုတာလား။ တကယ်တော့ ခင်အောင်အေးဟာ မောင်အမည်နဲ့စတဲ့ ကဗျာဆရာတွေရေးတဲ့ ကဗျာတွေနဲ့ ခေတ်မတည့်သူသာ ဖြစ်တယ်။

အခု နိဂုံးချုပ်အနေနဲ့ မောင်လေးအောင်ရဲ့ 'လောကဘုရား ပွင့်ပါလေ' ကဗျာကို တင်ဆက်လိုက်ပါတယ်။ ကဗျာဆရာမောင်လေးအောင် ရေးဖွဲ့ထားတဲ့ 'လောကဘုရားပွင့်ပါလေ' ကဗျာကိုကြည့်ရင် လေးလုံးစပ်ပုံသဏ္ဍာန်ထဲက အလွန်လှပတဲ့ မော်ဒန်စိတ်ကူးထည်ကို တွေ့ရမှာ ဖြစ်ပါတယ်။ ■

## လောကဘုရားပွင့်ပါလေ

ချစ်ပါသည်ဟု
အလီတရာ၊ ကျူးသီပါသည်
မေတ္တာဘုရား၊ သူလှည့်စားလျှင်
တရားမဝင်ပါတော့ချေ။

ငြိမ်းချမ်းရေးဟု
ဟစ်ကြွေးသံပွက်၊ တခဲနက်သည်
လက်နက်ဘုရား၊ သူလှည့်စားလျှင်
တရားမဝင်ပါတော့ချေ။

လွတ်လပ်ခွင့်ဟု
ရင်ဖွင့်သစ္စာ၊ အမှန်ရှာသည်
အာဏာဘုရား၊ သူလှည့်စားလျှင်
တရားမဝင်ပါတော့ချေ။

သြော်...သာသည့်မြေတွင်
ငွေနှင့်လက်နက်၊ အာဏာစက်တို့
ဖျက်သိမ်းပျက်ပါ၊ ဒို့မြေခြာသည်
သစ္စာထွန်းပ၊ ငြိမ်းအေးမြသည့်
လောကဘုရားပွင့်ပါဘုရား။

ပွင့်စေငြားရန်၊ လူသား၏သွေး
နီမောင်းစွေးသည်၊ စတေးမြတ်ခံ
စွမ်းအားသန်၍
တော်လှန်စီးဆင်းရဦးမည်တကား။ ။

■ မောင်လေးအောင်
မိုးဝေမဂ္ဂဇင်း၊ အမှတ် ၂၁၀၊ ၁၉၆၈ စက်တင်ဘာ

# နွေဦးတော်လှန်ရေး တနှစ်တာအမြင် (နိဂုံး)

လက်ရှိ လက်နက်ကိုင်တိုက်ပွဲအပါအဝင် တိုက်ပွဲသဏ္ဌာန်မျိုးစုံနဲ့ အင်အားစုမျိုးစုံကို ထိထိရောက်ရောက် ဦးစီးလုပ်ကိုင်နိုင်စွမ်းရှိမယ့် အဖွဲ့အစည်းဟာ အဲဒီတပ်ပေါင်းစုကြီးမျိုးပဲ ဖြစ်ရမှာပါ။



■ လေ့လာသူတဦး

ယခင်တပတ်မှ အဆက်

## (ဂ) တပ်ပေါင်းစုပြဿနာ

တပ်ပေါင်းစုကိစ္စကိုတော့ အတော်များများ သိထားပြီးသားလို့ ယူဆပါတယ်။ ဒုတိယကမ္ဘာစစ်ကာလ နာဇီ ဖက်ဆစ်ဆန့်ကျင်ရေးတပ်ပေါင်းစုလမ်းစဥ်ကို တတိယအင်တာနေရှင်နယ်က တင်ပြပြီး အကောင်အထည်ဖော် ခဲ့သလိုတရုတ်ပြည်မှာလဲ ဂျပန်ခုခံရေး အမျိုးသားတပ်ပေါင်းစုလမ်းစဥ်ကို အကောင်အထည်ဖော်ခဲ့ကြတယ်။ နာဇီတွေ ဖက်ဆစ်တွေကို တကယ်လည်း လူထုအားနဲ့ အနိုင်တိုက်နိုင်ခဲ့ကြတယ်။

ဗမာ့နွေဦးတော်လှန်ရေးမှာ စစ်အာဏာရှင်ဆန့်ကျင်ရေး၊ ၂၀၀၈ ခြေဥဖျက်သိမ်းရေး၊ ဖက်ဒရယ်ဒီမိုကရီစီစနစ်ထူထောင်ရေး ဘုံလုပ်ငန်းစဥ်နဲ့အတူ ပေါ်ထွက်လာတဲ့ တပ်ပေါင်းစုဟာ အထက်မှာပြောခဲ့တဲ့ ဒီမီထရော့ဗ်၊ မော်စီတုန်းတို့ရဲ့ တပ်ပေါင်းစုနဲ့ အတူတူဘဲလား။ ဒါမှမဟုတ် ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုနဲ့ အတူတူဘဲလားဆိုတဲ့ မေးခွန်းပေါ်ထွက်လာတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် အဲဒီတပ်ပေါင်းစုတွေနဲ့ မတူဘူးလို့ဘဲ ဖြေရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီမီထရော့ဗ်၊ မော်စီတုန်းတို့ရဲ့ ဖက်ဆစ်ဆန့်ကျင်ရေးတပ်ပေါင်းစုတွေဟာ ကွန်မြူနစ်ပါတီ ရဲ့ ဦးဆောင်မှုတွေနဲ့ အလုပ်သမားထုအင်အားအပေါ် ကွန်မြူနစ်တွေရဲ့ လက်နက်ကိုင်တပ်တွေ အင်အားအပေါ် အခြေပြုတည်ဆောက်ကြတဲ့ တပ်ပေါင်းစုဖြစ်လာပြီး လက်ရှိတပ်ပေါင်းစုကတော့ ကွန်မြူနစ်ပါတီနဲ့ ကွန်မြူနစ်ပါတီရဲ့ လက်နက်ကိုင်အင်အားတွေ အပေါ်မှာ မထူထောင်နိုင်သေးတဲ့ တပ်ပေါင်းစုဖြစ်နေလို့ပဲ။ ဗမာပြည်မှာလဲ အဲသလို အတွေ့အကြုံတွေရှိဖူးတယ်။

ဒါကြောင့် လက်ရှိနွေဦးတော်လှန်ရေးတပ်ပေါင်းစုဟာ စစ်အာဏာရှင်ဆန့်ကျင့်ရေးမှာ သမိုင်းကပေးအပ်လိုက်တဲ့ တပ်ပေါင်းစုတခု တနည်းအားဖြင့် ဒီမိုကရေစီတပ်ပေါင်းစု Democratic United Front လို့ဘဲ မှတ်ယူသင့်ပါတယ်။ ဒီလိုပြောလို့ ဒီတပ်ပေါင်းစုနဲ့ ပြည်သူ့ဒီမိုကရေတပ်ပေါင်းစုအကြား မဟာတံတိုင်းကြီးခြားနေတယ်လို့ အဓိပ္ပာယ်မကောက်သင့်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခုနရှင် ဒီမိုကရေစီ တော်လှန်ရေး


၂၀၂၁ ဖေဖော်ဝါရီလအတွင်းက စစ်အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြပွဲ

ဆုံးခန်းတိုင် အောင်ပွဲရဖို့ မဟာမိတ်အင်အား အပြောင်းအလဲမျိုးစုံ မဟာမိတ်သဘောထားမျိုးစုံကို ဖြတ်သန်းလိုက်တော့မှ ခိုင်မာပြီး ရန်သူကိုဆုံးခန်းတိုင် တိုက်နိုင်တဲ့ တကယ့်မဟာမိတ်တွေရဲ့ တပ်ပေါင်းစုမျိုး ပေါ်ထွက်လာမှာဖြစ်လို့။ တပ်ပေါင်းစု ဒါမဟုတ် Joint Action ပူးတွဲလှုပ်ရှားဖော်ဆောင်ခြင်းရဲ့ သဘောဘ ဘာဝကိုယ်၌က ဘုံသဘောတူ ညီချက်နည်းနည်း လေးရရာကနေ တဖြည်းဖြည်း များများရလာအောင် လုပ်တာ၊ တဖြည်းဖြည်း ယုံကြည်မှုတည်ဆောက်တာ၊ တဖြည်းဖြည်းပိုမြင့်တဲ့ လက်တွဲလုပ်ဆောင်တာတွေ တက်လှမ်းကြရတဲ့ သဘော ဖြစ်လို့ တပ်ပေါင်းစုရပြီဆို တာနဲ့ တစ်ခါထဲ ကိုယ်လိုချင်ရာပန်းတိုင်ကို မရောက် နိုင်ဘူး။

လက်ရှိ NUCC အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက နွေဦးတော်လှန်ရေးအင်အားစု တွေ၊ ၂၀၂၀ ရွေးကောက်ပွဲအနိုင်ရပေမယ့် စစ်အာဏာ အသိမ်းခံလိုက်ရတဲ့ အင်အားစုတွေနဲ့ နှစ်ပေါင်း ၆၀-၇၀ လောက် လက်နက်ကိုင်တိုက်လိုက်၊ စေ့စပ်ဆွေးနွေး လိုက်လုပ်နေကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ EAOs တစ်ချို့ အကြား ဘုံလုပ်ငန်းစဉ်တစ်ခုရရှိပြီး ပေါ်ထွက်လာတဲ့ ဒီမိုကရေစီတပ်ပေါင်းစုတစ်ခုလို့ ခေါ် မယ်ဆိုရင်လဲ ခေါ်လို့ရတယ်။ ခက်တာက အဲသလို တစ် ပြည်လုံး လက္ခဏာဆောင်တဲ့ တပ်ပေါင်းစုကြီးကို စစ် အာဏာရှင်ဆန့်ကျင်ရေး အမျိုးသားသွေးစည်းရေးတပ် ပေါင်းစုလို့ ဘာဖြစ်လို့ နာမည်မတတ်ကြတာလဲ။ ဘာ ဖြစ်လို့ အတိုင်ပင်ခံကောင်စီ ဆိုတဲ့ အစွယ်အပွားအဆင့် နေရာမှာထားကြတာလဲ။ တကယ်ဖြစ်သင့်တာက စစ် အာဏာဆန့်ကျင်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ တွေ၊ အထွေထွေသပိတ် ကော်မတီတွေ၊ တိုင်းရင်းသား လူငယ်တွေ၊ နိုင်ငံရေးပါတီတွေ၊ အရပ်ဖက်အဖွဲ့အစည်း တွေအားလုံးကပဲ လက်တွေ့အကောင်အထည် ဖော် မည့် အင်အားစုတွေရှိနေတဲ့အောက်မှာ NUCC ဟာ တနိုင်ငံလုံးအင်အားတွေကို သွေးစည်းညီညွတ်အောင် လုပ်မယ့် ဦးဆောင်အဖွဲ့အစည်းကြီးဖြစ်သင့် ပါတယ်။

လက်ရှိ လက်နက်ကိုင်တိုက်ပွဲအပါအဝင် တိုက်ပွဲသဏ္ဍာန်မျိုးစုံနဲ့ အင်အားစုမျိုးစုံကို ထိထိရောက် ရောက် ဦးစီးလုပ်ကိုင်နိုင်စွမ်းရှိမယ့် အဖွဲ့အစည်းဟာ အဲဒီတပ်ပေါင်းစုကြီးမျိုးပဲ ဖြစ်ရမှာပါ။

တပ်ပေါင်းစုတခုဆိုတာ မတူတဲ့ အကျိုးစီးပွား တွေ ကိုယ်စားပြုတဲ့ အင်အားစုတွေ၊ ရည်မှန်းချက် ချင်း ကွဲပြားတဲ့ နိုင်ငံရေး အယူဝါဒခြင်း မတူခြားနားတဲ့၊ အမြင်အယူအဆခြင်း ထိပ်တိုက်ကွဲပြားတာမျိုးတောင် ရှိနေတဲ့ အင်အားစုတွေကြား လက်ငင်းအခြေအနေ လက်ငင်းအခင်းအကျင်းတွေအရ တူညီချက်တချို့ကို အခြေပြု လက်တွဲတာ၊ တနည်းအားဖြင့် ဘုံတူညီ ချက်တွေကို အခြေပြုပြီး အဆင့်တဆင့် အခြေအနေ တခုအောက်မှာ အတူလက် တွဲလုပ်ဆောင်ခြင်း Joint Action ဖြစ်ကြောင်း အထူးရှင်းပြစရာတောင်မလိုဘူး။ စစ်အာဏာသိမ်းပြီး ရက်ရက် စက်စက်ဖိနှိပ်သတ်ဖြတ် နေတဲ့ အခြေအနေတခုအောက်မှာ စစ်အာဏာရှင် ဆန့်ကျင်ရေး ဒီမိုကရေစီတပ်ပေါင်းစုလို့ ခေါ်လိုက်တာ ဖြစ်ပါတယ်။

ဒီနေရာမှာ ဒီမိုကရေစီတပ်ပေါင်းစုကြီးတစ်ခု ဆိုတာ သက်ရှိအရာတွေလိုပဲ ဖြစ်ခြင်း ပျက်ခြင်း ကြီး ထွား ခြင်း သေးငယ်ခြင်း မွေးဖွားခြင်း သေဆုံးခြင်းဆို

တဲ့ သင်္ခါရတရားကို မလွန်ဆန်နိုင်ဘူးဆိုတဲ့အချက်ကို မမေ့ဖို့ လိုတယ်။ ဒီတပ်ပေါင်းစုကို ရုပ်ပိုင်းဆန္ဒပိုင်း အင်အား အဖြစ်ထူထောင်မလဲ၊ ဒါမှမဟုတ် ဒီတပ်ပေါင်းစုကို ရုပ်ပြ သဘောလောက်သာထားပြီး ကိုယ့်ပါတီကိုယ့်အင်အားစုရဲ့ ဇာတ်ရံလောက်ပဲ သဘောထားမလားဆိုတာမျိုးလဲ ရှိ တတ်တယ်။ ဒီတပ်ပေါင်းစုထဲမှာ ရွှမ်းရွှမ်းဝေလောက်အောင် ဆုံးဖြတ်ချက်တွေ ချနိုင်ပေမယ့် လက်တွေ့မှာ ချောင်ထိုးထားတာမျိုးလဲ ကြုံတွေ့ရတတ်တယ်။ တပ်ပေါင်းစုထဲမှာ ဘာတွေလုပ်ရမယ်လို့ ဆုံးဖြတ်ချက်တွေ ချပေမယ့် လိုက်နာချင်မှ လိုက်နာတာမျိုးလဲရှိတတ်တယ်။ အဆိုးဆုံးက တပ်ပေါင်းစုထဲမှာ ပါတီကြီး အင်အားကြီး အဖြစ်ကိုယ့်ကိုယ်ကို သတ်မှတ်ထားသူတွေက တပ်ပေါင်းစုကို အမိန့်ပေးဝါဒ ကျင့်သုံးပြီး ကျန်တပ်ပေါင်းစုဝင် တွေကို တန်းတူလို့မမြင်တဲ့ ကိစ္စမျိုးတွေလဲ ကြုံကြရတတ်တယ်။

နောက်တခုက တပ်ပေါင်းစုအင်အားနဲ့ အင်တိုက်အားတိုက် အကောင်အထည်ဖော်ပြီး ရည်မှန်းချက် အောင်မြင်သွားတဲ့အခါတွေမှာ ပါတီတခု အင်အားစုတခုက အောင်သီးအောင်နှံတွေကို သိမ်းပိုက်ပြီး ကျန်အင်အားစုတွေကို ဘေးဖယ်ထုတ်တာမျိုးလဲ ဖြစ်တတ်တယ်။ ဒီအချက်တွေကိုကြည့်ရင် သမိုင်းလက်တွေ့ အတွေ့အကြုံတွေအရ တပ်ပေါင်းစုထဲမှာ ပါဝင်တဲ့ အင်အားစုအသီးအသီးအကြား အပြန်အလှန်ယုံကြည်မှုရရှိ ရေးနဲ့ အင်အားစုအသီးသီး တည်ကြည်ခိုင်မာတဲ့ ကတိကဝတ်၊ တနည်းအားဖြင့် လုံလောက်တဲ့ စည်းရုံးရေး စနစ် တစ်ခု၊ စည်းနှောင်မှုရှိတဲ့ စည်းရုံးရေး ပုံစံတစ်ခုရှိနေဖို့ လိုတယ်ဆိုတာ ထင်ရှားတယ်။ ဖက်ဆစ်အသိမ်းပိုက်ခံလိုက် ရတဲ့ နိုင်ငံတွေမှာ ဖက်ဆစ်ဆန့်ကျင့်ရေးကာလ တပ်ပေါင်းစုတွေဆိုရင် တိကျတဲ့ ဖွဲ့စည်းမှုသဏ္ဍာန်တို့ တိကျတဲ့ ကတိကဝတ်အခြေပြုလုပ်ငန်းစဉ်တို့ စနစ်တကျရေးဆွဲပြီး တပ်ပေါင်းစု ဒါမှမဟုတ် တပ်ဦးဆိုတဲ့ နာမည်တွေနဲ့ တိုက်ပွဲဆင်ခဲ့ကြတယ်။

အထက်မှာပြောခဲ့သလိုပဲ တပ်ပေါင်းစုတခုဟာ Joint Action တခုခုကနေစတင်ပြီး တဖြေးဖြေး အဆင့်မြင့်လာတာ၊ ဒါမှမဟုတ် ဘုံလုပ်ငန်းစဉ်ကို ပြတ်ပြတ်သားသားဆုံးခန်းတိုင် အောင်ပွဲရတဲ့အထိ အကောင်အထည်ဖော်တာတွေဟာ သူ့အလိုအလျောက်ဖြစ်လာတာမဟုတ်ဘူး။ ဘုံလုပ်ငန်းစဉ်တခုကျလာဖို့ အကျိုးစီးပွား မတူတဲ့ အင်အားစုတွေကို စည်းရုံးတိုက်တွန်းရတဲ့ အလုပ်က ခက်ခဲသလိုပဲ အဲဒီ လုပ်ငန်းစဉ်ကို ဆုံးခန်းတိုင် အကောင်အထည်ဖော်ဖို့အလုပ်ကလည်း ခက်ခဲတယ်။ ဒါတွေကို လမ်းတဝက်မှာဘဲ ပစ်ထားတာမျိုးလဲ ကြုံရတတ်သလို ဒါတွေကို တကယ်အကောင်အထည်ဖော်ဖို့ အင်အားစုတွေကို မောင်းထုတ်တာ ဖယ်ရှားတာတွေလဲ ရှိ တတ်တယ်။ သေချာတာကတော့ ဒီလုပ်ငန်းကို တစိုက်မတ်မတ် လုပ်ဆောင်နိုင်တဲ့ အင်အားစုတခု ရှိနေဖို့ လိုအပ်တယ်။ ဒီတာဝန်ကို ဘယ်သူတွေထမ်းဆောင်နိုင်မလဲ။ အချိန်ကဘဲ ဆုံးဖြတ်မှာပါ။ သမိုင်းလိုအပ်ချက်အရပေါ်လာတဲ့ သမိုင်းတာဝန်ထမ်းဆောင်ရမယ့် တပ်ပေါင်းစုတခုကို တကယ် အကောင်အထည်ဖော်နိုင်မလား ဆိုတာ အချိန်စမ်းသတ်မှာဖြစ်ပါတယ်။ အထူးသဖြင့် လက်နက်ကိုင်တိုက်ပွဲသဏ္ဍာန် အဓိကဖြစ်လာနေ ချိန်မှာဒီတပ်ပေါင်းစုကို ဘယ်သဏ္ဍာန်နဲ့ ဆက်လက်ခိုင်ခန့်ကြီးထွားအောင် လုပ်နိုင်မလဲဆိုတဲ့ နည်းလမ်းကို ရှာကြံ ကြဖို့လိုပါတယ်။ တပ်ပေါင်းစုနဲ့ ပါတ်သက်ပြီး မော်စီတုန်းရဲ့ လမ်းညွှန်ကတော့ တိုးတက်တဲ့ အင်အားစုကို အခြေခံ အလယ်အလတ်အင်အားစုကို သိမ်းသွင်းပြီး ခေါင်းမာအင်အားစုကို ဝိုင်းပယ်ဖို့ဖြစ်ပါတယ်။ တိုးတက်တဲ့ အင်အားစုဆိုတာ အလုပ်သမားလယ်သမား ခနရှင်ပေါက်စတွေရဲ့ မဟာမိတ်အဖွဲ့ကို ဆိုလိုတာဖြစ်ပါတယ်။ အလယ်အလတ်အင်အားစုဆိုတာ အလယ်အလတ်ခနရှင်တွေ ပြည်ချစ်ခနရှင်တွေ အမြော်အမြင်ရှိတဲ့ လူ့ဂုဏ်တံ (မြေရှင်ကလေး)တွေ၊ ဗဟိုအစိုးရဆန့်ကျင်တဲ့ ဒေသန္တရ လက်နက်ကိုင်အဖွဲ့တွေ စတဲ့ အင်အားစုတွေပါတယ်။ ခေါင်းမာဂိုဏ်းကတော့ ခနရှင်ကြီး မြေရှင်ကြီးတွေ နယ်ချဲ့လက်ဝေခံတွေစတဲ့ ဖောက်ပြန်တဲ့ အာဏာရအဝန်း အဝိုင်းတွေပါဝင်တယ်။ အလယ်အလတ်အင်အားစုဆိုတာ တွေဝေယိမ်းယိုင်တတ်ပြီး လေသင့်ရာလိုက်ပါတတ် တာဖြစ်လို့ တပ်ပေါင်းစုထူထောင်ရေး လုပ်ငန်းမှာ အခက်အခဲ

ဆုံးအပိုင်းလို့လဲ ပြောလို့ရတယ်။

ဗမာပြည် လက်ရှိဒီမိုကရေစီတပ်ပေါင်းစုထဲမှာ တော့ မော်စီတုန်းပြောတဲ့ တိုးတက်တဲ့အင်အားစုအရ အလုပ်သမားတွေ လယ်သမားတွေ ခနရှင်ပေါက်စတွေ ကျောင်းသားတွေ မြို့နေဆင်းရဲသားတွေစတဲ့ နွေဦး တော်လှန်ရေး အမာခံအင်အားစုတွေကို ကိုယ်စားပြု ပါဝင်တဲ့ အချိုးအစားက နှိုင်းယှဉ်ခြင်းအရ နည်းနေ တယ်။ တဖက်မှာတော့ အလယ်အလတ်အင်အားစု တွေက အင်အားအလုံးအရင်းနဲ့ ဒီတပ်ပေါင်းစုထဲမှာ နေရာ ယူနေကြတယ်။

စစ်အာဏာရှင်စနစ်နဲ့ ရင်ကြားစေ့သူ၊ စစ်ခရို နီတွေနဲ့ အမြီးခြင်းလိမ်ယှက်နေသူတွေ၊ စစ်အုပ်စုနဲ့ ရင်ကြားစေ့ရေး သင်တန်းမျိုးစုံ ပရိုပိုဇယ်တို့ ပရိုဂျက် တို့ ကျက်လည်ကျက်စားပြီး သပိတ်တိုက်ပွဲနဲ့ ခပ်ဝေး ဝေးနေ သူတွေကလဲ ဒီတပ်ပေါင်းစုထဲရောက်လာပြီး လက်တွေ့နဲ့ကင်းကွာတဲ့ အကြံဉာဏ်တွေ တင်သွင်း ဖို့ ကြိုးစားကြတယ်၊ အလုပ်သမားလယ်သမားအရေး ဗန်းပြပြီး နေရာကောင်းဝင်ယူနေသူတွေ၊ ၂၀၀၈ ခြေဥ ဆန့်ကျင်ရေးကို တူးတူးခါးခါးလက်မခံဘဲ တပ်ပေါင်း စုထဲမှာ အထွေထွေသပိတ်ကော်မတီ ကိုယ်စားလှယ် လိုလိုနေရာယူနေသူ တွေလည်း ပါဝင်လာကြတာတွေ့ ရတယ်။ အဲသလိုအလယ်အလတ် အင်အားစုတွေထဲက တချို့ဟာ အချိန်မရွေး ခေါင်းမာဂိုဏ်းနောက်ကို လိုက် သွားနိုင်တာလဲ သတိပြုဖို့ လိုလိမ့်မယ်။

ဒီမိုကရေစီတပ်ပေါင်းစုကြီး ခိုင်မာ အားကောင်းပြီး ဘုံလုပ်ငန်းစဥ်တွေ အဆုံးတိုင် အကောင်အထည်ဖော် ဖို့ အမာခံတိုးတက်တဲ့ အင်အားစုတွေ အားကောင်းဖို့လိုပါတယ်။

သမိုင်းရဲ့ တောင်းဆိုမှုအရ တိုးတက်တဲ့ အင်အားစုဟာ ထပ်မံပေါ်ထွန်းလာပြီဖြစ်သလို တပ်ပေါင်းစုကြီးဆက်လက်ဖြစ်ပေါ်တိုးပွားအောင် လဲ ဒီအင်အားစု က ကြိုးပမ်းသွားကြလိမ့်မယ်။ တော်လှန်ရေးလက်ရှိအဆင့်အောင်မြင်ပြီးတဲ့နောက် မှာတောင် အဲဒီ တိုးတက်တဲ့ အင်အားစုဟာ နိုင်ငံတော် သစ်ထူထောင်ရေးမှာ ကြံ့ကြံ့ခိုင်ရှေ့တန်းကပါဝင်လာ လိမ့်မယ်။

## (ဃ) တပ်ပေါင်းစုနဲ့ တိုင်းရင်းသားပြဿနာ

မော်စီတုန်းပြောတဲ့ တပ်ပေါင်းစုထူထောင်ရေး မှာ စဥ်းစားရမယ့် အင်အားစုသုံးရပ်ဟာ တိုင်းရင်းသား တွေအတွက်လဲ အကျုံးဝင်နေတယ်။ ခေါင်းမာဂိုဏ်း၊ အလယ်အလတ်အင်အားစုနဲ့ တိုးတက်တဲ့ အင်အားစု ဆိုပြီး တိုင်းရင်းသားအင်အားတွေအကြားမှာ ကွဲပြား နေတာမမြင်ရင် တော်လှန်ရေးရဲ့ မိတ်ဆွေတို့ ရန်သူတို့ ကို ခွဲခြားနိုင် မှာမဟုတ်ဘူး။

တိုင်းရင်းသားအင်အားစုတွေထဲက တိုးတက် တဲ့အင်အားစုဆိုတာ မျက်မှောက်ဗမာ့နိုင်ငံရေးတစ်ခု လုံး ထဲမှာ ပါဝင်လှုပ်ရှားပြီး စစ်အာဏာရှင်ဖျက်သိမ်း ရေး ၂၀၀၈ ခြေဥဖျက်သိမ်းရေး ဖက်ဒရယ် ဒီမိုကရေ စီထူထောင် ရေး လုပ်ငန်းစဥ်ကြီးထဲမှာ ပါဝင်လာတဲ့ နိုင်ငံရေးအင်အားစုတွေကို ဆိုလိုပါတယ်။ ဒီအင်အားစု ကြီးထဲမှာ EAOs တစ်ချို့ တိုင်းရင်းသား နိုင်ငံရေးပါတီ တချို့၊ ဘာသာရေးခေါင်းဆောင်တချို့နဲ့ တိုင်းရင်းသား ပုဂ္ဂလိက တဦးချင်း တစ်ချို့ပါဝင်နေကြတယ်။ လက်တွေ့အရလဲ စစ်ရေးတိုက်ပွဲတွေမှာ တက်တက် ကြွကြွပါဝင်နေကြတယ်။ စစ်ရေးနိုင်ငံရေးတွေကို သင်ကြားပေးနေကြတယ်။ သူတို့ဆီလာရောက်ခိုလှုံ သူတွေကို ကာကွယ်စောင့်ရှောက်နေ ကြတယ်။ PDF-LDF တွေကို လေ့ကျင့်သင်ကြားတာ လက်နက်ခဲယမ်း ထောက်ပံ့တာတွေ လုပ်နေတယ်။ သူတို့ဟာ ပေါများ ကြွယ်ဝလွန်းလို့ ဒီလိုကူညီနေတာမဟုတ်ဘူး။ သူတို့ စားမယ့် သုံးမယ်ထဲကနေ ခွဲဝေပေးနေတာ ဖြစ်တယ်။ ကိုယ့်လူမျိုးကွက်ကွက်ကလေးအရေး၊ ကိုယ့်ဒေသ ကွက်ကွက်ကလေးအရေးလုပ်ရုံနဲ့ ဘယ်တိုင်းရင်း သား မှ လွတ်မြောက်နိုင်မှာ မဟုတ်ဘူးဆိုတဲ့ ခံယူချက်နဲ့ ရိုးရိုးသားသားပူးပေါင်းပါဝင်လာကြသူတွေ ဖြစ်တယ်။

ခေါင်းမာဂိုဏ်းကတော့ စစ်အုပ်စုလက်သပ်မွေး ထားတဲ့ တိုင်းရင်းသားတွေဘဲ။ ဗိုလ်နေဝင်းလက်ထက် ဘိန်းဘုရင်ကို ကာကွယ်ရေး ခေါင်းဆောင်ခန့်လိုက်ချိန် ကစရင် စစ်အုပ်စုဒေါက်တိုင် တိုင်းရင်းသားအင်အား တွေ မနည်းတော့ဘူး၊ ပြည်နယ်ကောင်စီနေရာတွေ လွှတ်တော်ဥက္ကဌနေရာတွေ ဒုသမ္မတနေရာတွေ

ကနေ ကျေးရွာ ပြည်သူ့စစ်၊ ကျေးရွာကာကွယ်ရေးတွေ အထိရှိနေတယ်။ ဒီတိုင်းရင်းသားခေါင်းမာဂိုဏ်းဟာ စစ်အုပ်စုနဲ့ အမြီးစား ဖက်ခေါင်းစားဖက်တွေ ဖြစ်နေကြပြီ။ ဗိုလ်နေဝင်းလက်ထက်ကနေ ဒီနေ့အချိန်အထိ နယ်စွန်နယ်ဖျားတွေ တိုင်းရင်းသားဒေသတွေမှာ စစ်အာဏာရှင်တွေက တိုင်းရင်းသားအကြီးအကဲတွေ ရွာသူကြီးတွေ လက်နက်ကိုင် ကုန်ကူးသူတွေကို Proxy အငှားကိုယ်စလှယ်အဖြစ် ခန့်ထားပြီး အုပ်ချုပ်လာခဲ့ကြတယ်။ အဲဒီ Proxy အငှားကိုယ်စားလှယ်တွေဟာ ကျောက်စိမ်းတွင်း ပတ္တမြားတွင်း၊ သစ်ထုတ်ရေး၊ သတ္တုမျိုးစုံနဲ့ မြေရှားသတ္တုတူးဖော်ရေး လုပ်ငန်းတွေကနေ ဓါတ်ဆီဆိုင် စားသောက်ဆိုင် ဟော်တယ်လုပ်ငန်းတွေအထိ တရားဝင်လုပ်ခွင့်လိုင်စင်ရနေကြ သလို ကိုယ်ဒေသတွင်းနာမည်အမျိုးမျိုးနဲ့ အခွန်အတုတ်ဆက်ကြေးတွေ ကောက်ခံတာ လက်နက်ကိုင် မူးယစ်ဆေး ကုန်ကူးတာ မှောင်ခိုကုန်ကူးတာ လူကုန်ကူးတာ တပ်သားသစ်ချောဆွဲတာတွေအထိ ကျေးလက် အာဏာကို တဆင့်ခံချုပ်ကိုင်ခွင့်ရနေကြတယ်။ သူတို့ရဲ့ ကံကြမ္မာကလဲ စစ်အုပ်စု ကံကြမ္မာနဲ့ ထပ်တူဘဲဆိုတာ သိ နေကြတယ်။ ဒါကြောင့် နွေဦးတော်လှန်ရေးကို ဖြိုခွဲချင်ကြတယ်။ PDF-LDF တွေကို ပျက်ရယ်ပြုချင်ကြတယ်။

အလယ်အလတ်ဂိုဏ်းတွေကတော့ အတော်လေးရှုပ်ထွေးတယ်။ ၂၀၁၀ နောက်ပိုင်း NCA တစ်နိုင်ငံလုံး အပစ်ရပ်စာချုပ်ဖြစ်မြောက်ရေးတွေ ၂၁ ရာစု ပင်လုံညီလာခံတွေ၊ ရွေးကောက်ပွဲတွေ စည်ကားလာတော့ တိုင်းရင်းသားတွေထဲမှာ Identity Politics တွေ ခေတ်စားပြီး နိုင်ငံရေးပါတီတွေ တသီကြီးထောင်လာကြတယ်။ လူမျိုးစုငယ်ငယ်လေးကလဲ သူ့ဒေသအလိုက်နိုင်ငံရေးအခွင့်အာဏာကို စဥ်းစားလာကြပြီး တိုင်းရင်းသားတွေ အကြား စည်းလုံးမှုပိုမိုပျက်ပြားလာတယ်။ ၂၀၁၀ ရွေးကောက်ပွဲမှာ ဝင်ပြိုင်ဖို့ မှတ်ပုံတင်တဲ့ပါတီ ၉၇ ပါတီရှိတဲ့ အထဲမှာ တိုင်းရင်းသားပါတီ ၄၇ ပါတီရှိနေတယ်။ ၂၀၁၅ ရွေးကောက်ပွဲရောက်တော့ မှတ်ပုံတင်ထားတဲ့ တိုင်းရင်း သားပါတီက ၅၄ ပါတီတောင်ဖြစ်နေတယ်။ ဒါပေမယ့် ရွေးကောက်ပွဲနိုင်ငံရေးက သူတို့ တိုင်းရင်းသားတွေရဲ့ အခွင့် အရေးရဖို့အတွက် ထင်သာထင်မဝင်ဖြစ်ကြောင်း သိလာကြတယ်။ ကျားခေါင်းပါတီကို ထောင်တန်းချပြီး ဖိနှိပ်ထားတဲ့အောက်မှာ ကျင်းပတဲ့ရွေးကောက်ပွဲဟာ စစ်အုပ်စုနဲ့နီးစပ်တဲ့ ကျားဖြူပါတီအတွက် အခွင့်အခါ ကောင်းဖြစ်ခဲ့တယ်။ ဒါပေမယ့် ရှမ်းပြည်နယ်လွှတ်တော်ထဲမှာ


ပြည်သူ့လွတ်မြောက်ရေးတပ်မတော် - PLA ရဲ့ဘော်များ ■ ဓာတ်ပုံ - PLA

တော့ ရှမ်းပြည်နယ်အကျိုးထပ်စစ်တပ်အကျိုးကို ပို လုပ်ပေးနေတာ အားလုံးအသိဖြစ်ပါတယ်။ ဒီအကွဲဟာ ရှမ်းမြောက်မှာ အချင်းချင်းတိုက်ကြတဲ့အဆင့်အထိ တက်လှမ်းသွားတယ်။ ရှမ်းတိုင်းရင်းသားအင်အားတွေ ကွဲတာဘဲ အဖတ်တင်တာမျိုးပါ။

အဲသလို ရွေးကောက်ပွဲနိုင်ငံရေးကို အားကိုးလို့ မရဘူးလို့ ယူဆနေကြချိန်မှာ NCA အပစ်ရပ်စာချုပ် ဆွေး နွေးပွဲတွေ ၂၁ ရာစု ပင်လုံညီလာခံတွေ ပေါ်လာ တော့ လက်နက်ကိုင်ထားသူမှ နိုင်ငံရေးအရာရောက် တယ်လို့ တိုင်း ရင်းသားတစ်ချို့မြင်လာကြပြန်တယ်။ ဒီလိုနဲ့ ဒေသခံတိုင်းရင်းသားခေါင်းဆောင်လေးတွေ ဟာ ကိုယ်ပိုင်တပ် ကိုယ်ပိုင်လက်နက်ကိုင်အဖွဲ့တွေ မျက်စိကျလာတယ်။ ဒီလမ်းကြောင်းကြောင့် ရခိုင် တပ်တော်၊ ရှမ်းနီတပ်တော်နဲ့ ကောင်းခါးပြည်သူ့စစ်စေ တွလို အင်အားကြီး စစ်တပ်တွေ ပေါ်လာကြတယ်။ တိုင်းမှူးတွေ တပ်ရင်းမှူးတွေတန်ခိုးနဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့လေးတွေ မိုးဦးကျမှိုလို ပေါ်ထွက် လာကြတယ်။ ဒီကြားထဲမှာ NCA စာချုပ်လက်မှတ် မထိုးသေးတဲ့ အုပ်စုတွေရှိနေသလို NCA လက်မှတ်ထိုး သူတွေရှိလာတယ်။ ပင်လုံတက်သူတွေ၊ မတက်သူ တွေ ပေါ်လာတယ်။ ၂၀၀၈ ခြေဥအတိုင်း BGF နယ်ခြား စောင့်တပ်လုပ်ပြီး ကားပါမစ်တွေ ကုန်သွယ်ခွင့်တွေ ဖားကန့်လိုင်စင်တွေရယူတဲ့ အဖွဲ့တွေ ပေါ်လာတယ်။ တချို့ကလည်း BGF ကနေ စီးပွားရေးလုပ်ကွင်းပိုရတဲ့ ပြည်သူ့စစ်ဆိုတဲ့ ဆိုင်းဘုတ်အောက်ပြောင်းကြတယ်။ အဲသလို အဖွဲ့တွေမှာ စစ်အုပ်စုက တိုင်းရင်းသား အချင်းချင်း ပြန်တိုက်ခိုင်းရင်လည်း တိုက်ဖို့ဝန်မလေး သူတွေပါသလို မျက်မှောက်နွေဦးတော်လှန်ရေးကို စာနာထောက်ခံပြီး စစ်အုပ်စုကို ပြန်ဆန့်ကျင်တာတွေ လည်း ပေါ်လာတယ်။ အလယ်အလတ် အင်အားစု တွေထဲမှာ လက်ရှိ စစ်အာဏာသိမ်းမှုကို ဆန့်ကျင် ရေးနဲ့ နွေဦးတော်လှန်ရေး အင်အားတွေကို ထောက်ခံ ရေးတွေ တခုမှမလုပ်ဘဲ ခြိစည်းရိုးပေါ်မှာ ခွထိုင်နေ တဲ့ တိုင်းရင်းသားအင်အားစုတွေလည်း ရှိသေးတယ်။ သူတို့ဟာ ကျားနှစ်ကောင်ကိုက်တာ တောင်ပေါ်က ထိုင်ကြည့်နေကြတယ်။ ဒီလိုဖြစ်တာကလည်း သူတို့ ရဲ့ နှစ်ပေါင်းများစွာ ခါးသီးတဲ့ အတွေ့အကြုံတွေအရ စစ်အုပ်စုရဲ့ စစ်အာဏာကို လွယ်လွယ်နဲ့ ဖြိုချလို့မရ ဘူးဆိုတဲ့ အမြင်အရ ပြည်တွင်းမြေပြန့်လှုပ်ရှားမှုတွေ နဲ့ ကင်းကွာနေမှုအရ ပြည်တွင်းနိုင်ငံရေးအင်အားစု တွေကို ယုံကြည်မှုနည်းပါးနေမှုအရ စတဲ့စတဲ့ ဆင်ခြင် စရာမျိုးစုံ ရှိနေကြတာ ဖြစ်နိုင်ပါတယ်။ တော်လှန်ရေး အင်အားစုတွေအနေနဲ့ အဲသလို အလယ်အလတ်ကြား အင်အားစုတွေရဲ့ အခန်းကို လျှော့မတွက်ဘဲ သူတို့ ကို နားလည်လက်ခံလာအောင် စိတ်ရှည်ရှည်စည်းရုံး နားချ သိမ်းသွင်းတာ လုပ်ရမှာ ဖြစ်ပါတယ်။

တဖက်မှာတော့ မော်စီတုန်းသင်ကြားခဲ့တဲ့ တပ်ပေါင်းစုထူထောင်ရာမှာ တပ်ပေါင်းစုကို ဆုံးခမ်း တိုင် တိုက်လာအောင်လုပ်ရာမှာ မရှိမဖြစ် အချက်ကြီး ၃ ချက်ကို ကိုင်စွဲကြဖို့လိုပါတယ်။ အဲဒီအချက်ကြီးတွေ ကတော့ (၁) မိမိတို့ တိုးတက်တဲ့ အင်အားကို ကြီးထွား အောင် လုပ်ရမယ်။ ဒါမှ အလယ်အလတ် အင်အားစု တွေ တခြားအင်အားစုတွေက မိမိတို့ကို လူရာသွင်း ပြီး မိမိတို့ပေးတဲ့ အကြံကို လက်ခံမယ်။ (၂) ကျန် အင်အားစုတွေရဲ့ တရားမျှတတဲ့ အကျိုးစီးပွားတွေကို လေးစားကြောင်း ပြသရမယ်။ (၃) ခေါင်းမာဂိုဏ်းကို ပြတ်ပြတ်သားသား ဆန့်ကျင်ပြီး ဘုံရန်သူကို အနိုင်ရ အောင် တိုက်ခိုက်ပြရမယ်။ အောင်ပွဲတွေ တပွဲပြီးတပွဲ ရအောင် လုပ်ပြရမယ်ဆိုတဲ့ အချက် ၃ ချက်ပဲ ဖြစ်ပါ တယ်။

တပ်ပေါင်းစုဆိုတာ ညှိနှိုင်းမှုတွေလုပ်ရတာ မှန်ပေမဲ့ မိုးမဆိုးမြေမဆိုး လိုက်လျောအလျှော့ပေး ဖို့ မဟုတ်ဘူး။ အတွေးအခေါ်အရ မတူကွဲပြားမှုတွေ တိမ်းစောင်းမှုတွေကို ပြတ်ပြတ်သားသား ဖော်ထုတ် ရပ်ခံတာတွေ ဝေဖန်တာတွေ အဆက်မပြတ်လုပ်မှ တပ်ပေါင်းစု ရှင်သန်နေမှာ ဖြစ်ပါတယ်။ ဒီမူနှစ်ရပ် အကြားမှာ တဖက်စွန်းမရောက်အောင် ရပ်တည်နိုင် ရင် တိုးတက်တဲ့ အင်အားစုကြီးထွားလာမှာ ဖြစ်သလို အလယ်အလတ်အင်အားတွေဖြစ်တတ်တဲ့ တွေဝေ ယိမ်းယိုင်မှုတွေလည်း လျော့နည်းပြီး ဘုံလုပ်ငန်းစဉ်ကို ဆုံးခန်းတိုင် အောင်မြင်အောင် အကောင်အထည်ဖော် နိုင်မှာ ဖြစ်ပါတယ်။ ■



# ဆန္ဒပြ ဗကသကျောင်းသားတွေ ကားနဲ့တိုက်ဖမ်းခံရ၊ တရက်တည်းအဖမ်းခံရသူ ၈ ဦးရှိ

■ ဇွန် ၁၊ ၂၀၂၂

ပြီးခဲ့တဲ့ မေလ ၃၀ ရက်နေ့က ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်မှာ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ) နဲ့ မဟာမိတ်အဖွဲ့တွေရဲ့ ပြောက်ကျားဆန္ဒပြပွဲအပြီး ကားနဲ့တိုက်ဖမ်းခံရလို့ ကျောင်းသား ၅ ဦး ဖမ်းဆီးခံခဲ့ရပြီး အဲဒီနေ့ ညမှာပဲ နောက်ထပ်ကျောင်းသား ၃ ဦး ထပ်မံဖမ်းဆီးခံခဲ့ရတယ်လို့ ဗကသများအဖွဲ့ချုပ်က ပြောပါတယ်။

အဲဒီနေ့က ပြောက်ကျားသပိတ်ကို အောင်အောင်မြင်မြင် ပြုလုပ်နိုင်ခဲ့ပေမယ့် ပွဲအပြီး လူစုခွဲချိန် ၁၄၊ ၁၅ လမ်းဆုံအနီးမှာ ပတ်ကင်းနဲ့တိုးပြီး ဖမ်းဆီးခံခဲ့ရတာဖြစ်တယ်လို့ အဲဒီနေ့သပိတ်မှာ ပါဝင်သူ ရွှေပြည်သာမြို့နယ်ကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်) ဥက္ကဋ္ဌ ကိုမင်းခန့်ဇော်က အိုးဝေကိုပြောပါတယ်။

"လူစုခွဲတော့ ကျွန်တော်တို့က အနောက်ဖက်ကို ပြန်ပြေးတယ်။ ပါသွားတဲ့လူတွေက လမ်းဆုံရဲ့ တဖက်ကိုပြေးပြီး တက္ကစီငှားတယ်။ တက္ကစီငှားနေတုန်းမှာပဲ ပတ်ကင်းနဲ့တိုးပြီး အဖမ်းခံရတာပါ။"

အဲဒီပတ်ကင်းမှာ Double Cap အမျိုးအစား စစ်ကား ၂ စီးနဲ့ အိမ်စီးကား ၁ စီးပါဝင်ပြီး ဆန္ဒပြသူတွေကို အိမ်စီးကားနဲ့ တိုက်ဖမ်းခဲ့တာ ဖြစ်ပါတယ်။ ကားနဲ့တိုက်ဖမ်းတာကြောင့် ဒဏ်ရာရသူတွေရှိတဲ့အပြင် သေနတ်နဲ့ထောက်ပြီး ဖမ်းဆီးခံရသူတွေလည်း ရှိပါတယ်။

"တက္ကစီငှားဖို့အတွက် ကားစောင့်နေတဲ့အချိန်မှာ ပတ်ကင်းကရောက်လာပြီးတော့ ကားနဲ့တိုက်တဲ့အတွက် ဒဏ်ရာရသွားတဲ့ လူတွေရှိတယ်။ တချို့က ကားပေါ်ရောက်နေပြီပေါ့နော်။ ကားပေါ်မရောက်သေးတဲ့လူတွေက အဲ့လိုကားနဲ့ အတိုက်ခံရတဲ့ ပုံစံဗျ။ နောက်ပြီးတော့ တချို့ရောက်နေတဲ့ လူတွေကိုလည်း သေနတ်နဲ့ချိန်ပြီး ဖမ်းသွားတယ်" လို့ ကိုမင်းခန့်ဇော်က ဆိုပါတယ်။

ဆန္ဒပြစဉ်မှာ အသုံးပြုပြီး ကျကျန်နေခဲ့တဲ့ စာတန်း (ဘန်နာ) ကို သွားပြန်ယူသူ အချို့လည်း ဖမ်းဆီးခံခဲ့ရပြီး အဲဒီနေ့က သပိတ်အပြီးမှာ စုစုပေါင်း ကျောင်းသား ၅ ဦး ဖမ်းဆီးခံခဲ့ရပါတယ်။

အဲဒီနေ့ ညပိုင်းမှာလည်း သပိတ်အပြီး ဖမ်းဆီး

ခံရတဲ့ကျောင်းသားတွေရဲ့ သူငယ်ချင်း ၃ ဦး သူတို့ရဲ့ နေအိမ်မှာ ထပ်မံဖမ်းဆီးခံခဲ့ရပါတယ်။

“ပွဲပြီးတဲ့နောက် အဖမ်းခံရတဲ့ရဲဘော်ရဲ့ သူငယ်ချင်း ၃ယောက် ၃၀ ရက်နေ့ညမှာပဲ သူတို့အိမ်တွေမှာ အဖမ်းခံရတယ်ဗျ။ အဲ့ထဲကတစ်ယောက်ဆိုရင် သူ့အမေရှေ့မှာပဲ ရိုက်နှက်ပြီးခေါ်သွားတယ်လို့သိရတယ်ဗျ” လို့ ကိုမင်းခန့်ဇော်က ပြောပါတယ်။

ကားနဲ့တိုက်ပြီး အဖမ်းခံရသူတွေထဲမှာ ထွက်ပြေးလွတ်မြောက်လာသူအချို့ရှိပြီး ထိခိုက်ဒဏ်ရာရသူတဦးရှိတယ်လို့ ရန်ကုန်ခရိုင်ကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်) ဥက္ကဋ္ဌ ကိုမြတ်မင်းခန့်က ဆိုပါတယ်။

“ထိခိုက်ဒဏ်ရာရသူတွေရှိပါတယ်။ ရဲဘော်တဦးဆိုရင် ခေါင်း၊ နောက်ကျော၊ ခြေထောက်၊ လက်။ တကိုယ်လုံးနီးပါးပါပဲ။ ပွန်းပဲ့ဒဏ်ရာတွေနဲ့လွတ်လာခဲ့တယ်။”

ဖမ်းဆီးခံခဲ့ရတဲ့ ကျောင်းသားတွေဟာ အသက် ၁၈ နှစ် မပြည့်သေးသူ ၁၅ ၁၆ အရွယ်တွေဖြစ်ပြီး အခုအချိန်အထိ မိသားစုနဲ့ ဆက်သွယ်ခွင့်မရသေးပါဘူး။ ဖမ်းဆီးသွားပြီးနောက်ပိုင်း တောင်ဥက္ကလာ ရဲစခန်းမှာ ထိန်းသိမ်းခံထားရတယ်လို့ ကိုမြတ်မင်းခန့်က ပြောပါတယ်။

“စိတ်ထဲမှာတော့ တော်တော်ခံပြင်းပါတယ်။ သူတို့လည်း စနစ်ဆိုးအောက်မှာ ပုန်ကန်နေတဲ့လူတွေပေါ့နော်။ အဲဒီအရွယ်တွေက အမှန်တကယ်ဆို မိဘရဲ့ အရိပ်အောက်၊ မိဘရဲ့ စောင့်ရှောက်မှုအောက်မှာ နေရမယ့် အရွယ်တွေ။ ဒါပေမဲ့ သူတို့လည်း ခေတ်ကပေးတဲ့ တာဝန်ကို အရွယ်နဲ့မလိုက်အောင်ကျေပွန်စွာထမ်းဆောင်ရင်းစစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တော်လှန်နေကြတဲ့သူတွေပါ” လို့ ရွှေပြည်သာမြို့နယ်ကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်) ဥက္ကဋ္ဌ ကိုမင်းခန့်ဇော်က မှတ်ချက်ပြုပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့ကလည်း ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီး လမ်းမှာ ဆန္ဒပြသူတွေကို စစ်ကားတစီးနဲ့ ဝင်တိုက်ပြီး ဖမ်းဆီး ဖြိုခွင်းခဲ့တဲ့ ဖြစ်စဉ်ရှိခဲ့ပါတယ်။

၂၀၂၂ဧပြီလ ၂၀ ရက်နေ့မှာလည်းရန်ကုန်တိုင်း၊ တောင်ဥက္ကလာပ မြို့နယ်ထဲက စုပေါင်းသပိတ် တစ်ခုကို ရဲကားတစီးနဲ့ ဝင်တိုက်ဖြိုခွင်းခဲ့ပြီး အဲဒီဖြစ်စဉ်မှာတော့ ထိခိုက်ဒဏ်ရာရသူ မရှိခဲ့ပါဘူး။ ■

## ဆက်သွယ်ရန်

အိုးဝေစာစောင်နဲ့ပတ်သက်ပြီး အကြံပြုလိုသည်များ၊ ဝေဖန်လိုသည်များရှိပါက အယ်ဒီတာအဖွဲ့ထံ စာလွှာများ ပေးပို့နိုင်ပါတယ်။ စာမူများ၊ ဓာတ်ပုံများနှင့် အနုပညာလက်ရာများကိုလည်း ပေးပို့ရန် ဖိတ်ခေါ်ပါတယ်။ အိုးဝေ အယ်ဒီတာအဖွဲ့နဲ့ ဆက်သွယ်လိုပါက oway@uysu.org ကို မေးလ်ပို့ပြီး ဆက်သွယ်နိုင်ပါတယ်။

■ Facebook: https://www.facebook.com/Oway1936/

■ Email: Oway@uysu.org




ဗကသများအဖွဲ့ချုပ်နှင့် ရတကသတို့မှ ထုတ်ဝေသည့်
အိုးဝေစာစောင်ကို ဒေါင်းလုတ်ရယူနိုင်ပါသည်။

ဒေါင်းလုတ်ရယူရန် ဤ QR Code ကို ဖုန်းကင်မရာနှင့် Scan ဖတ်ပါ။